www.burmeseclassic.com

# အပျိုစင်
# ချစ်သမီး သို့



မောင်ကောင်းမြင့်

www.burmeseclassic.com

www.burmeseclassic.com

# ချစ်သမီးသို့ လက်ဆောင်မွန်

ကျွန်တော်၏သမီးကြီး မခင်စန္ဒာမြင့်၏ မင်္ဂလာဧည့်ခံပွဲကို ၂၀၀၄ ခု၊ မေလ ၃ ရက်နေ့တွင် ပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။ အသက် ၂၇ နှစ် အရွယ်တွင်းဖြစ်၍ ပညာရေး၊ အလုပ်အကိုင်ရေး ပြည့်စုံပြီ ဖြစ်သောအရွယ် ဖြစ်သည့်အတွက် ကျွန်တော်ဝမ်းသာပါသည်။

သို့သော် ကျွန်တော် သူ့အတွက် စိတ်မကောင်းဖြစ်သော အချက် တစ်ခုရှိပါသည်။ အိမ်ထောင်ပြုခြင်းကဲ့သို့ အမျိုးသမီးကိစ္စ ရေးရာ၌ ဖခင်တစ်ဦးအနေဖြင့် တိုင်ပင်ရန်နှင့် ခွင့်ပြုချက်ပေးရန် သာလိုပြီး အသေးစိတ်ကိစ္စတွင် မိခင်က စီစဉ်ပေးရမည် ဖြစ်သည်။ သူ့မိခင်သည် လွန်ခဲ့သော လေးနှစ်ကျော်က ကွယ်လွန်ခဲ့ပြီး ဖြစ်သည်။ ကျွန်တော်၏ ဇနီးသည်မှာ ၁၄-၃-၂၀၀၀က ကွယ်လွန် ခဲ့ခြင်း ဖြစ်သည်။ ဤလေးနှစ်ကျော် ကာလအတွင်း သမီးငယ်သည်



www.burmeseclassic.com

www.burmeseclassic.com



မိမိတို့ ဘာသာ ထိန်းကျောင်း နေထိုင်ခဲ့ရလေသည်။ မိခင်တစ်ယောက်၏ စောင့်ရှောက်မှုနှင့် အကူအညီကို မရရှာခဲ့ကြပေ။ ထို့ကြောင့် ယခုကဲ့သို့ မင်္ဂလာကိစ္စတွင် အထူးလိုအပ်လာသော မိခင်၏ စောင့်ရှောက်မှု၊ ကူညီမှုကို ကျွန်တော်မပေးနိုင်သောကြောင့် စိတ်မကောင်း ဖြစ်ရသည်။

ကျွန်တော်တို့ ငယ်ငယ်က ကျွန်တော့်မိဘများအား ဆွေမျိုးများထဲက ငယ်ရွယ်သူတို့ လာရောက်ကန်တော့သောအခါ အဖေနှင့်အမေက 'သည်လင်သည်မယား အိုအောင်ပေါင်းရပါစေ၊ သည်မိသည်ဖ သည်သား သည်သမီးတွေနှင့် အသက်ထက်ဆုံး ပျော်ပျော်ရွှင်ရွှင် နေနိုင်ကြပါစေ' ဟု ဆုပေးသည်ကို ကြားခဲ့ရပါသည်။ ငယ်သူမို့ ဤဆုပေး၏ အနက်အဓိပ္ပာယ် နက်ရှိုင်းမှုကို မသိပါ။ မခံစားမိပါ။ ကျွန်တော်၏မိခင်သည် ၈၀ အရွယ်တွင် ကွယ်လွန်ပါသည်။ ဖခင်ကြီးသည် ၈၄ နှစ်အရွယ်တွင် ဆုံးပါသည်။ ထို့ကြောင့် သူတို့ဇနီးမောင်နှံသည် အသက် ၈၀ ကျော်မှ ကွယ်လွန်ခဲ့ကြသောကြောင့် အိုအောင်မင်းအောင် ပေါင်းရပါသည်ဟု ဆိုနိုင်ပါသည်။

ကျွန်တော်၏ ဇနီးသည်မှာ ၅၄ နှစ်ပြည့်ပြီး ၅၅ နှစ်ထဲ၌ဆုံးသောကြောင့် သက်တမ်းပြည့် နေထိုင်ခဲ့ရသည်ဟု မဆိုနိုင်ပါ။ ထို့ကြောင့် ကျွန်တော်တို့ဇနီးမောင်နှံသည် 'အိုအောင်မင်းအောင် ပေါင်းရသည်' ဟု ပြောနိုင်လိမ့်မည် မဟုတ်ပါ။ ကျွန်တော့်မိခင်၊ ဖခင်တို့၏ ကုသိုလ်ကို မမီပါ။ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ အနာရောဂါကင်းရှင်းခြင်း၊ စည်းစိမ်ချမ်းသာနှင့်ပြည့်စုံခြင်း၊ ပညာ





ပြည့်စုံခြင်း စသောကောင်းကျိုးအထွေထွေသည် အတိတ်ကုသိုလ်ကံနှင့် ဆိုင်သည်ဟု ဆိုရပါမည်။ ကောင်းမှုကုသိုလ်များ၊ ကောင်းကျိုးပါရမီများကြောင့် ပြည့်စုံလာရသော ရလာဒ်ဖြစ်သည်။ မိစုံဖစုံ နေထိုင်ရခြင်းနှင့် လင်နှင့်မယား သက်ဆုံးတိုင် အိုအောင်မင်းအောင် ပေါင်းရခြင်းသည် ပြည့်စုံနေသောကာလတွင် မသိသာ မထင်ရှားသော်လည်း ချွတ်ယွင်းသွားသောအခါ ထူးခြားထင်ရှားစွာ ခံစားနိုင်သည်။ ရုပ်ပိုင်းဆိုင်ရာသာမက စိတ်ပိုင်းဆိုင်ရာပါ ထိခိုက်စေနိုင်သောကြောင့် မပြည့်စုံခြင်းကို ကောင်းစွာခံယူတတ်ဖို့လိုပေသည်။ မိစုံဖစုံ မနေရသောကြောင့် ကလေးများ ပညာရေး တစ်ပိုင်းတစ်စဖြစ်ရခြင်းမှာ ထင်ရှားသော အမှတ်အသားဖြစ်၏။ လင်နှင့်မယား သက်ဆုံးတိုင် နေထိုင်ခွင့်မရခြင်းကြောင့် အချို့သော အထီးကျန်သူတို့သည် ကျန်သော ဘဝသက်တမ်းတွင် ကျန်းမာရေး ချွတ်ယွင်းရခြင်းသည် သိသာသော အချက်ဖြစ်၏။

'သူငယ်ချင်းတို့ ဇနီးမောင်နှံ' ဟူသော မင်္ဂလာလက်ဆောင်သီချင်းတွင် အိုအောင်မင်းအောင် ပေါင်းကြဖို့ ဆုတောင်းကြသည့်သူငယ်ချင်းတို့၏မေတ္တာကို ဖော်ပြသည်မှာ ကြည်နူးဖွယ် ကောင်းလှသည်။ တနင်္ဂနွေနေ့ခြားတိုင်း ကြားရသဖြင့် မုဒိတာပွားမိပါသည်။ ကျွန်တော်သည် ကျွန်တော်၏ သမီးကြီးအား ဆုပေးရာတွင် ကျွန်တော့် မိခင်နှင့်ဖခင်တို့ ပေးခဲ့သော မေတ္တာအတိုင်း 'သည်လင်သည်မယား အိုအောင်မင်းအောင် ပေါင်းရပါစေသော်ဝ်' ဟူသောဆုကို အဦးဆုံး ပေးလိုလှပါသည်။ ဤဆုနှင့်သာ ပြည့်စုံစေချင်လှပါသည်။ 'အိုအောင်မင်းအောင် ပေါင်းဖက်ခွင့်' ကို ရစေချင်လှပါ

www.burmeseclassic.com



သည်။ ဤအချက်တွင် သေမင်းခွဲမှ ကွဲကြရသည့် လင်နှင့်မယားတို့ အတွက်မူ အထက်တွင် ဆိုခဲ့ပြီးဖြစ်သော ကောင်းမှုကုသိုလ်များ နှင့်သာ ဆိုင်သည်ဟုဆိုလျှင် သေမင်းမခွဲဘဲနှင့် ရှင်ကွဲကွဲကြရသော လင်မယားတို့သည် သူတို့၏ စိတ်သဘောနှင့်သာ ဆိုင်သည်ဟု ဆိုရပေလိမ့်မည်။

အရွယ်မတိုင်မီ အိမ်ထောင်ကွဲကြရသော အဖြစ်အပျက်သည် သက်ဆိုင်သူတို့ ဇနီးမောင်နှံနှစ်ဦးနှင့်သာ ပတ်သက်သည်ဆိုပါက (သားသမီး မရှိသေး၍ဖြစ်လျှင်) အကြောင်းမဟုတ်ပေ။ အရွယ် မရောက်သေးသော သားသမီးများရှိနေပြီဆိုပါလျှင် သူတို့နှစ်ဦးကိစ္စ သည် မွေးဖွားလာသော နုနယ်လှသည့် ကလေးများအပေါ်တွင် ရိုက်ခတ်သွားပြီဖြစ်၏။ ထိုဒဏ်ကို မသက်ဆိုင်သူများကပါ ခံကြ ရသည်ဖြစ်၍ များစွာ ဝမ်းနည်းဖွယ် ကောင်းလှပေသည်။

ကျွန်တော်၏ သမီးတို့သည် ငယ်ရွယ်သူများဖြစ်သောကြောင့် ကျွန်တော်၏ ဘဝအတွေ့အကြုံမှ ထုတ်၍ လက်ဆောင်မွန် ပေးလို ပါသည်။ အိမ်ထောင်ရေး တည်ဆောက်ရာတွင် အဓိက 'နားလည်မှု နှင့် သည်းခံမှု' ဖြစ်သည်ဟူသောအချက်ကို သဘောပေါက်ပါ့မည် လား။ ထိုနှစ်ခုဖြင့် ဆောက်တည်မှသာ အိမ်ထောင် ခိုင်မြဲပေလိမ့် မည်။ ထိုအချက်ကို ကျွန်တော်၏ဘဝ အတွေ့အကြုံများနှင့် စာတွေ့ များက သင်ခန်းစာ ပေးလျက်ရှိသည်။

'နားလည်မှု' သည် လင်နှင့်မယား တစ်ဦးနှင့်တစ်ဦး ဆက်ဆံ ရာတွင် အလိုအပ်ဆုံးဖြစ်သည်။ နားလည်မှုရဖို့မှာ အတူနေဖူးမှ ဖြစ်နိုင်သည်။ တစ်ဦးအကြောင်း တစ်ဦးသိဖို့မှာ အတူနေထိုင်ခွင့်





ကြာရှည်မှ ဖြစ်နိုင်သည်။ တစ်ဦးအကြိုက်နှင့် တစ်ဦးအကြိုက် မတူနိုင်။ အကြိုက်မတူခြင်းသည် စရိုက်မတူခြင်းကို ဖြစ်စေသည်။ စရိုက်မတူသူနှစ်ဦးသည် တစ်မိုးအောက်တည်းတွင် နေရသောအခါ 'သည်းခံမှု' အရေးကြီးသည်။ သည်းခံမှုမရှိလျှင် နီးတကျက်ကျက် ဖြစ်နေပေမည်။ တကျက်ကျက်ဖြစ်ခြင်းသည် ကောင်းသော လက္ခဏာ မဟုတ်ပေ။ အိုဇအောင်မင်းအောင် ပေါင်းသင်းလိုသော ဇနီးမောင်နှံတို့အဖို့ ရန်နည်းခြင်းသာ ထာဝရ အကြောင်းဆက် ပေါင်းဖက်ရာ၌ အလိုအပ်ဆုံးသော အချက်ဖြစ်သည်။ နားလည်မှု နှင့် သည်းခံမှုရှိလျှင် ရန်နည်းမည်။ ရန်နည်းခြင်းသည် မေတ္တာစိတ် ကို တိုးတက်စေခြင်းပင် ဖြစ်သည်။ အချစ်တိုးပွားစေခြင်းပင် ဖြစ် သည်။ အချစ်တိုးပွားခြင်းသည် အမုန်းလျော့ပါးစေခြင်းပင်ဖြစ်သည်။ တစ်ဖက်မြင့်လာလျှင် တစ်ဖက်ကို နိမ့်ကျသွားသည်။ ချိန်ခွင်လျှာ သဘောပင် ဖြစ်သည်။

ထို့ကြောင့် အိုအောင်မင်းအောင် ပေါင်းသင်းကြရန်မှာ နားလည်မှုနှင့် သည်းခံမှုသည် အရေးအကြီးဆုံးဖြစ်သည်ဟု ထပ်ဆို ပါရစေ။

ကျွန်တော်၏ သမီးကြီးအား အိမ်ထောင်ပြုခွင့် ပေးခြင်းနှင့် အတူ အိမ်ထောင်မြဲစေရန်နည်းကိုလည်း လက်ဆောင်ပေးလိုက်ပါ သည်။

ထိုလက်ဆောင်သည် သမီးနှင့်အရွယ်တူသော၊ သမီးနည်းတူ အိမ်ထောင်သစ် ထူထောင်လိုကြသော ကြင်စဦး မောင်မယ်တို့ အတွက် တန်ဖိုးရှိသော လက်ဆောင်ဖြစ်နိုင်ပါလိမ့်မည်ဟု ယုံကြည်



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ ထိုလက်ဆောင်ကို အသုံးပြုရန်မှာ သူတို့၏ သဘော အတိုင်းသာ ဖြစ်ပါသည်။ ပညာနှင့်အလုပ်အကိုင် ပြည့်စုံပြီးဖြစ်သော သူတို့သည် လောကအတွင်းသို့ တစ်အိုးတစ်အိမ် ထူထောင်၍ ဝင်ရောက်နေကြပြီဖြစ်ရာ အောင်မြင်သော အိမ်ထောင်သည်များ အဖြစ် သူတို့ကိုယ်တိုင် ကြိုးစားအားထုတ်ကြရမည်သာဖြစ်သည်။ အိမ်ထောင်တိုင်းသည်

နားလည်မှု ရနိုင်ကြပါစေ။

သည်းခံမှု ရှိနိုင်ကြပါစေ။

တချိုင် 2004; Aug



# သုံးလင်ကွာ

ကျွန်တော်၏ 'ချစ်သမီးသို့ လက်ဆောင်မွန်' တွင် သမီးအား လက်ဆောင်မွန်အဖြစ် စကားနှစ်ခွန်းပေးခဲ့ပါသည်။ နားလည်မှုနှင့် သည်းခံမှု။

ရည်ရွယ်ချက်မှာ သာယာသော အိမ်ထောင်ဖြစ်ဖို့။ အိမ်ထောင်တစ်ခု တည်ဆောက်ရာတွင် အကောင်းဆုံးကို မျှော်လင့် တည်ဆောက်ကြစမြဲ ဖြစ်၏။ ထို့ကြောင့် အကောင်းကို ရဖို့မှာ နှစ်ဖက်စလုံးက အကောင်းကို လုပ်ကြမှ ဖြစ်မည်။ အက္ခရာသင်္ချာနှင့် တူသည်ဟု ဆိုနိုင်၏။ (+ နှင့် + ကို ပေါင်းက +) ရသည်။ (+ နှင့် - ကို ပေါင်းက - ) ရသည်။ (- နှင့် - ကို ပေါင်းက +) ရသည်။ တစ်ဦးကကောင်း၍ တစ်ဦးက ဘက်မညီသော အနုတ်လက္ခဏာ ပြလျှင် အဖြေမှာ အနုတ်သာ ထွက်နေတတ်၏။ တစ်ဦးကလည်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်း၊ တစ်ဦးကလည်း ပြန်လည်တူညီသောလက္ခဏာ အကောင်းပြလျှင် အဖြေက တိုးတက်သောအပေါင်း (ဥပမာ က + က = ၂က) ဖြစ်လာတော့၏။ 'အိုးရွဲ့ကို စလောင်းရွဲ့' သော သဘော (ဥပမာ - က + - က = -၂က) ဖြစ်သောအခါ အနုတ်လက္ခဏာသာ ကြီးထွားလာပေလိမ့်မည်။

ထိုသဘောဆို ဆင်ခြင်၍ အနုတ်လက္ခဏာ ထွက်မလာအောင် လုပ်ကြရမည်ကို နှစ်ဦးသား နားလည်ကြရန် လိုပေသည်။ အဖြေမှာ အိမ်ထောင်သာယာခြင်း (+) နှင့် အိမ်ထောင်ပြိုကွဲခြင်း (-) တို့ဖြစ်၏။ မည်သည့် အိမ်ထောင်မျှ ပြိုကွဲလိုမည် မဟုတ်။ ဤကား သေချာသောဆန္ဒဖြစ်၏။ ဤဆန္ဒကို လုပ်ရပ်က အကောင်အထည် ဖော်သောအခါ ...။ တကယ်တွင် အိမ်ထောင်မပြုမီ အနေနီး၍ တစ်ဦးအကြောင်းတစ်ဦး နားလည်ကြခြင်းသည် အဓိကဖြစ်၏။

အိမ်ထောင်မပြုမီ တစ်ဦးနှင့်တစ်ဦး စိတ်ဖြင့် နေကြည့်ခြင်းသည် ပြုလုပ်ထိုက်သော 'စိတ်ကူးထဲက အိမ်ထောင်' ဖြစ်၏။

စိတ်သဘောထားချင်း ကြိုတင်ညှိနှိုင်းခြင်းမှာ အဓိကဖြစ်၏။

သဘောထားခြင်း မတိုက်ဆိုင်သောအခါ အထက်က ပြောခဲ့သော အချက်နှစ်ရပ်မှတစ်ပါး လက်ထပ်ပြီးသော အိမ်ထောင်ကို ကုစားနိုင်သော ဆေးမရှိပေ။ လက်ထပ်ပြီးနောက် အိမ်ထောင်ကွဲခြင်းသည် မြန်မာ့လူ့နေမှုတွင် ရာခိုင်နှုန်း အလွန်နည်းပါးလှ၏။ လက်ထပ်ခြင်း၊ အိမ်ထောင်ကွဲခြင်းနှင့် ပတ်သက်၍ ကျွန်တော် ငယ်စဉ်ကတည်းက ဖခင်ကြီးပြောခဲ့သော ပုံပြင်တစ်ပုဒ်ကို ပြန်လည်





ပြောပြချင်သည်။ ပုံပြောကောင်းသော ဖခင်ကြီး၏ ပုံပြင်များထဲက တစ်ပုဒ် ဖြစ်သည်။

'ဟိုးရှေးတုန်းက တိုင်းပြည်တစ်ပြည်ကို အုပ်ချုပ်နေတဲ့ မင်းဟို့ မင်းလွင်တစ်ပါးဟာ တောင်ညာစ်ဒေဝီ တင်မြှောက်ဖို့ လိုအပ်လာတော့ မှူးမတ်ကြီးများကို သုံးလင်ကွာ ကညာစစ် သတို့သမီးကို ရှာဖွေရမည်လို့ အမိန့်ပေးပါတယ်။ မှူးမတ်ကြီးများဟာလည်း သုံးလင်လည်း ကွာရမယ်၊ ကညာလည်း စစ်ရမယ် ဆိုတဲ့ မင်းမိန့်အာဏာကို ဘယ်လိုမှ မဖြေရှင်းနိုင်ကြပါဘူး။ တစ်တိုင်းပြည်လုံးကို မောင်းကြေးနင်းလည်ခတ်ဖို့ မင်းချင်းတို့ကိုစေပါတော့တယ်။

နေပြည်တော် အရပ်ရပ်မှာ သုံးလင်ကွာ ကညာစစ် သတို့သမီး ရှိပါက နန်းတွင်းသို့ ဝင်ရောက် ခစားနိုင်ကြသည်။ စစ်မှန်ကြောင်း တွေ့ရှိရပါက တောင်ညာစ် မိဖုရားအဖြစ် မြှောက်မည် ဖြစ်ပြီး လိမ်လည်သည် ဖြစ်ပါက အဆုံးစီရင်ခြင်း ခံရမည်လို့ မောင်းစေပါတယ်။

သည်အခါမှာ ဇနပုဒ်ကလေးတစ်ခုက ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံပြီး ဉာဏ်ပညာထက်မြက်တဲ့ ကညာပျိုစင် တစ်ယောက်ဟာ မင်းချင်းတို့ကို သူဟာ သည်အချက်သုံးချက်နှင့်ပြည့်စုံတဲ့ အပျိုစင်ဖြစ်ကြောင်း၊ ဒါကြောင့် သဲဖြူခင်း ရာဇမတ်ကာပြီး မိဖုရားကြီးတို့ရဲ့ အစီအနင်းအဆောင်အယောင်နှင့် နန်းတွင်းသို့ ဆောင်ယူပါချေလို့ တည်ကြည်စွာ ဆိုပါတယ်။ 'မင်းချင်းတို့လည်း သူဆိုတဲ့အတိုင်း စီစဉ်ပြီး နန်းတွင်းသို့ပို့ဆောင်ပေးရပါတယ်၊ မင်းရှေ့မှောက် ရောက်



www.burmeseclassic.com

www.burmeseclassic.com



တဲ့အခါ မင်းကြီးက သူ့ရဲ့ ရုပနိကာယ်ကို မြင်ပြီးတာနှင့် ဉာဏ်ပညာနှင့် ပြည့်စုံသူ ဖြစ်လိမ့်မည်လို့ စဉ်းစားမိပါတယ်။

ဒါကြောင့် မင်းညီလာခံ ခေါ်ယူပြီး အားလုံးသော မှူးမတ်နှင့်တကွ နန်းပရိသတ် ရှေ့မှောက်မှာ ဘာကြောင့် သည်အချက်နှင့် ပြည့်စုံကြောင်း၊ ရှင်းလင်း တင်လျှောက်စေလို့ အမိန့်တော် မှတ်ပါတယ်။

သည်သတို့သမီးလောင်း အပျိုစင်ဟာ တည်ငြိမ်စွာ လျှောက်ထားပါတယ်။

'အရှင်ဘုရား၊ ရိုသေစွာ လျှောက်ထားပါသည်'

'ဘုရား ကျွန်မသည် ငယ်ရွယ်စဉ်အခါ လွန်မြောက်ခါ အရွယ်ဝင်လာ၍ ကညာစင်ဖြစ်ပြီးနောက် ပထမဆုံးသော အိမ်ထောင်ကို စိတ်ကူးဖြင့် ပြုကြည့်မိပါသည်။ ကျွန်တော်မ၏ ယောက်ျားသည် အလုပ်အကိုင်ကို အတည်တကျလည်း မလုပ်၊ အိမ်မှုကိစ္စကိုလည်း ကူညီဆောင်ရွက်ပေးခြင်းမရှိ၊ အားကိုးလောက်သော ယောက်ျားတစ်ယောက် မဖြစ်ရုံမျှမက ရပ်ထဲရွာထဲတွင် တစ်နေကုန် ဟိုစပ်စပ်သည်စပ်စပ် အချိန်ဖြုန်းလျက်သာ ရှိပါတော့သည်။ ကြုံရာကျဖမ်းနေကုန်နေခန်း နေတတ်၍ ဘုရားကျွန်မသည် သည်းမခံနိုင်တော့ဘဲ ကွာရှင်းခဲ့ပါသည်။ ထိုယောက်ျားမျိုးမှာ ယောက်ယား အမျိုးအစား ဖြစ်ပါသည် ဘုရား။

'မကြာမြင့်မီ ကျွန်တော်မသည် ဒုတိယအကြိမ် စိတ်ကူးဖြင့် အိမ်ထောင် ထပ်မံပြုကြည့်မိပါသည်။ ထို လင်ယောက်ျားသည် ဘုရားကျွန်မနှင့် အိမ်ထောင်ပြုပြီးသော်လည်း လူပျိုလူလွတ်သဖွယ်





အပေါင်းအဖော်များနှင့် ဟိုသွားသည်လာ လမ်းသလားလျက် သောက်စားဖက်ကာ အပျော်ကျူးလျက်သာ ရှိနေပါသည်။ တစ်ခါတစ်ရံ ကျွန်တော်မနှင့် အိမ်ရာကိုပစ်ပြီး ရက်အတန်ကြာသည်အထိ တစ်ရပ်တစ်ကျေးသို့ လည်ပတ်တတ်ပါသည်။ ထို ယောက်ျားမျိုးသည် ကျွန်တော်မအတွက် အဖော်ပြုလောက်သောသူ မဟုတ်သဖြင့် ကွာရှင်းခဲ့ရပြန်ပါသည်။ ထိုယောက်ျားမျိုးမှာ ယောက်သွားအမျိုးအစား ဖြစ်ပါသည်ဘုရား။

'ကျွန်တော်မသည် တစ်ဦးတစ်ယောက်တည်းနေရန် မသင့်လျော်၍ အိမ်ထောင်ပြုခြင်းကို တတိယအကြိမ် စိတ်ကူးမိပြန်ပါသည်။ ထိုအခါတွင်မူ အေးဆေး ရိုးသားသူကို ရှာဖွေမိပါသည်၊ ထိုယောက်ျားသည် အေးဆေးစွာ အိမ်မြဲသူ ဖြစ်ပါသည်။ သို့သော် အလုပ်အကိုင် ပျင်းရိသူဖြစ်ရုံမက ဘုရားကျွန်မအတွက် ဝန်ထုပ်ဖြစ်လာရပြန်ပါသည်။ အိမ်၌ တစ်နေကုန်နေ၍ အိပ်ခြင်း၊ စားခြင်းနှင့် ကာမဂုဏ် မှီဝဲခြင်းသာ ပြုတတ်ပါသည်။ ထိုယောက်ျားမှာ တပည့်တော်မအတွက် နောက်ဆုံးဖြစ်ပြီး ကွာရှင်းရပါသည်။ ထိုယောက်ျားမျိုးမှာ ယောက်နွား အမျိုးအစား ဖြစ်ပါသည်။

'တင်လျှောက်ပါသည် ဘုရား ...'

'ကျွန်တော်မျိုးမသည် ယောက်ယား၊ ယောက်သွား၊ ယောက်နွား လင်သုံးလင်ဖြင့် ပေါင်းကြည့် စိတ်ကူးမိခဲ့ပါသော်လည်း ယနေ့အထိ ကညာစင် အပျိုစင်စစ်ဖြစ်ကြောင်း တင်ပါသည်။ ကျွန်တော်မသည် ယောကျ်ားပီသသော၊ တည်ကြည်ဖြောင့်မတ် ပေါင်းအပ်သော မင်းဧကရာဇ်တို့နှင့်သာထိုက်သော မိဖုရားလောင်း သတို့သမီးစစ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါကြောင်း လျှောက်တင်ပါသည်ဘုရား ... လို့ အေးဆေးရှိသေစွာ ရှင်းလင်းလျှောက်ထားတဲ့ သတို့သမီးကို မင်းကြီးဟာ ရှုပ်ရှုပါ ကောင်းမြတ်သလို ဉာဏ်ပညာ ဆင်ခြင်တုံ မြင့်မားတဲ့အတွက် မိဖုရားကြီးအဖြစ် တင်မြှောက်ခဲ့ပါတယ်။

ဤကား ကျွန်တော့်ဖခင် ပြောခဲ့သော အပျိုစင်ပုံပြင် ဖြစ်ပါသည်။

ဤပုံပြင်ကို ကျွန်တော်သည် အဘိုး၏အမွေအဖြစ် သမီးအား လက်ဆောင်ပေးခဲ့ပါသည်။ ယခု သမီးနှင့် အရွယ်တူ အပျိုစင်များ၊ အိမ်ရာထူထောင်ပြီးစ ဘဝကို စတင် လျှောက်လှမ်းနေသူများအတွက် ပြန်လည်၍ လက်ဆောင်ပေးပါသည်။

အမျိုးသမီးငယ်တိုင်း အိမ်ထောင်မပြုမီ 'ယောက်ျား' ကို ရှာဖွေနိုင်ရန် အရေးကြီးသဖြင့် ယောက်ျားမဟုတ်သော 'ယောက်ယား'၊ 'ယောက်သွား'၊ 'ယောက်နွား' များနှင့် အိမ်ရာထောင်မိခြင်းမှ ကင်းနိုင်ဖို့ ကိုယ်တိုင် စဉ်းစား ရွေးချယ်နိုင်ကြပါရန် လက်ဆောင်ပင် ဖြစ်ပါသည်။

တမျိုဝင် 2005: Feb



# ဘဝစိတ်ကူး ဘဝအိပ်မက်ထဲက အိမ်ထောင်

ကျွန်တော်၏ ယောမင်းကြီးစာပေမှ 'အချစ်၊ ထိမ်းမြား လက်ထပ်ခြင်းနှင့် ကွာရှင်းပြတ်စဲခြင်း' ဟူသော မောင်သိန်းဆိုင် ရေးသားသည့် အိမ်ထောင်ရေး ကျမ်းငယ်ကလေး တစ်အုပ်ကို ၁၉၉၁ ခုနှစ်က ထုတ်ဝေခဲ့ပါသည်။ ထိုစာအုပ်ကလေးမှာ မှိုငြမ်းသော၊ စုဆောင်းသော၊ တိုက်ရိုက်ပြန်ဆိုသောနည်းတို့ဖြင့် ရေးသားသော စာအုပ်ကလေးဖြစ်၏။ ထိုစာအုပ်ထဲတွင်ပါသော စာစုအချို့ကို စာရေးဆရာကြီး (ဆရာတက်တိုး၊ ဆရာလှသမိန် စသောပုဂ္ဂိုလ်များ အပါအဝင်)နှင့် ကလောင်လတ်များက တိုက်ရိုက်ပြန်ခဲ့သည်ကို ဖတ်ခဲ့ရဖူးပါသည်။ မောင်သိန်းဆိုင်ကမူ နည်းမျိုးစုံဖြင့် ဖတ်ကောင်းအောင်

၄



www.burmeseclassic.com

www.burmeseclassic.com



ရေးခဲ့ခြင်းဖြစ်၍ ကျွန်တော်သည် ဆယ်ကျော်သက်တို့အတွက် ရည်စူးထုတ်ဝေခဲ့ခြင်း ဖြစ်ပါသည်။

ထိုစာအုပ် ထုတ်ဝေစဉ်က ယခု လက်ထပ်သွားသော ကျွန်တော့်သမီးအကြီးမှာ ၁၃ နှစ်အရွယ်သာရှိသေး၍ ထိုစာအုပ်သည် အတော်ကလေး အလှမ်းကွာနေသေး၏။ သို့သော် ထိုသမီး တက္ကသိုလ်ရောက်လာ၍ စာဖတ်လာသောအခါ ထိုစာအုပ်ကို ဖတ်ကြည့်ဖြစ်အောင် တိုက်တွန်းခဲ့ပါသည်။ သို့သော် စာတွေ့သည် ငါတွေ့မဟုတ်သောကြောင့် စာထဲက အချက်အလက်အချို့ကို သဘောမပေါက်ခဲ့ချေ။

'လက်ထပ်ရေးတွင် ဇီဝဗေဒပွဲ့စည်းမှုအရ လိင်စိတ်ပါဝင်သော်လည်း စစ်မှန်သော အိမ်ထောင်ရေးတစ်ခုတွင် ယင်းစိတ်သည် အဓိကအကျဆုံးနေရာမှ မပါဝင်ချေ'။

အိမ်ထောင်ပြုခြင်း၌တွင် ယောကျ်ားနှင့်မိန်းမတို့၏ ချစ်ခြင်းသည် ပါဝင်နေသော်လည်း အဓိကအရေးမကြီး ဟူသောအချက်မှာ အိမ်ထောင်ပြုပြီးမှသာ သိနိုင်သော အချက်ဖြစ်သည်။ ငယ်ရွယ်သူတို့၏ဆန္ဒသည် emotion ဟုပဲခေါ်ခေါ်၊ feeling ဟုပဲခေါ်ခေါ် ထိုအချက်သည် ပါဝင်နေ၏။ (ဘာသာပြန်သူအချို့က feeling ကို ဝေဒနာပါသော ခံစားချက်ဟု ဆို၍ emotion ကို စေ့ဆော်မှုပါသော စိတ်လှုပ်ရှားမှုဟု ပြန်ဆိုကြ၏။) ထို့ကြောင့် ထိုအချက်တို့ကို အခြေခံကာ အချစ်ဝေဒနာဟု သုံးစွဲကြသည်လား မပြောတတ်ပါ။ အချစ်စိတ်သည် ပြင်းပြသော စိတ်လှုပ်ရှားမှု strong emotion ကို အခြေပြုသည်ဟု ဆိုကြခြင်းလား မပြောတတ်ပါ။





သို့သော် အိမ်ထောင်သည်ဘဝ ရောက်ပြီးသောအခါ ထိုပြင်းပြသော စိတ်လှုပ်ရှားမှုတို့သည် လျော့ကျသွား၍ ဘဝစိတ်ကူးသည် မြင့်တက်လာလေသည်။ ဘဝစိတ်ကူး ဟူသောအချက်တွင် 'မတောင့်မတနှင့် တင့်တယ်လှသော လူနေမှု' နှင့် 'ငြိမ်းချမ်းသာယာသော လူနေမှု' တို့ပင်ဖြစ်သည်။ အတိုချုံးသော စကားနှစ်လုံးဖြင့် ဖော်ပြရသော် Happiness & Peace ဟုဆိုလျှင် လုံလောက်ပေမည်။

ထိုဘဝ စိတ်ကူးသည် ချစ်သူဘဝ၌ 'အိပ်မက်' မက်ခဲ့ခြင်းဖြစ်သည်။ အိမ်ထောင်သည်ဘဝသည် 'လက်တွေ့' ဖြစ်သည်။ စိတ်ကူးနှင့် လက်တွေ့တို့သည် မအပ်စပ်သည့်အဖြစ်မျိုး ဒုနှင့်ဒေးရှိသည်။ ချစ်သူဘဝက ဘဝစိတ်ကူးသည် အိမ်ထောင်သည်ဘဝတွင် အိပ်မက်၌ မက်နေခြင်းမှနိုးခဲ့ပြီး 'အမေ့အိမ်' လွမ်းရသူ အများပင်ရှိလေသည်။

ထို့ကြောင့် ကျွန်တော့်သမီး အပါအဝင် အိမ်ထောင်သည်ဘဝသို့ တိုးဝင်သွားကြသော လူငယ်များသည် အိမ်ထောင်သည်ဘဝတွင် နှစ်ဦးတွဲ၍ အေးအတူ ပူအမျှ ထူထောင်ကြသောအခါ 'တာဝန်များ' နှင့် 'ကန့်သတ်မှုများ' ရှိလာသည်ကို သိရှိစေချင်ကြသည်။

ထိုနှစ်မျိုးအနက်မှ 'တာ့ဝန်'ကို ပြောလိုပေသည်။ အိမ်ထောင်သည်တို့၏ တာဝန်များအနက် အစောဆုံး၊ ရှေးအကျဆုံးနှင့် ယနေ့အထိ ခေတ်အမီဆုံးမှာ ဗုဒ္ဓ၏ သိင်္ဂါလောဝါဒ သုတ္တန်လာ ကျင့်ဝတ်များဖြစ်သည်။ အရှေ့ အနောက် လောကနီတိ ဆရာတို့နှင့်



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ရေး ကျမ်းပြုပညာရှင်တို့၏ အဆိုအမိန့်များသည် ဘာသာစကားနှင့် ရေးဖွဲ့ပုံတို့အရ ခေတ်မီသော်လည်း အပြည့်စုံဆုံးမှာ ဗုဒ္ဓစကားပင်ဖြစ်သည်။ လိုတိုရှင်း ဖြစ်ရုံမျှမက အကောင်းဆုံးဖြစ်လျက်ရှိလေသည်။

'မထိမဲ့ကင်း၊ အပ်နှင်းဥစ္စာ၊ မိစ္ဆာမမှား၊ ဝတ်စားဆင်ယင်၊
မြတ်နိုးကြင် ငါးအင် လင်ကျင့်ရာ'

'အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သေချာ၊ မိစ္ဆာကြဉ်ရှောင်၊
လျော်အောင်ဖြန့်ချိ၊ ပျင်းရိမမူ၊ ဝတ်ငါးဆူ အိမ်သူကျင့်အပ်စွာ'

ဤကျင့်ဝတ် ငါးပါးတို့မှာ ဘာသာမရွေး၊ လူမျိုးမရွေး၊ အိမ်ထောင်သက်မရွေး တစ်မိုးအောက် အတူနေကြပြီဆိုလျှင် ကျင့်သုံးရမည့် မလွဲမရှောင် မဖောက်ပြန်အပ်သော ကျင့်ဝတ်တို့ပေတည်း။ လင်ကျင့်ဝတ်တွင် လည်းကောင်း၊ မယားကျင့်ဝတ်တွင် လည်းကောင်း နှစ်ခုစလုံး၌ ကျင့်ဝတ်အမှတ်စဉ် ၃ ၌ ပါနေသော အချက်မှာ 'မိစ္ဆာကြဉ်ရှောင်'၊ 'မိစ္ဆာမမှား' ဟူသော ကျင့်ဝတ်ဖြစ်သည်။ မိမိ၏ဇနီးမှလည်းကောင်း၊ မိမိ၏ခင်ပွန်းမှလည်းကောင်း အခြားတစ်ပါးသော မိန်းမ၊ ယောကျ်ားတို့နှင့် မဖောက်ပြန်ရခြင်း ဟူသော ကျင့်ဝတ်ပင်ဖြစ်သည်။ ငါးပါးသီလတွင် 'ကာမေသုမိစ္ဆာစာရ' ဟူသော သီလဖြင့်ပြသည်။ မှားယွင်းသော ကာမဂုဏ်မှုပြုခြင်းပင် ဖြစ်သည်။ [ကာမေသုမိစ္ဆာစာရဆောင်းပါးကို စာမျက်နှာ ၁၂၅ တွင် ဖတ်ရှုပါရန်]

ခေတ်မီတိုးတက်သော လူမှုအဖွဲ့အစည်းဟုဆိုသည့် အချို့သော နိုင်ငံတို့မှ ဓလေ့သည်လည်းကောင်း၊ ယခုအခါ စီးပွားရေးအရ





အမျိုးသား၊ အမျိုးသမီးများသည် လုပ်ငန်းခွင်အသီးသီးတွင် လုပ်ကိုင်လာကြရသောအခါတွင် လည်းကောင်း၊ လူမှုဆက်ဆံရေးအရ လွတ်လပ်ခွင့်ရလာသည်ဖြစ်၍လည်းကောင်း၊ ဘာသာရေး အလေးထားမှု အတန်ငယ် လျော့ရည်းလာသည် ဖြစ်၍လည်းကောင်း လူမှုရေးဖောက်ပြန်မှုကို မသိကျိုးကျွံ ပြုထားကြလေသည်။ ထို့ပြင် အမိကအားဖြင့် စီးပွားရေးအခြေခံကြောင့် အချို့သော မိန်းကလေးများသည် တစ်ပါးသူ၏ အိမ်ရာကို ကျူးလွန်ခြင်းသည် နှစ်ဦးသဘောတူလျှင် အပြစ်မရှိဟု ယူဆလာကြသဖြင့် (တရားဥပဒေအရ အပြစ်ဒဏ် မပေးနိုင်သော်လည်း ဘာသာရေး အပြစ်ကမူ နေလိမ့်မည်မဟုတ်)သာမန်ကိစ္စတစ်ခုပမာ ဖောက်ပြန်မှုများ ရှိလာပေသည်။ [ဒု-သ-န-သော ဟူသည် အမျိုးသားက အခြားသူ၏ ဇနီးမယားကို ပြစ်မှားခြင်းပြုပါကလည်းကောင်း၊ အမျိုးသမီးက အခြားသူ၏ လင်ယောကျ်ားကို ပြစ်မှားခြင်းပြုပါကလည်းကောင်း အပြစ်ထိုက်သည်။]

ထို့ကြောင့် အိမ်ထောင်ရှင်တို့အတွက် 'မိစ္ဆာကြဉ်ရှောင်၊ မိစ္ဆာမမှား' ဟူသောကျင့်စဉ်မှာ ယေဘုယျအားဖြင့် အမျိုးသမီးထက် အမျိုးသားများဘက်က ဖောက်ဖျက်ရလွယ်ကူသည်။ လူ့အဖွဲ့အရလည်း မြန်မာအမျိုးသမီးများသည် အမျိုးသားများထက် အထိန်းအကွပ် ပိုများသည်ဖြစ်ရာ အမျိုးသားများဘက်က ကျူးလွန်မှုများသော ပြစ်မှုဟု ဆိုရပေမည်။ ထို့ကြောင့်လည်း အိမ်ထောင်အတော်များများတွင် အမျိုးသမီးများသည် အမျိုးသားများ၏ ယင်းအားသာမှုကို မပြောသာဘဲ တစ်ဖက်သတ် စိတ်ဆင်းရဲမှုဒဏ်ကို ခံနေကြရသည်က များလှသည်။ မြန်မာစကားတွင်



www.burmeseclassic.com

www.burmeseclassic.com



'ယောက်ျားကောင်း မောင်းမတစ်ထောင်' ဟူသော ပဒေသရာဇ်စနစ်က အယူအဆကြောင့် ယနေ့ခေတ်တွင် 'သူကျွေးနိုင်လျှင်ပြီးတာပါပဲ' ဆိုသောစကားဖြင့် ဖြေသိမ့်နေသူ အမျိုးသမီးများ ဦးရေမှာ များလှစွာသည်။

ဤတွင် သိင်္ဂါလောဝါဒ သုတ္တန်လာ အမျိုးသား၊ အမျိုးသမီး အိမ်ထောင်ရှင် ကျင့်ဝတ်တို့နှင့်ပတ်သက်၍ နှစ်ဖက်သက်ဆိုင်သော ကျင့်စဉ်ကို ပထမဦးစွာ အတန်ငယ်ဆိုခဲ့ခြင်းဖြစ်ပါ၏။

ကျွန်တော့်သမီးသည် လက်ထပ်ပြီးသောအခါ ဖခင်ဖြစ်သူကျွန်တော့်အား ကန်တော့၍ မိမိအရိပ်အောက်မှ ထွက်ခွာသွားခဲ့ပါသည်။ တစ်ချိန်သောအခါက ဖခင်၏အရိပ်နေရာတွင် ၎င်း၏ခင်ပွန်းသည်က အရိပ်ပေးနိုင်ရန် တာဝန်အရ ဝင်ရောက်လာခဲ့ပြီဖြစ်ပါ၏။ ထို့ကြောင့် အရိပ်ပေးမည့် ခင်ပွန်းသည်အား ဤကျင့်စဉ်ငါးပါးကို အကျယ်မပြောတော့ပါ။ ခေတ်လူငယ်များဖြစ်၍ အသက်ကြီးသော လူကြီးတစ်ယောက်က ငါးမိနစ်၊ ဆယ်မိနစ်ထက် ပို၍စကားပြောပါမူ နားလျှံတတ်သောကြောင့် 'တာဝန်ကျေပြီး အေးငြိမ်းသာယာစွာ ချမ်းမြေ့စွာ နေနိုင်ကြပါစေ' ဟု တိုတိုသော စကားကိုအပိုမပါ ဆိုရပါသည်။ သို့မဟုတ်ဘဲ စကားတွေများနေပါက 'ဘာပြောချင်မှန်းမသိဘူး' ဟု ဆိုနေလျှင် ကျွန်တော့်အဖို့ အပြောမတတ်သူ ဖြစ်ရပေမည်။

ယခုမူ ကျွန်တော်ပြောလိုသော စကားများကို အတော်အတန်လက်တံရှည်ခွင့်ရမည် ထင်ပါသည်။ ကျင့်ဝတ်များကို ပြောလိုခြင်းမှာ ခေတ်ပညာတတ် လူငယ်တို့အား ဆရာလုပ်ခြင်း မဟုတ်ပါ။





အနီးဆုံး ဥပမာပြရသော် ငါးပါးသီလ ခံယူရာတွင် အားလုံးသောတရားနာ ပရိသတ်သည် မိမိဘာသာလည်း အလွတ်ရပြီးသော ငါးပါးသီလကို ဆရာတော်၊ သံဃာတော်တို့က ရှေ့မှ ဆောက်တည်ပေးသည်ကို မိမိက နောက်မှ ထပ်မံဆောက်တည်ခြင်းဖြင့် သီလသမာဓိ ပညာပြည့်စုံသော သံဃာတော်တို့၏ အမိဋ္ဌာန်နည်းတူဆောက်တည်ပါ၏ဟု ဆိုလိုခြင်းဖြစ်သည်။ ထို့အတူ သိပြီးဖြစ်အံ့သော ကျင့်စဉ်ကို မိမိက ပြောသောအခါ ရပြီးဖြစ်သော ကျင့်ဝတ်ကို လက်တွေ့ကျင့်သုံးနိုင်ရန် သတိတရား ကပ်စေခြင်းပင် ဖြစ်ပါသည်။

ခင်ပွန်းဖြစ်သူတို့ ကျင့်အပ်သော ငါးပါးတွင် တစ်ပါးပါးကိုနုတ်ပယ်၍ မရနိုင်အောင်ပင် ဗုဒ္ဓမြတ်စွာက ပြည့်စုံစွာ ဟောကြားတော်မူခဲ့သကဲ့သို့ လျှော့ပေါ့၍ ကျင့်သုံးမဖြစ်အောင် လမ်းညွှန်တော်မူခဲ့ပေသည်။ အနှစ် ၂၅၀၀ ကျော်က မြတ်စွာဘုရားသခင်၏ဩဝါဒသည် ယနေ့တိုင်ပင် မလွဲမသွေ မှန်ကန်နေခြင်းမှာ ပြီးပြည့်စုံသော ဉာဏ်တော်ဖြင့် ဟောကြားတော်မူခဲ့ခြင်းကြောင့် ဖြစ်သည့်အတွက် မိဘစကားထက် ဘုရားစကားအဖြစ် ရိုသေစွာ နာယူကျင့်သုံးသင့်သည်။ မြတ်စွာဘုရား၏စကားသည် မိမိတို့၏အကျိုးအတွက် ဖြစ်သည်ဟု လေးနက်စွာခံယူသင့်သည်။ လိုက်နာကျင့်သုံးပါက ချမ်းမြေ့သာယာသော အိမ်ထောင်ဖြစ်လာမည်မှာ မလွဲမပေ။ ထို့ကြောင့် ကျွန်တော်သည် မိမိ၏ သမီးတို့အား ငယ်စဉ်ကပင် ဘာသာရေးတရားကို အလေးထားတတ်အောင် ဆုံးမခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



ကွယ်လွန်သူ ဇနီးသည် (သူတို့၏မိခင်ကြီး) ကျေးဇူးကိုပါ နားလည်အောင် ပြောပြခဲ့ရသည်။

အဘယ်ကြောင့်ဆိုသော် 'မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင် ဝတ်ငါးအင်' ဆိုသည့်အတိုင်း မိဘတို့က မကောင်းသော ကာယကံ၊ ဝစီကံ၊ မနောကံ ဒုစရိုက်တို့ကို ရှောင်ကြဉ်နိုင်ရန် ဆုံးမရခြင်း၊ ကောင်းသောပြုမူပြောဆိုကြံစည်မှုကိုပြုအောင် လမ်းညွှန်ရခြင်း၊ ပညာပြီးပြည့်စုံအောင် သင်ကြားပေးနိုင်စေခြင်း၊ ၎င်းတို့အား အလုပ်လုပ်နိုင်အောင် စီမံပေးခဲ့ခြင်းနှင့် နောက်ဆုံးအားဖြင့် တစ်အိုးတစ်အိမ် တစ်ဘဝ မိမိချစ်ခင်သူနှင့် နေထိုင်ခြင်းတွင် ပြီးပြည့်စုံအောင် ဆောင်ရွက်ပေးနိုင်ခြင်းဟူသော ဆောင်ရွက်ဖွယ်တို့ကို ပြီးစေခဲ့သောကြောင့်ဖြစ်ပေသည်။

သမီး မိန်းကလေးကို ကောင်းအောင် ပြုပြင်ရာ၌ အဓိကကျသူမှာ မိခင်ပင် ဖြစ်သောကြောင့်ပေတည်း။

တစ်အိုးတစ်အိမ် ထူထောင်သောအခါ မိန်းကလေးဘက်က ကျင့်ဝတ် ချွတ်ယွင်းလာလျှင် တစ်ဖက်သော မိဘတို့က အပြစ်ဆိုလာရုံမျှမက 'မိဘတွေက သင်ပြရဲ့လား' ဟု ထင်လာပေမည်။ ထိုသဘောကို ဆင်ခြင်ရန်မှာ အရေးကြီးလှသည်။ မိမိကြောင့် မိဘတို့၏ ဂုဏ်ကျေးဇူးကို မထိခိုက်အောင် သားသမီးတို့က ဆင်ခြင်သင့်သည်။ 'ကျေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လျှမ္ဗူဝေ၍' ဆိုသော သားသမီးကျင့်ဝတ် ငါးပါး၏ တတိယကျင့်စဉ် 'မွေခံထိုက်စေ' ဟူသော စကားမှာ အမွေကို ခံထိုက်အောင် မိဘ





တို့၏ အဆုံးအမနှင့် အစဉ်အလာကောင်းတို့ကို လိုက်နာခြင်းဟူသော အဓိပ္ပာယ်ပင်ဖြစ်ပါသည်။ 'မိဘ၏ ဂုဏ်၊ မိဘ၏ အဆုံးအမ၊ မိဘ၏ ရိုးရာဓလေ့အစဉ် အလာကို ဆက်လက်ခံယူခြင်း အမွေကို ဆိုခြင်းဖြစ်ပါသည်။ ငွေကြေးအမွေသက်သက် မဟုတ်ကြောင်း သတိချပ်စေချင်ပါသည်။

ထိုမျှဆိုလျှင် အစတွင်ဆိုခဲ့သော Happiness & Peace ဟူသော ပျော်ရွှင်ငြိမ်းချမ်းသော ဘဝအိပ်မက်ထဲက အိမ်ထောင်အတွက် အပြီးအပြည့် မဟုတ်သော်မှ ရာနှုန်းအတော်များများ ရလာနိုင်ဖွယ်ရှိပါသည်။

ကျွန်တော်၏သမီးနှင့်တကွ အားလုံးသော ကြင်စဦး မောင်နှံတို့သည် ချမ်းမြေ့ကြပါစေဟု ဆုတောင်းရေးသားရပါသည်။

အမြိုင် 2005, Jan



www.burmeseclassic.com

www.burmeseclassic.com

# ကွာသုံးကွာ ပါသုံးပါနှင့် ချာသုံးချာ

သီတင်းကျွတ်ရက်အတွင်းက ကျွန်ုပ်တော်အား တူမနှင့် မြေးများက လာ၍ ကန်တော့ပါသည်။ တူမ၏ ယောကျ်ားသည် ဝင်ငွေကောင်းသူ မဟုတ်သောကြောင့် ကလေးများကို ကျောင်းထားရာတွင် အခက်အခဲရှိတတ်၍ ကျွန်တော်က ကလေးများ၏ ကျူရှင်ခကို ထောက်ပံ့ပေးပါသည်။ ကလေးများမှာ ခုနစ်တန်း၊ ခြောက်တန်းမျှသာ ရှိပါသည်။ မိန်းကလေးများဖြစ်၍ ယောကျ်ားလေးများထက်တော့ ပို၍ငွေကုန်ပါသည်။ ထို့ပြင် ကျောင်းမနေသော အရွယ်ကလည်း ရှိနေသေးသဖြင့် ဝင်ငွေနှင့်ထွက်ငွေ မကာမိရှိသည်က များပါသည်။

မိန်းကလေးတစ်ယောက်အဖို့ အိမ်ထောင်ပြုမှားလျှင် ပြန်ပြင်၍ မရနိုင်သော ကိစ္စဖြစ်သည်။ ထိုအကြောင်းကို အပြစ်ပြောလျှင်



www.burmeseclassic.com

www.burmeseclassic.com



အကျိုးမရှိတော့၍ အကျိုးရှိမည့်စကားကို ပြောရပါသည်။ မြေးများမှာ (ခုနစ်တန်းဆိုသည်မှာ) ငယ်ပါသေးသည်။ အရှည်ကြီးပြောနေလျှင် နားလည်မည် မထင်ပါ။ ထို့ကြောင့် "ပညာ တတ်အောင် သင်နော်၊ ဘွဲ့ရအောင်ကြိုးစား၊ စာမတတ်ရင် ဆင်းရဲတွင်းက မထွက်နိုင်ဘူး" ဟူသာ လိုရင်းတိုရှင်း ဆုံးမ၍ ဆုပေးပါသည်။ တူမနှင့်မြေးမလေးများကို အကြောင်းပြု၍ ဤစာကို ရေးပါသည်။

ကျွန်တော်၏ တူမသည် မိဘမရှိပါ။ အစ်ကိုကြီးနှစ်ယောက် ရှိပါသည်။ မောင်နှမသုံးယောက်အနက် အငယ်ဆုံးဖြစ်၍ အတော်ကလေး အလိုလိုက်ပါသည်။ သို့နေလျက်ရှိရာမှ သူ့ထက် အသက်ငယ်၍ ပညာ တစ်ပိုင်းတစ်စသာဖြစ်သော ကောင်ကလေးနှင့် ကြိုက်၍ လိုက်ပြေးပါသည်။ အစ်ကိုများက အဆက်အသွယ်ဖြတ်လိုက်၍ အတော်ပင် ဆင်းရဲပင်ပန်းကြပါသည်။ နောက်ဆုံးညီမ၏အဖြစ်ကြောင့် အစ်ကိုများက ယောက်ဖဖြစ်သူကို အလုပ်ခေါ်ပေးပါသည်။ အဆင်မချောပါ။ အတိုပြောရလျှင် အစ်ကိုများနှင့်အဆင်မပြေ၍ အနေအစား ဆင်းရဲပါသည်။ အထက်က စကားအတိုင်းပင် 'အိမ်ထောင်ပြုများလျှင် ပြန်ပြင်၍ မရနိုင်' သဖြင့် ထိုဇာတ်ကိုပင် မိုးလင်းအောင် ကရပါတော့မည်။ အိမ်ထောင်မှု ဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုးဟု ဆိုသည် မဟုတ်ပါလား။

ဤတွင် ကျွန်တော့်ဖခင်ကြီးပြောသော ပုံပြင်များထဲက အကြောင်းအရာတစ်ခုကိုပဲ တူမနှင့် မြေးများ(ယခုအခါ ကျွန်တော့်သမီးနှင့်အရွယ်တူများ) ဖတ်ဖို့ ပြောလိုပါသည်။





"ဖခင်ကြီးက 'အိမ်ထောင်ပြုဖို့ စဉ်းစားမယ်ဆိုရင် မလွဲမသွေ ရှောင်ရမယ့် အချက်က ကွာသုံးကွာ၊ ပါသုံးပါနှင့် ချာသုံးချာပဲ။ ဒီသုံးပါး သုံးမျိုးကို ယောကျ်ားလေးကပဲဖြစ်ဖြစ်၊ မိန်းကလေးကပဲဖြစ်ဖြစ် မိမိနှင့်လက်တွဲမယ့်သူမှာ ပါလာရင်တော့ ဝေးဝေးက ရှောင်ပေတော့။

'အဲဒီသုံးမျိုး သုံးပါး ပါနေတာကို သိပါလျက်နှင့် အသိဉာဏ်နည်းပါးလို့ပဲဖြစ်ဖြစ်၊ အသိဉာဏ် ရှိပင်ရှိငြားသော်လည်း မိမိရဲ့စိတ်အလိုလိုက်လို့ပဲဖြစ်ဖြစ်၊ မလွှဲမရှောင်သာလို့ပဲဖြစ်ဖြစ်၊ တစ္စတ်ထိုးလုပ်လိုတဲ့စိတ်ကြောင့်ပဲဖြစ်ဖြစ် ဘေးဖယ်ပြီး စဉ်းစားလို့ လက်တွဲလိုက်ပြီးရင်တော့ ဘဝမှာ အမှားနှင့် တစ်သက်လုံး ရင်ဆိုင်ရလိမ့်မယ်။ အိမ်ထောင်သည်ဘဝ ရောက်ပြီးမှ အမှားကို ပြင်ပါရစေလို့ဆိုရင် နောက်ကျသွားပြီ။ အိမ်ထောင်သည်ဘဝဟာ တစ်ခါရေးပြီးတိုင်း တစ်ခါဖျက်ပြီး အသစ်ပြန်ပြင်ရေးနိုင်တဲ့ ကျောက်သင်ပုန်းမဟုတ်ဘူးဆိုတာ သတိချပ်သင့်တယ်။

'ကွာသုံးကွာဆိုတာ

၁။ တိုင်းပြည်နှင့်လူမျိုးကွာလျှင်

၂။ အယူဘာသာ ကွာလျှင်

၃။ စိတ်ဓာတ်ချင်း ကွာလျှင် တို့ပဲဖြစ်တယ်။

အပေါ် ၁ နှင့် ၂ က တိုင်းခြား ပြည်ခြား လူမျိုးခြားနှင့် ဘာသာခြားပဲဖြစ်တယ်။ တခြား တိုင်းတစ်ပါးသား၊ မိမိတိုင်းရင်းသားမဟုတ်တဲ့ လူမျိုးခြားနှင့် မိမိနှင့်ဘာသာကိုးကွယ်ရာ မတူတဲ့ ဘာသာခြားကို ယူမိရင်တော့ မိမိဟာ ကိုယ့်တိုင်းပြည်ကို စွန့်ရလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်လူမျိုးရဲ့ ဓလေ့ဘာသာ ယဉ်ကျေးမှုကိုစွန့်ရလိမ့်မယ်။ အဆုံးစွန်ကတော့ နိဗ္ဗာန်အဆုံးရှိသည့် ဗုဒ္ဓဘာသာမှ အခြားတစ်ပါးသော ဘာသာတစ်ခုခုကို ကူးပြောင်းရလိမ့်မယ်။ (မိမိက မပြောင်းရစေနှင့်ဦး၊ မိမိကမွေးတဲ့ သားသမီးကစပြီး အစဉ်တစိုက် ဘာသာခြားပြောင်းသွားရလျှင်) မိမိအဖို့ တစ်ဘဝလုံးသာမက တစ်သံသရာလုံးရှုံးတာပါပဲ။ ဒါကြောင့် ဘာအကြောင်းပြချက်နှင့်မျှ တိုင်းပြည်နှင့်လူမျိုးကွာလျှင်၊ ဘာသာကွာလျှင် လက်ထပ်ဖို့၊ ဘဝအဖော်အဖြစ်လက်တွဲဖို့ မစဉ်းစားပါနှင့်။

လူမျိုးတူ ဘာသာတူပင် ဖြစ်စေဦးတော့ စိတ်ဓာတ်ချင်းကွာလျှင်လည်း တစ်မိုးအောက်မှာ နှစ်ယောက်အတူနေဖို့ မစဉ်းစားပါနှင့်။ တစ်ယောက်က ရုပ်ရှင်၊ ဂီတ စတဲ့ အပျော်အပါးကြိုက်တယ်။ တစ်ယောက်က ဝါသနာမပါဘူးဆိုလျှင် အကြိုက်မညီ၊ စရိုက်မညီတာကြောင့် သမီးရည်းစားဘဝမှာ ဟန်ဆောင် အလိုလိုက်နေပေမယ့် အိမ်ထောင်သည်ဖြစ်လာပြီဆိုလျှင် အပြစ်မြင်လာမှာ သေချာတယ်။ အလားတူပဲ အခြားကိစ္စများစွာမှာ အကြိုက်မတူ စရိုက်မတူတာတွေရှိလျှင် စောစောကတည်းက စဉ်းစားသင့်ပါတယ်။ အရက်ကြိုက်တဲ့ ယောကျ်ားလေးတစ်ယောက်က ရည်းစားရှေ့မှာ မသောက်ပေမယ့် ကွယ်ရာမှာ သောက်မှာပါပဲ။ ငါ့ကိုချစ်လို့ အရက်တောင် မသောက်တော့ဘူးလို့ထင်ရင် မှားပါလိမ့်မယ်။ ငါ ပြောတာနားထောင်တယ်၊ ငါနှင့်ရပြီးရင် ပြင်ပြီးယူမယ်ဆိုပြီး ကိုယ့်ကိုယ်ကိုယ်ဖန်တီးပေးနိုင်တဲ့၊ အနိုင်ရနေတဲ့ ဖန်တီးရှင်အဖြစ် ထင်မိရင်တော့ အိမ်ထောင်မကျမီသာ ဟန်ဆောင်ထားတဲ့ မင်းသားခေါင်းဟာ





ပြုတ်ကျပြီး လက်ထပ်ပြီး မကြာမီမှာ ဘီလူးခေါင်းအဖြစ် တွေ့ရတော့မှာပါပဲ။ မိမိကိုယ်မိမိ အထင်ကြီးပြီး စိတ်ဓာတ်ချင်း၊ စရိုက်ချင်းမတူတဲ့သူနှင့် လက်တွဲဖို့မစဉ်းစားတာ အကောင်းဆုံးပါပဲ။

ပါသုံးပါဆိုတာ -

၁။ အနာရောဂါ ပါလာလျှင်

၂။ အကြွေး ပါလာလျှင်

၃။ အပိုစားမည့်(လူပိုတွေ)ပါလာလျှင် တို့ပဲဖြစ်တယ်။

အနာရောဂါ ပါလာလျှင်ဆိုတာ ရှင်းပါတယ်။ နှလုံးရောဂါအစရှိတဲ့ ရောဂါသည်တွေကို သနားပြီး လက်ထပ်တာမျိုး၊ ယခုခေတ်တွင် AIDS ကဲ့သို့ ရောဂါမျိုးနှင့် အခြားရောဂါကြီးမျိုးရှိနေသူတို့ကို ငွတ်မှိတ်လက်ထပ်တာမျိုးပါ။ ခေတ္တခဏ နာဖျားမကျန်း မဟုတ်သော နာတာရှည်ရောဂါမျိုးရှိသူတို့ အကျုံးဝင်ပါတယ်။

အကြွေးပါလာလျှင်ဆိုတာ လက်မထပ်မီကတည်းက အကြွေးတင်နေလျှင် သည်အိမ်ထောင်သည်ဟာ အညွန့်လူဖို့ အတော်ခဲယဉ်းသွားပါပြီ။ အကြွေးသဘာဝက ရိုးရိုးဆပ်ရသော အကြွေးနှင့် အတိုးပါဆပ်ရသော အကြွေးရှိတာမို့ အတိုးတက်မည့် အကြွေးမျိုးဆိုလျှင် အိမ်ထောင်သည်ဘဝမှာ အဆင်ပြေဖို့ ကျေဖို့ ခက်ပါပြီ။ ဤနေရာတွင် အကြွေးနှင့်ဝယ်ယူဝတ်ဆင်တတ်တဲ့ အမျိုးသမီးတို့၏ စရိုက်ဟာ အိမ်ထောင်သည်တို့အတွက် ဝန်ထုပ်ဝန်ပိုးတစ်ခု ဖြစ်ပါတယ်။ ဒီလိုမိန်းကလေးမျိုးကို ရှောင်သင့်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



'အပိုစားမည့်(လူပို)ပါလာလျှင် အထူးသတိပြုသင့်ပါတယ်။ လူပိုပါလို့ ကျွေးမွေးနိုင်သည် ဖြစ်စေဦး၊ စကားပိုလာသည့်အတွက် ရှင်းရတဲ့ ပြဿနာက အဆိုးဆုံးပါပဲ။ လင်မယားနှစ်ယောက်ကိစ္စမှာ အတူနေလာမည့် ညီ၊ ညီမ၊ အမေ၊ အဖေကအစ အားလုံးဟာ စားသောက်ရုံသက်သက်နှင့် ပြီးမသွားဘဲ စကားပိုတွေ သယ်လာ၊ ပြောဆိုလာကြတာကြောင့် လင်မယားကြား စိတ်ဝမ်းကွဲပြီး ချစ်ခင်မှုကို ပျက်ပြားစေပါတယ်။ အိမ်ထောင်ပြုပြီးလျှင် အကောင်းဆုံးက နှစ်ယောက်တည်းနေထိုင်ဖို့ ဖြစ်နိုင်အောင်အားထုတ်ဖို့ပါပဲ။ နှစ်ဖက်မိဘများရှိလို့ တစ်ဖက်ဖက်မှာနေတာဟာ ကောင်းကျိုးထက် ဆိုးကျိုးကို ဖြစ်စေမှာ သေချာပါတယ်။ ယောက်မ၊ ယောက်ဖ၊ ခယ်မ၊ ယောက္ခမ စတာတွေဟာ တစ်ယောက်ကိုတစ်ယောက် အကောင်းမြင်ခဲပါတယ်။ ဝေးဝေးက ပေးကမ်းနေပြီး အခါကြီးရက်ကြီးနှင့် တစ်ခါတရံသာ အတူနေသင့်တဲ့ ဥပဒေအရ (လူ့စည်းကမ်းအရ) တော်ရတဲ့ ဆွေမျိုး in-law တွေပါ။ ဒါကြောင့် အပိုလူပါလာလျှင် အစောကြီးကတည်းက နားလည်မှုရယူပြီး မိမိဘဝကို မိမိတို့ နှစ်ယောက်တည်း ထူထောင်ဖို့ စဉ်းစား ပြင်ဆင်သင့်ပါတယ်။

အရေးအကြီးဆုံးဖြစ်တဲ့ ကိုယ်ရည်သွေးလို့ဆိုရမယ့် (အထူးသဖြင့် အိမ်ထောင်ကို ဦးဆောင်မှုပေးရမယ့် အမျိုးသားများအတွက် အဓိကဖြစ်တဲ့) အချက် ချာသုံးချာ ဆိုတာ -

၁။ ပညာရေးချာလျှင်

၂။ စီးပွားရေးချာလျှင်

၃။ လူမှုရေးချာလျှင် တို့ပဲဖြစ်တယ်။





အချက် ၁ ပညာရေးက အဓိကပါပဲ။ ၁ ချာလျှင် ၂ နှင့် ၃ က ကျိန်းသေ ချာမှာပဲ။ (တစ်ခါတရံ လူမှုရေးတော်ပြီး ပညာနှင့် စီးပွားချာတာရှိတတ်ပေမယ့် ခြွင်းချက်ပါပဲ။) အဓိကမှာ ပညာပါပဲ။ ပညာဆိုရာမှာ အတန်းပညာက လူတစ်ယောက်ရဲ့ ကိုယ်ရည်ကိုယ်သွေးကို မြင့်မားစေတာမို့ ပညာတတ်တစ်ယောက်ဖြစ်ဖို့ လိုပါတယ် ပညာကို အဆင့်ဆင့် မခွဲဘဲ သုံးနှုန်းတာမို့ သက်မွေးဝမ်းကျောင်းပညာ (ဥပမာ စက်ပြင်၊ ယာဉ်စက်ပြင်၊ လျှပ်စစ်ပြင်၊ နာရီပြင်မှစသော သက်မွေးပညာ တစ်မျိုးမျိုး တတ်တာမျိုး၊ ရောင်းတတ် ဝယ်တတ်တာမျိုးမှအစ)အကျုံးဝင်ပါတယ်။ အဓိကမှာ ပညာဆုံးခန်းတိုင်သောသူဖြစ်ပြီး အသိဉာဏ်ဆင်ခြင်တုံ မြင့်မားတာမျိုးဖြစ်လျှင် အကောင်းဆုံးပါပဲ။ ပညာပြည့်ဝသောသူများစွာဟာ စီးပွားရေးမှာချာတာ နည်းပါတယ်။ မချမ်းသာပေမယ့် မဆင်းရဲပါဘူး။ (ဘွဲ့ရတာချင်းတူလျှင် သက်မွေးဝမ်းကျောင်းပညာဘွဲ့ဖြစ်တဲ့ စက်မှု၊ ဆရာဝန်၊ လေကြောင်း၊ ရေကြောင်းသိပ္ပံ၊ သူနာပြု၊ စီးပွားရေး စတဲ့ ပညာတတ်များက အလုပ်ရတာ၊ ဘဝဖူလုံတာ၊ ဝင်ငွေပိုကောင်းတာ တွေ့ရမှာပါပဲ။)

ပညာရေးနှင့် စီးပွားရေးဟာ ဆက်စပ်နေပါတယ်။ တစ်ခုမြင့်လာလျှင် ကျန်တစ်ခုဟာ အချိုးတူ Parallel မြင့်လာပါတယ်။ တစ်ခုနိမ့်ကျနေလျှင် ကျန်တစ်ခုနိမ့်ကျဖို့ သေချာပါတယ်။ ပညာမတတ်ဘဲ ချမ်းသာနေတဲ့သူတွေကို တွေ့ရပေမယ့် ပညာမတတ်ခဲ့လျှင် ငွေပင်ရှိစေဦးတော့ ပွဲလယ်မတင့်ပါဘူး။ ပညာနှင့် သက်မွေးဝမ်းကျောင်းမှုမပြုဘဲ ချမ်းသာလာတဲ့သူ အများစုဟာ အနေအထိုင်၊



www.burmeseclassic.com

www.burmeseclassic.com



စရိုက်၊ ဟန်ပန်တွေမှာ ပညာတတ်သူကို မမီနိုင်ဘဲ ငွေပါတာကလွဲပြီး အသိဉာဏ်နည်းတတ်ပါတယ်၊ ဆင်ခြင်တုံတရား ခေါင်းပါးတတ်ပါတယ်။"

ဤတွင် ကျွန်တော့်ဖခင်ကြီးပြောသော ကွာသုံးကွာ၊ ပါသုံးပါ၊ ချာသုံးချာကို သူတို့ခေတ်က အပြောအဆိုများကို ယနေ့ ခေတ်လူငယ်များ နားလည်အောင် ပြောစကားဖြင့် ပြင်ဆင်ဖော်ပြခဲ့ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော့် တူမနှင့် မြေးလေးများကို အကြောင်းပြု၍ သက်တူရွယ်တူနှင့် ဘဝတူများ ဆင်ခြင်နိုင်ကြရန် အကျိုးရှိသော စကားကို ပြောရပါသည်။

အပြစ်တင်ခြင်းသည် အကျိုးမရှိပါ။ ထို့ကြောင့် အပြစ်တင်မည့်အစား ချစ်ခင်စွာဆိုအပ်သော ဤအကြောင်းများကို ဆင်ခြင်၍ အကောင်းကို ရွေးချယ်နိုင်ပါစေ။ အမှန်ကို တွေ့ပါစေဟု ဆုတောင်းပါသည်။

အပျိုစင် 2005, Feb



# အပျော်အပါး အသောက်အစား

အပျိုစင် မဂ္ဂဇင်းတွင် ဖော်ပြခဲ့သော ကျွန်တော်၏ ဆောင်းပါးကို ဖတ်ရသည့် မိတ်ဆွေအမျိုးသမီးတစ်ဦးက ကျွန်တော့်အား ပြောလေသည်။

'စာတွေကို ဖတ်ရပါတယ်။ ရေးထားတာတွေကိုလည်း လက်ခံပါတယ်၊ ကျွန်မကတော့ တစ်ခုပြောချင်တယ်၊ ရေးနိုင်ရင်လည်း ရေးပါ၊ အမျိုးသမီးတစ်ယောက် အိမ်ထောင်ပြုတယ်ဆိုတာ ငယ်စဉ်ကတော့ ချစ်တာတွေ၊ မေတ္တာတွေ၊ ခံစားတာတွေလို့ အမိက ထင်တာပေါ့၊ တကယ်တော့ အိမ်ထောင်ပြုလိုက်ပြီ ဆိုကလည်းက မပူချင်လို့ ယောက်မရှာတယ်ဆိုတာ တစ်ခါတည်း ပါပြီးသားလား၊ အိမ်ထောင်ပြုပြီးမှ ပူရပင်ရ စိတ်ညစ်ရ ဝမ်းနည်းရမယ် ဆိုရင်တော့ သစ်သားလက်ကိုင် တပ်မထားတဲ့ သံယောက်မ သက်ဆောက်ကို



www.burmeseclassic.com

www.burmeseclassic.com



ကိုင်မိတဲ့ အဖြစ်မျိုးပါပဲ။ လွှတ်ချရလည်း အခက်၊ ဆက်မွေ့ရအောင်ကလည်း ကြာလေ ပူ ပူလာ၊ အပူသံတုံး ဆုပ်မိလျက်သား ဘဝပဲ။ ဒီလို အဖြစ်မျိုးကို အမျိုးသားတွေကြောင့် အမျိုးသမီးတွေမှာ ခံစားနေရတာလည်း ရှေးပါဦးရှင့်'

သူနှင့်ကျွန်တော် ခင်မင်သည်မှာ ကြာပါပြီ။ သူသည် ခေတ်ပညာတတ် စာဖတ်များသူဖြစ်သည်။ သားသမီးများကပင် အိမ်ထောင်ပြုတာ ကြာပြီဖြစ်၍ မြေးရနေပြီ ဖြစ်သောကြောင့် အိမ်ထောင်သက်ရှည်လှပြီ။ အိမ်ထောင်အကြောင်း နောကျေနေသူ ဖြစ်ပါသည်။ ထို့ကြောင့် သူနှင့် စကားပြောရသည်မှာ မိန်းမတို့အကြောင်း သိစရာရလာပါ၏။

အိမ်ထောင်ပြုပြီးသောအခါ အမျိုးသားများသည် အမျိုးသမီး အိမ်ထောင်ဘက်အပေါ် လက်မထပ်မီကကဲ့သို့ မဟုတ်ဘဲ 'ဖျာလိပ်၊ ထိပ်ပေါ်တင်' ခဲ့တာမျိုးအစား 'ဖျာလိုခင်း'ဖို့ လုပ်လာကြသည်ဟု ဆိုပါသည်။ အားလုံးမဟုတ်သော်လည်း တွေ့ရသမျှတွင် အတော်ကလေးများသည်ဟု ဆိုသည်။ ကျွန်တော်က 'ဟုတ်မယ် မထင်ပါ၊ အိမ်ထောင်ပြုပြီးတဲ့အခါ တာဝန်တွေက အိမ်ထောင်ဦးစီးအပေါ် အမိကကျလာတာမို့ လစ်ဟင်းတာမျိုး ဖြစ်ပါလိမ့်မည်' ဟု ဆိုရပါသည်။

'မဟုတ်ဘူးရှင့် အိမ်ထောင်မကျမီက အရက်သောက်တာ၊ ဆေးလိပ်သောက်တာ၊ ကွမ်းစားတာ စတဲ့ မိန်းကလေး မကြိုက်တဲ့ အလုပ်မျိုးတွေကို ဖြတ်ထားနိုင်ပြီး လက်ထပ်လည်းပြီးရော အရက်ပြန်သောက်၊ ဆေးလိပ်ပြန်သောက်၊ ကွမ်းပြန်စား စသဖြင့်ဆိုတော့





တကျက်ကျက်ဖြစ်ပြီး နေတာမျိုးပဲ။ နောက်ပြီး အပျော်အပါး လိုက်စားတဲ့ကိစ္စမျိုးကို အိမ်ထောင်လည်းကျပြီးရော ပြန်လုပ်ကြတော့ စဉ်းစားကြည့်ပါဦးရှင် မိန်းကလေးဘက်က ဘယ်လောက်နစ်နာသလဲ။ ပြောတော့လည်း လူပျိုကတည်းက သောက်စားလာတာတဲ့။ ဘယ်မိန်းကလေးက ကိုယ့်အမျိုးသား အရက်သောက်ပြီး မူးနေတာကို ပျော်ရွှင်စွာ လက်ခံနိုင်မှာလဲရှင်'

သူနှင့်ကျွန်တော် အတော်ကြာ စကားပြောပြီးနောက် ရလာသော အတွေးများကို ရေးမိပါသည်။ ကျွန်တော် ယခု ရေးသားချက်တို့ကို အပျော်အပါးနှင့် အမော်အကြွားပဲ ခေါ်ခေါ်၊ အိုးရွဲ့နှင့် စလောင်းရွဲ့ပဲဆိုဆို အိမ်ထောင်တစ်ခုအတွက် စဉ်းစားသင့်သော အချက်များဟု ထင်ပါသည်။

အသောက်အစား အပျော်အပါးသည် အမျိုးသားများဘက်က စောင့်စည်းသင့်သော စည်းဖြစ်ပါသည်။ အလားတူ အသုံးအဖြုန်း၊ အမော်အကြွားသည် အမျိုးသမီးများဘက်က ထိန်းသိမ်းသင့်သော ဝတ္တရား ဖြစ်ပါသည်။

အမျိုးသားများဘက်က သောက်သောက်စားစားလုပ်၍ အမျိုးသမီးများဘက်က အသုံးအဖြုန်း မော်မော်ကြွားကြွားလုပ်လျှင် မသင့်မတင့် ဖြစ်ရသည်။ ဤအဖြစ်မျိုးကို အိုးရွဲ့နှင့်စလောင်းရွဲ့ဟု ဆိုနိုင်ပါ၏။ သို့သော် တစ်ဘက်သက်ဆိုရပါမူ တစ်ယောက်သူအဖို့ ကြီးစွာသော ဒုက္ခပင် ဖြစ်ပါလိမ့်မည်။ အပေးအယူမျှဖို့ဆိုသည်မှာ မိမိတာကို မိမိထိန်းကြမှသာ ဖြစ်ပါမည်။



www.burmeseclassic.com

www.burmeseclassic.com



ဤတွင် အိမ်ထောင်တစ်ခုအတွက် ဖြစ်စေ၊ တစ်ဦး တစ်ယောက်အတွက်ဖြစ်စေ စီးပွားဥစ္စာ ပျက်စေကြောင်း အကြောင်းခြောက်ပါးရှိသည်ဟု နီတိတွင် ဆိုပါသည်။

'သေစာ သောက်စား၊ လမ်းသွားခါမှဲ့
ရှုငှဲ့သဘင်၊ ပျော်ရွှင်အန်လောင်း
မကောင်းမိတ်ဖွင်း၊ ပျင်းရိခြင်းကား
ယိုယွင်းဥစ္စာ ပျက်ကြောင်းတည်း'

အရက်သေစာ သောက်စားခြင်း၊ အချိန်မတော် သွားလာခြင်း၊ ပွဲလမ်းများ(မိုးအလင်း)ကြည့်ခြင်း၊ လောင်းကစားခြင်း၊ ပျင်းရိခြင်း ဟူသော အကြောင်းငါးပါးသည် အမျိုးသားများ(ယောကျ်ားကလေးများ)ဥစ္စာပျက်ဖို့ ဖြစ်၏။ ပျော်ပွဲရွှင်ပွဲကြည့်ခြင်း၊ အပေါင်းအသင်းမကောင်းခြင်း၊ ပျင်းရိခြင်း ဟူသော အကြောင်းသုံးမျိုးကား မိန်းကလေးများအဖို့ စီးပွားရောလူပါ ပျက်ဖို့အကြောင်းပင်ဖြစ်သည်။

မကောင်းသောမိတ်ဆွေ (အကျိုးလိုဟန်ဖြင့် ယဉ်ယဉ်ကလေး ဖျက်ဆီးတတ်သော) အပေါင်းအသင်းသည် ကျား/မ နှစ်ဦးစလုံးအတွက် ပျက်စီးရာပင် ဖြစ်သည်။

အတိုအားဖြင့် အမျိုးသားတို့အတွက် ပျက်စီးရာ ပျက်စီးကြောင်းမှာ 'သောက်တုပ် သေရက်၊ ညဥ့်နက် လမ်းသွား၊ ရှုစားသဘင်၊ ပျော်ရွှင် အန်စာ လေးအင်ပါယ သဟဲတည်း' ဟုလည်း ဆို၏။

လူထုဦးလှကဲ့သို့ မိမိကိုယ်တိုင်လည်း မသောက်မစား၊ လူငယ်များကိုလည်း အလေးထားသော စာရေးဆရာမျိုးက 'အရက်သမား





အများတစ်ထောင်' ကဲ့သို့ စာအုပ်မျိုး ရေးကြသည်။ အလားတူပင် လူထုဒေါ်အမာ၊ ဒေါ်နုယဉ် ကဲ့သို့ ဆရာမကြီးများက စေတနာထားလျက် ခေတ်ဆန်လွန်းသော အမျိုးသမီးလေးများအတွက် 'ကျွန်မတို့ ငယ်ငယ်တုန်းက' ကဲ့သို့ ရှေးကအမျိုးသမီးများ၏ မိန်းမတို့ ကျက်သရေ ထိန်းသိမ်းမှုကို ရေးသည်။

လူငယ်များစွာ (ကျား၊ မ မရွေး)ကြီးပွားလိုကြသည်။ တိုးတက်လိုကြသည်။ အောင်မြင်လိုကြသည်။ ထို့ကြောင့် တက်ကျမ်းများစွာ ဖတ်ကြသည်။ ကြီးပွားလမ်းကို ရှာကြသည်။ တက်ကျမ်းများစွာ၌ တိုးတက်ကြီးပွားမှုလမ်းများစွာကို ဖော်ပြကြသည်။ (ကျွန်တော်၏ ယောမင်းကြီးစာပေမှပင် 'အကြံဉာဏ်ဖြင့် ကြီးပွားရေး'၊ 'ကြီးပွားရေး လမ်းစဉ်'၊ 'ဘာလဲဟဲ့ လောကဓံ' စသော စာအုပ်များကို ထုတ်ဝေခဲ့ပါသည်)။ သို့သော် တက်ကျမ်းများစွာသည် မိုငြမ်းခြင်းနှင့် ဘာသာပြန် ဖြစ်သည်။ အနောက်တိုင်းမှ ယဉ်ကျေးမှုများဖြစ်သော အရက်သောက်ခြင်း၊ အပျော်အပါး လိုက်စားခြင်း စသော လုပ်ရပ်များကြောင့် ပျက်စီးခြင်းကို ဖော်ပြမှုနည်းကြ၏။ ထို့ကြောင့် တက်ကျမ်းထဲ ဖော်ပြမှုနည်းသော လူငယ်များ၏ ပညာ၊ စီးပွား၊ စာရိတ္တနှင့် အိမ်ထောင်ရေးကျဆုံးရခြင်းမှာ အရက်သေစာကြောင့် ဖြစ်သည်၊ အပျော်အပါးကြောင့်ဖြစ်သည် ဟူသောအချက်ကို ဖော်ပြပေးသော စာများများ ထွက်ဖို့လိုသည် ထင်သည်။

ကျွန်တော်၏ အမျိုးသမီးမိတ်ဆွေမှာ သားရော၊ သမီးပါ ရှိသူဖြစ်သောကြောင့် သားချည်းရှိသူ၊ သမီးချည်းရှိသူတို့ထက် နှစ်ဖက်အမြင်ရှိနိုင်သည် ထင်ပါ၏။ သား သို့မဟုတ် သမီးသာ ရှိသူတို့က



www.burmeseclassic.com

www.burmeseclassic.com



ယောက္ခမဘဝ ရောက်ရှိလာလျှင် ချွေးမ သို့မဟုတ် သားမက် တစ်ဖက်သာ ရှိတတ်သဖြင့် ကျန်တစ်ဖက်အပေါ် ဆက်ဆံရာ၌ မျှတမှု နည်းပါးနိုင်ပါ၏။ ဟာသဇာတ်လမ်းတစ်ခုထဲက ဆိုသကဲ့သို့ သမီးကချည်း နိုင်စေလိုသော၊ သားကချည်း နိုင်စေလိုသော တစ်လမ်းသွား ယောက္ခမ မဖြစ်နိုင်ဟု ထင်ပါသည်။

ထို့ကြောင့် သူပြောသော အမျိုးသမီးတို့ဘက်က ခံစားနေရခြင်းသည် ယေဘုယျအမှန် လမ်းကျသော အကြောင်းဖြစ်နိုင်သည် ထင်ပါသည်။ အိမ်ထောင်ရှင် ယောကျ်ားကလေးများသည် လူပျို ကတည်းက သောက်ခဲ့စားခဲ့ ပျော်ခဲ့ပါးခဲ့ပြီး တဒင်္ဂ(လပိုင်း၊ နှစ်ပိုင်း မိန်းကလေးကို ပိုးပန်းစဉ်က ဟန်ဆောင်ဖြတ်ထားသော အပျော်အပါးများ) ဖြတ်နိုင်ခဲ့လျှင် ထာဝစဉ်ပြတ်သွားခဲ့ပါက နှစ်ဦးနှစ်ဖက် စိတ်ချမ်းသာ၍ အိမ်ထောင်ရေး ဘဝတစ်ခုလုံး ချမ်းမြေ့လာမည် ဖြစ်ပေသည်။

တပ္ပံမင် 2005; April



# စစ်ကြိုပြဟ်မှ ယောကျ်ား
# နတ်သမီးကြိုပြဟ်မှ မိန်းမ

ကျွန်တော့်မိတ်ဆွေတစ်ဦး၏သားက ‘ဦးရဲ့ ဆောင်းပါးတွေ ဖတ်ပါတယ်။ ကောင်းတော့ ကောင်းပါရဲ့’ ဟု အစချီကာ ဆိုပါ၏။ ‘ဒါပေမယ့် ယောကျ်ားကလေးတွေကို ညွှန်းတာ များနေတယ်။ ချိန်ခွင်တာ ထောက်ပြတာ တစ်ဖက်ကိုများ လေးနေသလားလို့’

ကျွန်တော်က ‘ဟုတ်ပါတယ်။ အမျိုးသားဘက်ကို အလေးပေး ဆိုမိပါသည်။ ဘာကြောင့်လဲဆိုတော့ အိမ်ထောင်တစ်ခုမှာ လွတ်လပ်စွာ လှုပ်ရှားခွင့်ရသူဟာ အမျိုးသားများဖြစ်တာမို့ ပိုပြီး အမှားပြုမှုတတ်တာကြောင့် တစ်ကြောင်း၊ တွေ့မြင်ရသော အမှား အများစုဟာ အမျိုးသားဘက်က ဖြစ်နေတာကြောင့် တစ်ကြောင်း ဖြစ်ပါတယ်’ ဟု ဆိုရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသူငယ်မှာ ကျွန်တော်၏ သမီးနှင့် ရွယ်တူဖြစ်၏။ အိမ်ထောင်ကျသည်မှာလည်း မရှေးမနှောင်း ဖြစ်သောကြောင့် အိမ်ထောင်သည် ပူပူနွေးနွေးဖြစ်ရာကား အိမ်ထောင်မှုကို စိတ်ဝင်စားသဖြင့် ဆိုခြင်းဖြစ်ပါသည်။ ကျွန်တော်သည် သမီးများ၊ သားများ အရွယ်ကို လက်ဆောင်စကားပေးရာတွင် ရေးခဲ့သမျှ၌ အိမ်ထောင်တည်တံ့ရန်အတွက် အမျိုးသားတို့၏ အပြုအမူအချို့ကို အမျိုးသမီးက ခွင့်လွှတ် နားလည်နိုင်ရန် ရည်စူးသောကြောင့် သာစေ နာစေ မရှိခဲ့ပါ။ မြန်မာစကားရှိပါသည်။ 'ဆူးနှင့်ဖက်' စကားပုံအရ ဖက်များ မပေါက်မနာရန် အဓိကထားခဲ့ပါသည်။ တစ်ဖက် လေးသလို ရှိခဲ့သော် ကျွန်တော့်စေတနာကို နှစ်ဖက်စလုံး နားလည်နိုင်ကြဖို့ ရှိပါသည်။

မြန်မာစာဆိုတို့သည် မိန်းကလေးများကို ပန်းနှင့်နှိုင်းဖွဲ့ကြပါသည်။ အနောက်တိုင်းကလည်း အမျိုးသမီးများကို အလှနတ်သမီး Venus ဖြင့် ကိုယ်စားပြုပါသည်။ ကျွန်တော့်ထံတွင်ရှိသော စာအုပ်တစ်အုပ်၏အမည်မှာ Men are from Mars, Women are from Venus (စာရေးသူမှာ John Gray, Ph.D)ဖြစ်သည်။

ထိုစာအုပ်သည် 'သင်၏အိမ်ထောင်ဘက်နှင့် သင့်တင့်စွာ ဆက်ဆံပေါင်းသင်းနေထိုင်နိုင်ရန် နည်းလမ်းများကို ဖော်ပြသော စာအုပ်' ဟု အစချီလျက် စာရေးဆရာက သူ၏ကိုယ်တွေ့နှင့် သူ၏ တွေ့ဆုံခဲ့ရသော စုံတွဲများ၊ သူပြုလုပ်ခဲ့သော စာတမ်းဖတ်ပွဲမှ အခြေအတင် ဆွေးနွေးချက်များကို စာအုပ်အဖြစ် ရေးသားတင်ပြထားခြင်း ဖြစ်သည်ဟု ဆိုထားပါသည်။





စာအုပ်၏နိဒါန်းဟွင် သူတို့ဇနီးမောင်နှံ၏ နားလည်ခွင့်လွှတ်မှုကို ဤသို့ ဖော်ပြထားခဲ့သည်။

"သူတို့၏သမီးကလေး မွေးဖွားပြီး တစ်ပတ်ခန့်ကြာသောအခါ သမီးကလေးကို ပြုစုရသောကြောင့်လည်းကောင်း၊ မိခင်မှာ မွေးဖွားခဲ့ရသော အာဝေနိကဒုက္ခကြောင့်လည်းကောင်း များစွာ ပင်ပန်းကြသည်။ ဇနီးဖြစ်သူမှာ လမ်းပင် အနိုင်နိုင် လျှောက်လှမ်းနေရ၏။ နာကျင်မှုဝေဒနာ ခံစားနေဆဲဖြစ်၏။ အနာကျက် ဆေးဝါးများ၊ အကိုက်အခဲပျောက် ဆေးဝါးများ စားနေရတုန်းဖြစ်၏။ သို့သော် ငါးရက်ခန့်သာ သူခွင့်ရသဖြင့် ဇနီးကိုထားခဲ့ပြီး အလုပ်သွားရ၏။ ထိုနေ့မှာပင် ဇနီးဖြစ်သူစားနေသောဆေးက ကုန်သွားသည်။ ဇနီးက သူတို့ထံ အလည်ရောက်နေသော သူယောက်ျား၏အစ်ကို (ခဲအို) ဖြစ်သူအား ဆေးဝယ်လာပေးရန် မှာခဲ့သည်။ ခဲအိုက ဆေးမေ့လာသည်။ သူအိမ်ပြန်ရောက်သောအခါ ဇနီးဖြစ်သူမှာ အနာကတစ်မျိုး ကလေးပြုစုရသည်တို့က တစ်ဖက်ကြောင့် စိတ်တိုနေသည်။ ထိုအခါ သူတို့ဇနီးမောင်နှံ စကားအခြေအတင် ပြောရတော့၏။

ဇနီးက 'ဆေးကလည်းကုန်၊ အနာကလည်းနာ၊ အိပ်ရာထဲမှာ လဲနေတာတောင် ကြည့်မယ့်သူမရှိ သူ့ကို ဂရုမစိုက်ဘူး' ဟု အပြစ်တင်၏။ သူက 'ကိုယ့်ကို ဘာကြောင့်မခေါ်ရတာလဲ' ဟု သူ့ကိုယ်သူကာကွယ်စကားဆိုသည်။ စကားအခြေအတင်ဆိုကြရင်း စိတ်တိုနေသော နှစ်ယောက်သားသည် ပြင်းထန်စွာ တုန့်ပြန်လာကြ၏။ နောက်ဆုံး နှစ်ယောက်စလုံး တင်းမာလာကြ၏။ သူက အိမ်က ထွက်သွားမည်ပြု၏။ တံခါးဝပင် ရောက်ပြီ။ ထိုခဏမှာပင် ဇနီးက



www.burmeseclassic.com

www.burmeseclassic.com



'မသွားပါနှင့် မောင်ရယ်၊ ဒီအချိန်မှာ မ,အတွက် အနားမှာရှိနေဖို့ အလိုအပ်ဆုံးက မောင်ပါပဲ' ဟု ချော့၏။ မသွားဖို့ကို သူမ၏ ယခုအချိန်မှာ ခံစားနေရသော သောကဝေဒနာကို ရှင်းပြ၏။ မျက်ရည်စများ ဝေ့လာသည်။ ထိုခဏတွင် သူလည်း ပြန်၍သတိရလာ၏။ သူတို့၏ချစ်ခြင်း။ ဘာချွင်းချက်မှမရှိသော အချစ်။ သူကိုယ်သူပဲ ပြန်ပြီး အပြစ်တင်မိသည်။ သူနှင့် သူတို့နှစ်ယောက် ယခုအချိန်မှာ တစ်ယောက်ကိုတစ်ယောက် အလိုအပ်ဆုံးဟု သိလာ၏။ သူတို့၏ ချစ်ခြင်းကို ပြန်သတိရလာ၏။ သူတို့ပြန်လည် ပြည့်စုံပြေလည်မှုရကာ တစ်ယောက်ကိုတစ်ယောက် ပွေ့ဖက်လိုက်မိတော့သည်။

'ဤ အဖြစ်အပျက်သည် ကျွန်တော့်အား သူက ဘယ်လိုဆက်ဆံရမည်ကို ပြောခဲ့သည်' ဟု ဆိုထားလေသည်။"

ဤတွင် တင်းမာသော အနေအထားသို့ ရောက်လာလျှင် တစ်ယောက်ယောက်ကစ၍ ဆုတ်ပေးခြင်း၊ အလျှော့ပေးခြင်း သို့မဟုတ် ဖြေခြင်းသာလျှင် ပေါက်ကွဲခြင်းသို့မရောက်နိုင် ဆိုသောအချက်ပင်ဖြစ်သည်။ ပင်ပန်းနေရသောအချိန်၊ ဒုက္ခရောက်နေသောအချိန်၊ အခက်အခဲ တွေ့နေသောအချိန်၊ အားငယ်နေသောအချိန်များတွင် လူ့သဘာဝအရ စိတ်တိုခြင်း၊ သည်းမခံနိုင်ခြင်း၊ အပြစ်တင်မခံလိုခြင်း၊ မိမိချို့ယွင်းချက်ကို ကာကွယ်လိုခြင်းနှင့် မိမိသာလျှင် မှန်သည်ဟု ယူဆခြင်းတို့မှာ လူ့သဘာဝပင် ဖြစ်သည်။

ထို့ကြောင့် စာရေးသူက 'များစွာသောသူတို့သည် သူတို့နှင့် ပေါင်းဖော်နေသော မိတ်ဖော်ကို အချည်းအနှီး ဖြစ်စေသည်တွင် သူတို့သည် သူတို့၏တွဲဘက်အဖော်ကို ချစ်ပါ၏။ သို့သော် တင်းမာမှု





ဖြစ်ပေါ်လာသောအခါ ထိုအခြေအနေမှပို၍ ကောင်းမွန်လာအောင် မည်သို့ပြုလုပ်ရမည်ကို မသိကြချေ' ဟု ဖော်ပြထားခဲ့သည်။

ယောက်ျားနှင့်မိန်းမသည် ခြားနားမှုရှိကြ၏။ အားလုံးသော နယ်ပယ် အသီးသီးတွင် မတူညီကြပေ။ သူတို့သည် လုပ်ကိုင်ကြပုံ မတူညီသလို တွေးခေါ်ပုံ၊ ခံစားပုံ၊ တုန့်ပြန်ပုံနှင့် ဆန္ဒချင်းလည်း မတူညီကြပေ။ သူတို့သည် လာခဲ့သောဂြိုဟ်ချင်း မတူညီသကဲ့သို့ ဘာသာစကားနှင့် ကြိုက်နှစ်သက်ပုံချင်းလည်း မတူညီကြချေ။

ထို့ကြောင့် နယ်ပယ်အသီးသီး ဖြစ်စဉ်အမျိုးမျိုးကို 'နားလည်မှု'သည် ဆန့်ကျင်ဘက်လိင်အတွက် ဆက်ဆံရေး၌ အကောင်းသို့ ဖြေရှင်းပေးနိုင်သော်လည်း နားလည်မှုမရှိခြင်းသည် လျင်မြန်စွာပင် ပျက်စီးစေခြင်း သို့မဟုတ် လွဲဖယ်ရှောင်ကြဉ်သွားရသော အဖြစ်အထိ သက်ရောက်စေသည်။ ထို့ကြောင့် သင်၏ အဖော်သည် သင်နှင့်ခြားနားသည်ဆိုသောအချက်၊ အခြားဂြိုဟ်သားတစ်ယောက်ကဲ့သို့ ကွဲပြားနေသည်ဆိုသောအချက်ကို သတိရမည်ဆိုလျှင် သင်၏ စိတ်ကို ပေါ့ပါးစွာ ဖြေဆည်နိုင်၍ ထိုခြားနားမှုတို့ကို ပူးပေါင်းဖြေရှင်းနိုင်ပေမည်။ သူတို့အား ပြောင်းလဲသွားအောင် လုပ်ဆောင်လိုက်မည် သို့မဟုတ် ခုခံတွန်းလှန်သောနည်းဖြင့် ဖြေရှင်းမည်ဟူသော အချက်တို့ကို ဖယ်ရှားဖို့ လိုပေသည်။

အထက်ပါ ကောက်နုတ်ချက်တို့မှာ 'စစ်ဂြိုဟ်(အင်္ဂါဂြိုဟ်)မှ ယောက်ျား၊ နတ်သမီး(သောကြာဂြိုဟ်)မှ မိန်းမ' စာအုပ်မှ သင့်တော်အောင် ပြန်ဆိုကောက်နုတ်ထားခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားနှင့်မိန်းမသည် လူမျိုးမရွေး၊ ဘာသာမရွေး ကွဲပြားပုံချင်း တူညီကြသည်။ ဤသည်မှာ သဘောဝကပေးသောခန္ဓာကိုယ်ဖွဲ့စည်းပုံနှင့် စိတ်ဓာတ်တည်ဆောက်ပုံအရ ကျားနှင့်မ ကွာခြားခြင်းဖြစ်ကြသည်။ မလေ့ဘာသာ ကွာခြားသော်လည်း သဘာဝ၊ ရုပ်နှင့်စိတ် ဖွဲ့စည်းပုံများမှာ အားလုံးတူညီကြသည်။ ထို့ကြောင့်လည်း ကျားနှင့်မတို့၏ ဖြစ်ပေါ်လာသော ဖြစ်စဉ်တို့သည် တူညီကြသည်။

အမျိုးသမီးသဘာဝကို 'နားလည်ဖို့' ယောက်ျားက ကြိုးစားရမည်ဖြစ်သကဲ့သို့ အမျိုးသားတို့၏ အလေ့အထကို အမျိုးသမီးက 'ခွင့်လွှတ်ဖို့' အားထုတ်ရမည်ဖြစ်သည်။ အထူးသဖြင့် အထက်တွင်ဆိုသကဲ့သို့ ခြားနားသော အခြေအနေများကို လက်ခံထားပါမှ တင်းမာလာသောအခါ အလျှော့ပေးနိုင်မည်။ အလျှော့ပေးခြင်းသည် အရှုံးပေးခြင်းမဟုတ်၊ အညံ့ခံခြင်းမဟုတ် ဆိုသည်ကို နားလည်ဖို့ လိုသည်။ တစ်ယောက်ကိုတစ်ယောက် ချစ်ခင်ခြင်း၊ မြတ်နိုးခြင်းကြောင့် အိမ်ထောင်ပင် တည်ဆောက်လာခဲ့ပြီးဖြစ်ရာ ခွင့်လွှတ်လိုက်ခြင်းဖြင့် တင်းမာမှု လျော့ပါးသွားပြီး အိမ်ထောင်မပြိုပျက်နိုင် ဟူသောအချက်ကို ရယူဖို့ လိုသည်။ စာရေးသူက 'ဘာချွင်းချက်မှ မထားသော အချစ်' ဟုဆို၏။

ထို့ကြောင့် ကျွန်တော် အစတွင် ဆိုခဲ့သော အမျိုးသားနှင့်အမျိုးသမီး နှစ်ဖက်စလုံးအတွက် ရေးသားခဲ့ရာတွင် ပို၍လွှတ်လပ်ခွင့်ရသူ၊ ပို၍အားကြီးသူ၊ ပို၍ အနိုင်ရနိုင်သူက ပို၍ခွင့်လွှတ်ခြင်းသည် မကောင်းပေဘူးလောဟု စဉ်းစားမိပါသည်။ အနောက်နိုင်ငံများတွင် 'အားနည်းသော လိင်' ကို ဦးစားပေးခြင်းသည် လူကြီး





လူကောင်းတို့၏ အပြုအမူတစ်ခုဟု လက်ခံထားကြပါသည်။ အကြောင်းရပ် တစ်ခုခုအား ယှဉ်ပြိုင်ရတော့မည်ဆိုပါက 'အမျိုးသမီးများ ပထမဦးစား'ဟု ဆိုတတ်ကြပါသည်။

သောကြာဂြိုဟ်၏ သဘာဝကြောင့် ဖြစ်ပေါ်လာသော အလှအပ မြတ်နိုးခြင်း၊ ဦးစားပေး ခံလိုခြင်း၊ အကြင်နာ အယုအယကို သာယာခြင်းတို့ကို အင်္ဂါဂြိုဟ်သားတို့က နားလည်ထားခြင်းဖြင့် ထိုဂြိုဟ်သားနှစ်ဦး၏ ဆက်ဆံရေးသည် ပို၍ကောင်းမွန်လာမည်မှာ အသေအချာဆုံးဖြစ်ပါသည်။

ဓာပို့ဓင် 2005; May



www.burmeseclassic.com

www.burmeseclassic.com

# ခြားနားမှုကို မေ့လျော့သွားသောအခါ

ယောကျ်ားများသည် အင်္ဂါဂြိုဟ် (စစ်ဂြိုဟ်) မှ လာသည်ဟု လည်းကောင်း၊ မိန်းမများသည် သောကြာဂြိုဟ်(ဗီးနပ်)မှ လာသည်ဟု လည်းကောင်း စဉ်းစားကြည့်မိသည်။

'ဟိုးလွန်ခဲ့သော ကာလတစ်ခု၏ တစ်နေ့သော အခါတွင် အင်္ဂါဂြိုဟ်သားတို့သည် သူတို့၏ တယ်လီစကုပ်မှန်ပြောင်းမှကြည့်ရင်း ဗီးနပ်သူတို့ကို တွေ့သည်။ ဗီးနပ်သူတို့ကလည်း မိုပ်ခနဲမြင်ရသော အင်္ဂါဂြိုဟ်သားတို့အပေါ် တစ်ကြိမ်တစ်ခါမျှ မသိမြင်ဖူးပါလျက် ခံစားမှုအာရုံများ နိုးထလာသည်။ သူတို့ချင်း ချစ်သွားကြသည်။ ဗီးနပ်ဂြိုဟ်သို့ အားလုံး ပျံတက်သွားကြတော့သည်'

ယောမင်းကြီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



'ဗီးနပ်ဂြိုဟ်သူတို့သည် အင်္ဂါဂြိုဟ်သားများကို ရင်ဖွင့်လျက် လက်ကမ်းကြိုဆိုကြသည်။ သူတို့သည် ထိုနေ့သို့ ရောက်လာတော့မည်ကို အလိုလို သိကြသည်။ သူတို့နှလုံးသားများသည် ယခင်က တစ်ကြိမ်တစ်ခါမျှ မခံစားဖူးသော ချစ်ခြင်းမျိုးဖြင့် ဖြစ်ပေါ်လာရန် ပွင့်လင်းလာကြလိမ့်မည် ဟူ၍ပင် ဖြစ်၏'။

ဗီးနပ်နှင့် အင်္ဂါဂြိုဟ်သားတို့၏ ချစ်ခြင်းသည် မှော်ဆန်လှ၏။ အတူနေကြရသည်ကို မွေ့လျော်ကြသည်။ အတူတကွ အလုပ်လုပ်ကြသည်။ အတူတကွ မျှဝေခံစားကြသည်။ ကမ္ဘာတစ်ခုစီမှ လာခဲ့ကြသော်လည်း သူတို့၏ခြားနားချက်သည် သူတို့ကို ကျေနပ်စေသည်။ သူတို့သည် လပေါင်းများစွာ တစ်ယောက်အကြောင်းတစ်ယောက် လေ့လာကြသည်။ ရှာဖွေကြည့်ကြသည်။ အသိအမှတ်ပြုကြသည်။ သူတို့၏ လိုအပ်ချက်ချင်း ခြားနားမှု၊ နှစ်သက်မှု၊ ခံမင်မှုနှင့် ပြုမူချက်ချင်း ခြားနားမှုတို့ကို တွေ့ရသည်။ နှစ်များစွာ ကြာသည့်တိုင် အတူတကွ ချစ်ခင်စွာနှင့် သဟဇာတ ဖြစ်စွာ နေထိုင်ခဲ့ကြသည်။

ထို့နောက် ကမ္ဘာမြေသို့ပြန်ကြရန် ဆုံးဖြတ်ကြသည်။ ကမ္ဘာပေါ်တွင် အစဦးပိုင်း၌နေကြစဉ် အရာအားလုံးတို့သည် အံ့ဩဖွယ်နှင့် လှပစွာရှိနေကြသည်။





သို့သော် ကမ္ဘာကြီး၏ လေနှင့် ပတ်ဝန်းကျင်၏ အကျိုးသက်ရောက်မှုကြောင့် တစ်ခုသော နံနက်တွင် သူတို့အားလုံး နိုးထလာသောအခါ မေ့လျော့ခြင်းတစ်မျိုးဖြင့် ကြုံရသည်။ ထိုမေ့လျော့ခြင်းမှာ သူတို့သည် အသွင်မတူ ခြားနားသော ဂြိုဟ်နှစ်ခုမှ လာခဲ့ကြခြင်းဖြစ်သည်၊ ကွဲပြားခြားနားမှုများရှိကြသည်ဟူသော အချက်ကြီးကို မေ့သွားခြင်းပင်ဖြစ်သည်။ သူတို့၏ မှတ်ဉာဏ်ထဲမှ ထိုအချက်ကို မေ့လျော့ခြင်းက ဖျက်ပစ်လိုက်သည်။ ထိုနေ့ကစပြီး ယောကျ်ားနှင့်မိန်းမတို့သည် ဆန့်ကျင်ဘက် အတိုက်အခံများ ဖြစ်လာကြတော့သည်'။

ဤစာပိုဒ်မှာ ဒေါက်တာဂျွန် ဂရေး ရေးသားသော Men are from Mars, Women are from Venus စာအုပ်မှ ယောကျ်ားနှင့် မိန်းမ တို့သည် တစ်ကြိမ်သောအခါက သဟဇာတ ဖြစ်ခဲ့ကြသော်လည်း 'မတူသော ခြားနားမှုရှိနေကြပါလား' ဟူသော အခြေခံ အကြောင်းကြီးကို 'မေ့လျော့ခြင်း' က ခြေဖျက်ပစ်လိုက်ပုံကို စဉ်းစားထားခြင်းဖြစ်သည်။

မတူသော အခြေခံ မေ့သွားသောအခါ ယောကျ်ားရော မိန်းမပါ 'ငါ'ကို အခြေတည် စဉ်းစားလာတော့သည်။ 'သူ' ကို မေ့သွားသည်။ ငါက သည်လိုတွေးထင်သည်။ လုပ်ဆောင်သည်၊ တန်ပြန်သည်ဟု ယောကျ်ားက တွေးပြီး သူ့အတိုင်း ဖြစ်စေချင်တော့၏။ အလားတူပင် ကျွန်မက သည်လိုခံစားသည်၊ ကျွန်မက သည်လို



www.burmeseclassic.com

www.burmeseclassic.com



အဆက်သွယ်ပြုသည်၊ ကျွန်မက သည်လို တုံ့ပြန်သည်ဟု ခံစားမိပြီး မိန်းမကလည်း သူ့အတိုင်းဖြစ်ရမည်ဟု ခံစားတော့၏။ သူတို့သည် ခြားနားချက်တွေရှိနေပါလားဆိုသောအချက်ကို လုံးဝကြီး မေ့ထားခဲ့ကြလေပြီ။ ထိုအခါ သူတို့၏ဆက်ဆံမှုတွေ သက်ရောက်လာသော အကျိုးဆက်မှာ မလိုအပ်ဘဲနှင့် စိတ်ဝမ်းကွဲပြားမှုနှင့် ဆန့်ကျင်တိုက်ခိုက်မှုများအပြည့် ဖြစ်ပေါ်လာရတော့သည်။

ထိုခြားနားချက်ကို ဆန့်ကျင်ဘက်လိင်နှင့် ဆက်ဆံသောအခါ အလေးဂရုပြုပြီး သတိထားမည်။ ကွာဟချက် ကျဉ်းမြောင်းစေမည်ဟုဆိုလျှင် အံ့ဩဖွယ်ကောင်းအောင် အခြေအနေ ကောင်းမွန်လာမည်ဖြစ်သည်။ 'ယောကျ်ားနှင့်မိန်းတို့သည် ထိုခြားနားချက်ကို အလေးဂရုပြုမည်၊ လက်ခံမည်ဆိုလျှင် အချစ်ပန်းသည် ပြန်လည်ပွင့်လန်းလာမည်ဖြစ်သည်' ဟု စာရေးဆရာက အာမခံ ပေးထားလေသည်။

မကြာမီက ပြသခဲ့သော ကိုရီးယား ရုပ်ရှင်ကားတစ်ကားတွင် ယောကျ်ားနှင့်မိန်းမတို့ အတွေးချင်းခြားနားပုံကို ရိုက်ကူးပြသထားသည်။ ဇနီးသည်တွင် အစာအိမ်အူလမ်းကြောင်းကင်ဆာ ဖြစ်လာသည်။ ဇနီးသည် သည် မကြာမီ သူသေမည်ဟု ခံယူထားသည်။ ထိုအခါ သေရတော့မည့် လူတစ်ယောက်၏ စဉ်းစားနည်းမျိုးဖြင့် စဉ်းစားသည်။ မိမိ မရှိသောအခါ ကျန်ရစ်သူ ခင်ပွန်း၊ သမီးနှင့် သားကလေးတို့ အဆင်ပြေရေးနှင့် မိမိအား သမီးကလေးနှင့် သားလေးက မေ့မသွားစေရန် စဉ်းစားသည်။ ထို့ပြင် အိမ်ထောင်





သက် တစ်လျှောက်လုံး ပေးဆပ်ခဲ့ခြင်းအတွက် မလွတ်လပ်သော ဘဝမှ နောက်ဆုံးအချိန်တွင် လွတ်လပ်စွာ နေလိုသည်။ မိမိရောဂါကို ခင်ပွန်းအား အသိပေးခြင်းဖြင့် မထူးသည်ကို သိ၍ မိမိဘာသာ ကြိတ်၍ ခံစားသည်။ မိမိ၏ရောဂါကြောင့် ခင်ပွန်းအား အလုပ်မပျက်စေလိုပေ။

ခင်ပွန်းသည်က မိမိအား ဖွင့်ဟမတိုင်ပင်ဟု မြင်လာသည်။ မိမိနှင့်မိသားစုကို ဥပေက္ခာပြုသည်ဟု ထင်သည်။ မိမိ၏ချစ်ခြင်းကို နားလည်မှု မရှိဟုထင်သည်။ ရောဂါအခြေအနေကို မိမိအား ပြောပြစေလိုသည်။ ထိုအမြင်နှစ်ခု ခြားနားသောအခါ ချစ်ကြင်နာသော လင်မယားတို့သည် နောက်ဆုံးအချိန် ရောက်ခါနီး၌ပင် အဆင်မပြေဖြစ်ရသည်။ သေမတတ် ခံစားနေရသူ ဇနီးကလည်း မိမိအပေါ် ခွင့်လွှတ်စာနာမှု မရှိဟု ထင်ပြန်သောအခါ စကားပြော အဆင်မပြေ ဖြစ်ရသည်။

နောက်တွင် တဖြည်းဖြည်း နားလည်လာသောအခါ ပေးဆပ်ခြင်းကို နားလည်လာ၏။ တစ်ယောက်သောသူ စိတ်ချမ်းသာဖို့ အားထုတ်ပေးလာသည်။ ခြားနားသော အတွေးကို ခံစားနားလည်ကြည့်သည်။ ခြားနားသော အတွေးတို့သည် ပဋိပက္ခ မဟုတ်၊ တစ်ယောက်ကိုတစ်ယောက် အလေးဂရုပြုရမည်၊ လက်ခံရမည်။ ထိုခြားနားချက် ကျဉ်းမြောင်းစေအောင် အားထုတ်ရမည်ကို သိလာရသည်။ ယောကျ်ားနှင့်မိန်းမတို့၏ မတူသောခံစားချက်၊ တုံ့ပြန်ချက်ကို ဤနှစ်ယောက်က ဖော်ထုတ်သွားသည်။ လွမ်းစရာကလေးပင်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်တစ်ခုတွင် ယောကျ်ားနှင့်မိန်းမ အတွေးမတူနိုင်။ အကြိုက်မတူနိုင်။ ဤသည်မှာ သဘာဝဖြစ်၏။ ထိုမတူသော အချက်ကို သဟဇာတဖြစ်အောင် ပြုလုပ်ခြင်းသည် အိမ်ထောင်သည် တို့၏ 'ဘဝနှင့်အချစ်' ဖြစ်သည်။ အကြိုက်ချင်း၊ စရိုက်ချင်း တူညီကြပါသည် ဟူသော အိမ်ထောင်တွင် တစ်စုံတစ်ခုသော အတိုင်းအတာအထိ ညှိနှိုင်းချက် အောင်မြင်နေကြခြင်းဖြစ်သည်။ ကောင်းသော အရည်အသွေး ဖြစ်သည်။ ထိုအချက်ကို မိမိ ပတ်ဝန်းကျင်အိမ်ထောင်များ၌လည်းတွေ့ရမည်။ သူတို့ ဘာကြောင့် တူညီနေကြသလဲ ဟူသောအချက်ကို စဉ်းစားလျှင် 'ကွာဟချက် နည်းပါးသောကြောင့်' ဟု အဖြေရပေမည်။

ထိုအချက်ကို ဂျွန် ဂရေးကလည်း ပုံစံများ ထုတ်လျက် ရေးသားသွားသည်။ အမျိုးသမီးတို့၏ဘာဝ အမျိုးသားအား မိမိ၏ တစ်နေ့တာကိစ္စ၊ မိမိဆောင်ရွက်သောကိစ္စ၊ မိမိ၏ အရေးပါပုံကို ပြောသောအခါ စိတ်ဝင်စားစွာ နားထောင်ပေးစေချင်သော ဆန္ဒကို ပုံစံနှစ်ခုဖြင့် ဖော်ပြသွားသည်။ အမျိုးသမီးများ ထိုသို့ ပြောပြနေခြင်းသည် အဖြေတောင်းနေခြင်းမဟုတ်။ ဆန့်ကျင်ဘက် စကားကို ကြားလို၍မဟုတ်။ အဖြေကို သူတို့ရှာဖွေထားပြီး ဖြစ်သည်။ ထို့ကြောင့် ပြောသောစကားကို အမျိုးသားက နားထောင်တတ်အောင် ပုံစံဖြင့် ရေးသားပြသွားသည်။ (ပြောစကား ဝတ္ထုဟန်ပုံစံ နှစ်ခုကို ဘာသာပြန်ဖော်ပြလျှင် အတော်ရှည်လျားပါလိမ့်မည်)။





ဤတွင် အချုပ်မှာ မိမိ အမျိုးသမီးအား အမြဲတမ်း သူတို့ကို အလေးထားကြောင်းနှင့် ချစ်ခင်ကြောင်း ဖော်ပြရန် (ကိုယ်ရော စိတ်ပါ) လိုကြောင်းကိုလည်း ရေးပြထားလေသည်။ ယောကျ်ားများစွာသည် လည်းကောင်း၊ မိန်းမအားလုံးသည် လည်းကောင်း မိမိတို့၏ ခြားနားမှုကို မမေ့အောင် သတိထားနိုင်ကြမည်ဆိုလျှင် ကျားနှင့်မ ဆက်ဆံရေးတွင် ဝိရောဓိတွေ၊ ပဋိပက္ခတွေ ရှိလာလိမ့်မည် မဟုတ်ပါပေ။

အပျိုစင် 2005: June



www.burmeseclassic.com

www.burmeseclassic.com

# ကျပ်သိန်း ၃၀၀ နှင့် ငွေ ၂၀

မကြာမီက ကျွန်တော့်ထံသို့ သူငယ်ချင်းတစ်ယောက်ထံမှ စာတစ်စောင် ရောက်လာသည်။ သူ့စာတွင်ပါသော ရေးသားထားချက်များမှ ပုဂ္ဂိုလ်ရေးအချို့နှင့် အများအတွက်မဟုတ်သော အချက်ကို ဖယ်ထုတ်၍ ဖော်ပြလိုက်ပါသည်။

(သူငယ်ချင်းတစ်ယောက်၏ စာဖြစ်၍ ရင်းနှီးစွာ သုံးနှုန်းထားသည်ကိုတော့ မပြင်တော့ပါ)။

သူငယ်ချင်း ...

သတိရစွာနဲ့ စာရေးလိုက်ပါတယ်။

နင်ရေးနေတဲ့ စာတွေကိုဖတ်ရပါတယ်။ 'အတွေးအမြင်များ' ထဲမှာ ရေးထားတဲ့အကြောင်းတွေက တို့မြို့မှာ ငယ်စဉ်တုန်းက အတူနေခဲ့ကြစဉ်က အကြောင်းတွေနှင့် ငယ်သူငယ်ချင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းတွေနှင့်အတူ အဲဒီက ရလာတဲ့ အတွေးတွေမို့ ဖတ်ရတာ ဝမ်းသာစရာပါပဲ။ သူငယ်ချင်းတွေဆုံရင် ပြောပြီး နေကြရတယ်။ အပျိုစင်က အကြောင်းတွေကတော့ နင့်သမီး လက်ထပ်ပြီးနောက် သမီးအတွက် လက်ဆောင်ဆိုပြီး လက်ထပ်ကြမယ့် သားသမီးငယ်တွေကို ရည်စူးပြီး ရေးတာမို့ တို့အတွက်မဟုတ်ပေမယ့် သားသမီး၊ တူ၊ တူမတွေအရွယ်အတွက်မို့ သူတို့အတွက် အကောင်းပါတယ်။ အိမ်ထောင်ရေးအတွက် စဉ်းစားနိုင်တာပေါ့။ ×××××××

'နင်သိတဲ့အတိုင်းပဲ ငါကလည်း အိမ်ထောင်ရေးမှာ သင်ခန်းစာ ရခဲ့တဲ့သူပဲ။ အိမ်ထောင်ပြုခဲ့တဲ့ အမျိုးသမီးတိုင်းဟာ ခံစားချက်နှင့် စိတ်ကူးတွေကို အခြေခံခဲ့တာပဲ။ ဒါကို-မခံစားပါနှင့်၊ စိတ်ကူးမယဉ်ပါနှင့်လို့ ဆိုရင်တော့ တစ်ဖက်သတ်ဖြစ်ပေလိမ့်မယ်။ စိတ်ကူးယဉ်နှင့် ခံစားချက်တွေ လွန်မြောက်တဲ့ အချိန်မှာ အားလုံးကို ဖြတ်ကျော်ခဲ့ပြီးပါပြီ။ ဆိုလိုတာက အရွယ်ရလာမှ စဉ်းစားတတ်လာတာလို့ ပြောတာ။ ဒီအရွယ်ရလာရဖို့ဆိုတာ သားသမီးတွေရလာမှ ဖြစ်တာ။ နင်လည်း အသိသားပဲ။ ××××××

'အိမ်ထောင်ပြုတဲ့ မိန်းကလေးတွေဟာ ယောကျ်ားလေးတွေကို အထင်ကြီးမှ လက်ထပ်ဖို့ စဉ်းစားတာ။ ချစ်လာရင် အထင်ကြီးလာတာ။ တစ်မျိုးပြောရရင် ကြိုက်စရာ၊ နှစ်သက်စရာ တစ်ခုခု ပါလာလို့ဆိုတာ သေချာတယ်။ အဲဒီနှစ်သက်စရာက အထင်ကြီးစရာ ဖြစ်လာရင် လက်ထပ်ဖို့ စဉ်းစားတာပဲ။ ဒီအခါမှာ စိတ်ကူးမယဉ်ပါနှင့်ဆိုလို့ မရဘူး။ ငါတော့ သူနှင့် အိမ်ထောင်ပြုလိုက်ရင်





ဘယ်လို ပျော်စရာကောင်းမှာပဲ။ ဘယ်လိုနေကြမယ်။ ဘယ်လို ထိုင်ကြမယ်။ ဘာတွေလုပ်ကြမယ် စသဖြင့် ပါလာတာပါပဲ။ ×××××

'ငါပြောတဲ့ အချက်တွေကို အတိုချုပ်ပြောရရင် မိန်းကလေးတွေဟာ လက်ထပ်ခြင်းကို စဉ်းစားရာမှာ အောင်ဘာလေထီ ထိုးတဲ့သူတွေလိုပဲဟာ။ ကျပ်သိန်း ၃၀၀ ဆုကြီးကိုမျှော်ပြီး၊ စိတ်ကူးပြီး ဂဏန်းတွေရွေးတာပဲ။ ပေါက်မယ်ထင်ရတဲ့ ဂဏန်းတွေပေါ့နော်။ ဒီဂဏန်းလေးက ထပ်လုံး၊ တွဲလုံး၊ ဒါက ငါ့ရဲ့ မွေးနေ့ဂဏန်း။ ဒါကျတော့ ငါ့ရဲ့ Lucky Number စသဖြင့်ပေါ့ဟာ၊ အဲ … ထိုးပြီးရင်လည်း စိတ်ကူးယဉ်ရတာပဲ။ ဘယ်လိုသုံးစွဲမယ်၊ လှူမယ် စသဖြင့်ပေါ့။ ထီဖွင့်ရင် သိန်း ၃၀၀ ဆုကြီးမှန်းပြီး ပထမကြည့်တယ်။ ထီဖွင့်ပြီးတာနဲ့ ထီပေါက်စဉ် ဝယ်တိုက်တဲ့ရတဲ့အခါ ပထမဆုံး သိန်း ၃၀၀ ပေါက်ဂဏန်းကိုကြည့်တယ်။ နောက် သိန်း ၁၀၀၊ နောက် သိန်း ၅၀ စသဖြင့် အစဉ်လိုက် တိုက်လာလိုက်တာ။ နောက်ဆုံး တွက်ရရင် မဆိုးပါဘူးပေါ့။ ထီစာရင်းလည်း ကုန်သွားရော ဘာမှ မပါတော့ သွားပြန်တော့ ဒီတစ်ခါပါပဲ။ ထီပေါက်စဉ်ဖိုး ငွေ ၂၀ ကုန်တာပါပဲ။ ××××××

'ငါ့အကြောင်းလည်း နင်သိသားပဲ။ ဒီတော့ ငါက အဲဒီအကြောင်းတွေ သိပ်ပြောချင်တာ။ နင် ရေးနိုင်ရင်ရေးပါ။ ငါ ခွင့်ပြုပါတယ်။ အများအတွက် သင်ခန်းစာရတာပေါ့။ ဒါတွေဟာ လောကမှာ ဖြစ်နေကြမှာပါပဲ။ အိမ်ထောင်ရေး ကံကောင်း၊ မကောင်း ဆိုတာတော့ ကုသိုလ်နှင့်လည်း ဆိုင်မယ်ထင်တယ်။ ရှေးရှေးက ပြုခဲ့တဲ့ ကံ၊ ကံအကျိုးတွေလည်းပါမယ်။ ငါက ဗေဒင်လက္ခဏာ မယုံပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ရေး လမ်းကြောင်း၊ အိမ်ထောင်ရေး ဇာတာတွေဆိုတာ ရှိနေတော့ ဒီလမ်းကြောင်း ဒီဇာတာခွင်ဆိုတာတွေဟာ ကုသိုလ်ကံတွေ နေမှာပါပဲ' xxxxx

ကျွန်တော့်သူငယ်ချင်း၏ စာနောက်ပိုင်းမှာ အများအတွက် မဟုတ်တော့၍ မဖော်ပြတော့ပါ။

ကျွန်တော့်သူငယ်ချင်းနှင့် ကျွန်တော်သည် တက္ကသိုလ်တွင် ဘာသာမတူသော်လည်း အတူဆုံခဲ့ဖူးသည်။ ထို့ကြောင့် လွန်ခဲ့သော အနှစ် ၂၀ လောက်က ဆုံပြီးကတည်းက မကြုံတော့ပါ။ ယခုမှ စာရေးလာခြင်း ဖြစ်ပါသည်။ သူ့အကြောင်းကို (ခွင့်ပြုချက်အရ) အတန်သင့် ဖော်ပြချင်ပါသည်။

သူ ကျောင်းတက်နေစဉ်ပင် အိမ်ထောင်ပြုသည်။ သူ့အိမ်ထောင်မှာ ကျွန်တော်တို့ထက် လေးနှစ်လောက် စောဘွဲ့ရပြီး နည်းပြဆရာ လုပ်နေသူဖြစ်သည်။ ထို့နောက် တက္ကသိုလ်မှ ကျွန်တော်တို့ ထွက်ခဲ့ကြသောအခါ မတွေ့ရတော့ပါ။ တစ်ကြိမ်ပြန်တွေ့သောအခါ ထိုဆရာနှင့် ကွဲသွားပြီးဖြစ်၏။ ဘာကြောင့်ဟု မပြောတော့သော်လည်း ထိုဆရာသည် နောက်အိမ်ထောင်ပြုသွား၍ ဖြစ်သည်ဆို၏။ ဖြစ်နိုင်သည်မှာ (ယခုစာအတိုင်း) သိန်း ၃၀၀ ထီကြီးသည် တဖြည်းဖြည်း ဆင်းလာလိုက်ရာ နောက်ဆုံး ထီပေါက်စဉ်ဖိုး ဆုံးသွားခြင်း ဖြစ်ဟန်တူပေသည်။

ထိုဆရာသည် ကျွန်တော်တို့နှင့် မရင်းနှီးသော်လည်း ကြားရသော သတင်းအရ ကျွန်တော့်သူငယ်ချင်းအတွက် အိမ်ထောင်ရေးက မကောင်းသူအဖြစ် ဖြစ်စေခဲ့သောသူပင်တည်း။ ထို့ကြောင့်





ထိုဆရာနှင့် နောက်ဆုံးကွဲသွားကြခြင်းဖြစ်ပေမည်။ 'အိမ်ထောင်ရေးထီ' 'ယောကျ်ားထီ' ဟူသော သူ၏တင်စားချက်ကို ကျွန်တော်လက်ခံရမလိုဖြစ်ခဲ့ပါသည်။ ကျွန်တော်၏သူငယ်ချင်းထဲမှအချို့သည် သူ့ကဲ့သို့ပင် ဖြစ်ခဲ့ကြသည်ဟု ကြားသိရသည်။

ကျွန်တော်နှင့် ညီမငယ်ကဲ့သို့ ရင်းနှီးသောသူတစ်ဦးဆိုလျှင် 'သုံးကျောင်းပြောင်း၊ သောရှင်' ဖြစ်ခဲ့ပါသည်။ ကျွန်တော်၏ မျက်မှောက်၌ပင် ငယ်ရွယ်စဉ်ကျောင်းသူဘဝ၌ပင် (ဆယ်တန်း မအောင်မီကပင်) နှင့်ချစ်ကြိုက်နေသော ကျောင်းသား(အတန်းတူ) နှင့် လက်ထပ်လိုက်သည်။ အိမ်ထောင်သက် အတော်ကြာပါသည်။ သမီးသုံးယောက်ရပြီးမှ ကွဲကွာကြရပါသည်။ 'စလယ်ဝင်' တစ်အိုးလုံး မည်းခါမှ ခွဲကြရပါသည်။ နောက် လေးငါးနှစ်ကြာသောအခါ ပစ္စည်းဥစ္စာ ပြည့်စုံသော အသက်အတော်ကြီးသည့် ဆရာတစ်ဦးနှင့် လက်ထပ်ကြပြန်သည်။ နှစ်အတန်ကြာပါသည်။ ထိုဆရာနှင့်လည်း ဆယ်စုနှစ်တစ်စုခန့်အကြာ အကြောင်းဆက် ပေါင်းဖက်မှုမှ ရပ်စဲပြန်သည်။ မကြာမီ သူမ၏အကြောင်း ကောင်းကောင်းသိကာ ခွင့်လွှတ်နားလည်နိုင်သော အစ်ကိုဝမ်းကွဲ ဆရာတစ်ယောက်နှင့် အကြောင်းဆက်ခဲ့ပါသည်။ ယခုတော့ ဆယ်စုနှစ် နှစ်စုကျော်ပါပြီ။ ဆုကြီးကြီး မဟုတ်သော်မှ ဘဝတင့်တယ်နိုင်သော ဆုတစ်ဆု ပေါက်နေပြီမှာ သေချာပါသည်။

ကျွန်တော်၏ ကိုယ်တွေ့အဖြစ်မှန်ပင်ဖြစ်၏။ ဘဝကံ ဆိုသည်မှာ ကျွန်တော့်သူငယ်ချင်း၏ ဖြစ်စဉ်အရသော် လည်းကောင်း၊



www.burmeseclassic.com

www.burmeseclassic.com



လောကမမွှသဘောအရသော် လည်းကောင်း မငြင်းပယ်နိုင်သော တရားများပင်။

ကံ ကံ၏အကျိုးဆက်များကို စဉ်းစားမိပါသည်။

ဗုဒ္ဓဘာသာဝင်များ နားလည်နိုင်အောင် စဉ်းစားမိပါသည်။

မိမိတို့၏ အတိတ်ဘဝများက ပြုခဲ့သော ကံများလည်းရှိ၏။ ထိုကံများသည် မိမိပြုခဲ့သော အမှုအတိုင်း အကျိုးပေးတတ်သည်။ ထို့ပြင် အဓိကအကျဆုံးမှာ လက်ရှိမျက်မှောက်ဘဝ၌ ပြုသော အမှု(ကံ)သည်လည်း အကျိုးပေး၏။ ထိုအကျိုးပေးက ချက်ချင်းပင် ဖြစ်၏။ မျက်မှောက်၌ ထင်ထင်ရှားရှား တွေ့မြင်အပ်သော သဘော ဖြစ်၏။ ထိုအကျိုးကား ပို၍ထိရောက်၏။ ထိုကံကို 'ဒိဋ္ဌဓမ္မ ဝေဒနိယ ကံ' ဟု ဆို၏။

အခြားသောဘဝ၌ ခံစားထိုက်သော ပြုသမျှ အမှုတို့သည် အနီး၌ အကျိုးပေး၏။ ဒုတိယဘဝမှစ၍ အကျိုးပေးသောကံ ဖြစ်၏။ 'ဥပ ပဇ္ဇ ဝေဒနိယကံ'ဖြစ်သည်။

တစ်ပါး အခြားဘဝ၌လည်း အဆက်ဆက် ခံစားထိုက်သော ကံဖြစ်သော (တစ်နည်းအားဖြင့်)တတိယဘဝမှစ၍ နိဗ္ဗာန်ရသည့် ဘဝတိုင် အကျိုးပေးသော 'အပရာ ပရိယ ဝေဒနိယကံ' လည်းရှိ၏။

လုံးလုံး အကျိုးမပေးသော ကံသဘောမှာ 'အဟောသိကံ' ဖြစ်သည်။ ထိုကံသည် ဒိဋ္ဌဓမ္မ အကျိုးပေးကံများကို အားထုတ်ထား လျှင် ကြွင်းသောကံက မထင်ရှားဘဲ ဒိဋ္ဌဓမ္မကံအကျိုးသာ ထင်ရှား ၏။ ထိုအခါ အခြားကံသည် ဟောသိကံ ဖြစ်သွား၏။





အတိတ်ဘဝကံ မကောင်းခဲ့လျှင် စိတ်မပျက်စေချင်ပါ။ ယခု ဘဝတွင် ကောင်းနိုင်သမျှကောင်းအောင် ကြိုးစားလျှင် လက်ငင်း အကျိုးပေးကံသည် အကောင်းဘက် ရွေ့ရှုနိုင်ပါသည်။ အတိတ်ကံ ကြောင့် ဖြစ်ရသော အဆင်မပြေမှု၊ နိမ့်ကျမှုကို ယခု မျက်မှောက် ကောင်းကျိုးကံက ထေးနိုင်ဖာနိုင်ပါ၏။ လက်ငင်းပြုသော အမှုကံ၏ အကျိုးပေးကို ဆင်ခြင်ကြည့်ပါ။ ဥပမာ အဆင်မပြေသော အိမ်ထောင်တစ်ခုတွင် တစ်ယောက်ယောက်က ဖြူစင်သော စိတ်ထားဖြင့် ဒေါသ၊ မာနကို ချိုးနှိမ်ကာ တစ်ယောက်သောသူကို ခွင့်လွှတ်ခြင်း၊ နားလည်ခြင်း၊ သည်းခံခြင်းဖြင့် ထိန်းပေးပါက ပိုဆိုး မသွားဘဲ သင့်တင့်သော ညှိနှိုင်းနေထိုင်မှုကို ရရှိနိုင်ပါ၏။ ထို သဘောကို သားသမီးရလာသော အိမ်ထောင်တို့တွင် သားသမီး အကျိုးကို ဦးစားပေးကာ လက်ရှိအခြေအနေကို အဆိုးဝါးဆုံးအဆင့် မရောက်စေဘဲ ထိန်းထားသောသူများစွာတွင် တွေ့နိုင်သည်။

ကျွန်တော့်သူငယ်ချင်း အပါအဝင် အိမ်ထောင်ရေး ကံဆိုး သူများသည် ကံ ကံ၏အကျိုးဟု နားလည်ပါက ဒိဋ္ဌဓမ္မ ဝေဒနိယကံ (လက်ငင်းကောင်းအောင်လုပ်ပါက ကောင်းကျိုးပြန်ရသည်) နည်း ဖြင့် စမ်းသပ်ကြည့်စေချင်ပါသည်။ ကျွန်တော်၏စာသည် အသက် အရွယ် ငယ်ရွယ်သူတို့အတွက် နားလည်ရန် ခဲယဉ်းနိုင်ဖွယ် ရှိသော် လည်း စဉ်းစားကြည့်မိလျှင်ပင် ရေးရကျိုးနပ်ပါ၏။ နည်းကောင်း တစ်လက်ဖြစ်၍ သုံးကြည့်စေချင်ပါသည်။

ထိဆုကြီး ပေါက်လိုသူတို့က ဥပုသ်သီတင်း စောင့်ခြင်း၊ ကောင်းမှုပြုခြင်း စသော ကောင်းကျိုးများ ပြုကြပါသည်။ ထို



www.burmeseclassic.com

www.burmeseclassic.com



သဘောကို ယူ၍ အိမ်ထောင်ရေးထဲတွင် သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ နားလည်ပေးခြင်း စသောအမှုတို့ကို ပြုကြည့်ကြစေချင်ခြင်းဖြစ်ပါ၏။ သို့ဆိုလျှင် သိန်း ၃၀၀ ဆုကြီး မပေါက်သော်မှ ထီပေါက်စဉ်ဖိုး ဆုံးမည်မဟုတ်ပါ။ အနည်းဆုံး မျှော်လင့်ချက်ကောင်းဖြင့် စိတ်ချမ်းသာမည်ကား ဧကန်ပင်ဖြစ်ပေသည်။

*[ဤစာမူမော်ပြသော ၂၀၀၅ ခုနှစ်လယ်ပိုင်းက ထီဆုအမြင့်ဆုံးမှာ ကျပ်သိန်း ၃၀၀ ဖြစ်ပြီး ၂၀၀၆ နှစ်ဆန်းတွင် ထီဆုအမြင့်ဆုံးမှာ ကျပ်သိန်း ၅၀၀ ဖြစ်နေပါပြီ။ ထီပေါက်စဉ်တစ်စောင် ၅၀ ကျပ် ရောင်းနေပါပြီ။]*

ထပျိုစင် 2005, July



# မင်္ဂလာရတုပွဲ ဆင်နွှဲနိုင်စေသတည်း

ကျွန်တော့်ထံသို့ ဖိတ်စာတစ်စောင် ရောက်လာ၏။ မိတ်ဆွေကြီး ဦးချစ်တို့ထံမှဖြစ်၏။ သူတို့ဇနီးမောင်နှံ၏ နှစ် ၄၀ ပြည့် ပတ္တမြားရတုမင်္ဂလာပွဲကို ၁၅-၃-၂၀၀၅ တွင် မဟာသန္တိသုခ ကျောင်းတော်၌ ကျင်းပမည်ဖြစ်၍ ဖိတ်ကြားခြင်းဖြစ်၏။

သူတို့သည် မကြာမီ နှစ်ပိုင်း လပိုင်းကပင် သားကြီးနှင့် သမီးကြီးတို့ကို မင်္ဂလာဆောင်နှင်းပေးခဲ့သည်။ ယခု သူတို့ကိုယ်တိုင် နှစ် ၄၀ မင်္ဂလာပွဲ ဆင်နွှဲတော့မည်။

မင်္ဂလာပွဲတွင် ကျွန်တော်တို့ကဲ့သို့ ရင်းနှီးသော မိတ်ဆွေများက သူတို့ဇနီးမောင်နှံကို ထမင်းဝိုင်းများ၌ ပျော်ပျော်ရွှင်ရွှင် လိုက်လံ နှုတ်ဆက်နေစဉ် 'နောင်နှစ်များတွင်လည်း ယခုလို ကျွေးနိုင်မွေးနိုင်ပါစေ'ဟု ဆုတောင်းပေးခဲ့ကြပါသည်။

www.burmeseclassic.com



အိမ်ထောင်သက် နှစ် ၄၀ ဆိုသော အချိန်သည် လူ့ဘဝ၏ သုံးပုံနှစ်ပုံမျှဟု ဆိုနိုင်ပေမည်။ လူ့ဘဝတွင် နှစ်ယောက်တစ်ဘဝ သက်တမ်းသည် ထိုမျှဆိုလျှင် အောင်မြင်သော အိမ်ထောင်ဟု ဆိုနိုင်သည်။ လူ့သက်တမ်းနှင့်တွက်လျှင် ဇရာပိုင်းအထိ မခွဲမခွာ နေခဲ့ကြပြီ။ ကျွန်တော့် မိတ်ဆွေကြီးမှာ စီးပွားရေး၊ လူမှုရေး မျက်နှာစာများတွင် ပြည့်စုံဖူလုံသူဖြစ်သောကြောင့် အိမ်ထောင်ရေးတွင်လည်း သူသည် 'အသာရ' နေမည်မှာ သေချာပါသည်။

မြန်မာ့လေ့တွင် အိမ်ထောင်တည်ထောင်မှုကို 'အိမ်ထောင်မှု၊ ဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုး'ဟု တင်စားပြောကြသည်။ ထို့ကြောင့်လည်း အိုအောင်မင်းအောင် ပေါင်းကြရသော မောင်နှံတို့ကို လည်းကောင်း၊ ကြင်ကြင်နာနာ ပျော်ပျော်ရွှင်ရွှင် ရှိနေကြသော မောင်မယ်တို့ကိုလည်းကောင်း 'နတ်ဖက်တဲ့အတွဲ' ဟု ဆိုကြပါသည်။

ကျွန်တော်နှင့် ရင်းနှီးသော အမျိုးသမီး မိတ်ဆွေတစ်ဦးက ဆိုဖူး၏။ 'အိမ်ထောင်ဆိုတာ ဘယ်ဟာမှမတူတဲ့ လူနှစ်ယောက် တူအောင် ညှိနှိုင်းပြီး နေတာမဟုတ်လား။ ဘယ် ရန်မဖြစ်ဘဲ နေပါ့မလဲ။ အဲ အကျယ်အကျယ်မဖြစ်ဘဲ ခဏတစ်ဖြုတ်ဆိုရင် ပြီးတာပဲ။ တစ်ခါတလေ ကိုယ့်စိတ်နှင့်ကိုယ်တောင်မှ အလိုမကျ ရှိတတ်တာ မဟုတ်လား။ ဒီတော့ အလိုမကျတာကို နားလည်ပေးရင်၊ သည်းခံပေးရင် ပြီးတာပါပဲ' ဟူ၏။

ကျွန်တော်နှင့် အစ်မကြီးလိုနေသော အမျိုးသမီးကြီး တစ်ဦးကလည်း ပြောသည်။ 'တို့ရဲ့ အိမ်ထောင်သက်တမ်းမှာ ခွန်းကြီး





ခွန်းငယ် ဘာမှမဖြစ်ဘူး။ တစ်ယောက်က နည်းနည်းလေး စကားပြောလို့ အဆင်မပြေဖြစ်လာရင် တစ်ယောက်က ရှောင်သွားတာပဲ။ ဒီနေ့အဖို့ အသံတိတ်နေလိုက်ရင် ပြီးသွားတာပါပဲ။ ထိပ်တိုက်မတွေ့ရဘူး' နည်းယူစရာ ဖြစ်ပါသည်။

ကျွန်တော့်သူငယ်ချင်း လင်မယားကတော့ တစ်မျိုး။ 'နီးတကျက်ကျက် ဝေးတသက်သက်ထဲက' ဟု ဆိုရမည်။ သူတို့ရန်ဖြစ်ပုံမှာ အကြီးအကျယ်တော့ မဟုတ်။ အသေးအမွှားကို ကျွက်စီကျွက်စီ ဖြစ်ကြရုံသာ။ နောင် ၁၀ မိနစ် ၁၅ မိနစ်ဆိုရင် ပြန်တည့်သွားကြသည်။ တစ်နေ့နှစ်ကြိမ်လောက်တော့ ဒီလိုပဲ ဖြစ်နေကျဖြစ်၏။ သော်တာဆွေ၏စကားနှင့်ဆိုရလျှင် သော်တာဆွေနှင့် သူ့ယောက္ခမကြီးတို့ကဲ့သို့ပင် ရန်မဖြစ်သောနေ့ မရှိဟုပင် ဆိုရပေမည်။ သို့သော် အချစ်အခင် အပြုံးအပြောင် မပျက်ကြသော စုံတွဲပင်။

အိမ်ထောင် ၁၀၀ ရှိက စရိုက် ၁၀၀ ရှိမည်ပင်။ အိမ်ထောင်ရှင်တို့၏ စရိုက်လက္ခဏာအရ အချို့သော အိမ်ထောင်တို့မှာ ငြိမ်းချမ်းစွာရှိ၏။ အချို့က တစ်ခါတရံ အကြောင်းမညီညွတ်ဖြစ်တတ်၏။ အချို့ကား မကြာခဏ ရန်ဖြစ်ကြသည်။ ဘာပဲပြောပြော အိမ်ထောင်တည်တံ့နေသည်ဆိုလျှင် မင်္ဂလာပေတည်း။ သို့သော် မကြာခဏ သတင်းစာများထဲတွင် 'နှစ်ဦးသဘောတူပြတ်စဲခြင်း' နှင့် 'စုံစမ်းမေးမြန်းခြင်း သည်းခံပါ' တို့ကို ဖတ်ရသောကြောင့် အားလုံးသော စုံတွဲများသည် မင်္ဂလာခရီးတွင် ရာနှုန်းပြည့် အောင်မြင်မှု မရှိကြသည်ကိုလည်း ညွှန်းနေသည်။ ထို့ကြောင့်လည်း 'တစ်မိုးအောက်တည်းမှ သူစိမ်းများ' strangers in a same roof



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုခြင်းဖြစ်၏။ တုပ်နှောင်ထားသော သံယောဇဉ်ကြိုး ပြေလျော့သွားသောအခါ ဥပဒေဖြင့် လက်ထပ်ထားသော လက်ထပ်စာချုပ်သည် စက္ကူတစ်ရွက်အဖြစ်သာ ကျန်ရစ်ပေတော့သည်။ ဥပဒေထက် အရေးပါအရာရောက်သော 'နားလည်မှု' ပျက်ပြားသွားခြင်းပင်ဖြစ်၏။

အိမ်ထောင်တစ်ခု နားလည်မှု ပျက်ပြားသွားသောအခါ တရားဥပဒေသည်လည်းကောင်း၊ ဘုရားကျောင်းတော်သည်လည်းကောင်း တားဆီး၍ မရနိုင်ကြတော့ပေ။ ထို့ကြောင့် ခရစ်ယာန်ဘာသာဝင် ဘုန်းတော်ကြီးတစ်ပါးက 'လက်ထပ်ခြင်းဖြင့် ဘုရားရှိခိုးကျောင်းတံခါးကို လာဖွင့်ပြီး၊ ကွာရှင်းပြတ်စဲခြင်းဖြင့် ကျောင်းတော်တံခါးကို ပြန်ပိတ်သွားကြလေပြီ' ဟုဆိုပါသည်။ မည်သည့်ဘာသာမဆို ကွာရှင်းပြတ်စဲခြင်းကို မနှစ်မြို့ကြသည့်အဆို ဖြစ်၏။ စိတ်ပညာရှင်တို့က 'မကြာခဏ'ကွာရှင်းပြတ်စဲသူများသည် စိတ်ဓာတ်အခြေခံ မမှန်သူများဖြစ်သည်ဟု ဆို၏။

ကျွန်တော့်မိတ်ဆွေကြီး၏ မင်္ဂလာပွဲမှအပြန်တွင် အောင်မြင်သော အိမ်ထောင်ဘက်များအကြောင်း စဉ်းစားမိပါသည်။

အဘယ်ကြောင့် အိမ်ထောင်သက် ရှည်ကြာကြသနည်း။ မိတ်ဆွေနည်းဖြင့် ဆက်ဆံသော ဇနီးမောင်နှံများသည် လင်နှင့်မယားကြားတွင် မိတ်ဆွေကောင်းတစ်ယောက်လို ဆက်ဆံသောကြောင့် အတွေးအခေါ်ကောင်းများ၊ တန်ဖိုးရှိသော စိတ်ကူးများကို ပေးခဲ့သလို ကောင်းမွန်သော ကျောထောက်နောက်ခံများလည်း ဖြစ်ခဲ့သောကြောင့်ပေတည်း။ အနှစ် ၄၀၊ ၅၀ ခန့်အတွင်း ဘဝတွင်





ရှုန်းကန်ရင်ဆိုင်နေရသော လူမှုရေး၊ စီးပွားရေး တိုက်ပွဲများတွင် တစ်ယောက်တည်း၊ တစ်ခေါင်းတည်းထက် နှစ်ယောက်ပေါင်း၍ တိုက်ပွဲဝင်ခဲ့ကြခြင်းဖြင့် ထိုအခက်အခဲများကို ဖြတ်ကျော်နိုင်ခြင်းဖြစ်သည်။ မြန်မာစကားပုံတွင် 'မောင်တစ်ထမ်း မယ်တစ်ရွက်' ဟူသော အသုံးအနှုန်းမှာ အတွဲညီညာခြင်း၊ စာနာထောက်ထားခြင်းနှင့် ကူညီပံ့ပိုးခြင်းကို ညွှန်းဆိုလေသည်။

မြန်မာ့အိမ်ထောင်မှုစနစ်သည် ဥရောပနှင့် အနောက်တိုင်းများထက် တစ်လင်တစ်မယား ရိုးမြေကျ ပေါင်းသင်းခြင်းကို တန်ဖိုးထားကြသည်။ စိတ်လွတ်လပ်မှုနှင့် မိမိတစ်ဦးတည်း၏ အလိုဆန္ဒထက် မိသားစုအရေးကို တန်ဖိုးထားသည်။ ထို့ကြောင့် စိတ်ပညာရှင်တို့ ဆိုခဲ့သော မကြာခဏ ကွာရှင်းခြင်းနှင့် စိတ်ဓာတ်အခြေခံမမှန်ခြင်းများမှ ကင်းကြလေသည်။

ဆင်းရဲခြင်း၊ ချမ်းသာခြင်းကို အပထား၍ နှစ်ပေါင်းများစွာ လက်တွဲခြင်းကို ဂုဏ်ပြုသင့်သည်ပင်။ ထို့ကြောင့် ဆရာဦးသိန်းဖေမြင့်က သူတို့အိမ်တွင် အလုပ်လုပ်နေသော ဒေါ်လှရီနှင့် ဦးအေးမောင်တို့၏ အနှစ်အစိတ် မင်္ဂလာပွဲကို ဂုဏ်ပြုရင်း 'တစ်ခုသော ငွေရတုသဘင်' စာအုပ်တစ်အုပ် ရေးသားဂုဏ်ပြုခဲ့ပေသည်။

ကျွန်တော့် မိတ်ဆွေကြီး၏ ပတ္တမြားရတုကို အကြောင်းပြု၍ ကျွန်တော်၏ စာပေကျေးဇူးရှင်များဖြစ်သော အသက် ၉၀ ဝန်းကျင်ရှိ ဆရာကြီး တက်တိုး နှင့် ဆရာမကြီး ဒေါ်နုယဉ်၊ ဆရာကြီး ဦးထင်ကြီး နှင့် ဆရာမကြီးဒေါ်ခင်ခင်နွဲ့တို့အား သတိရမိပါသည်။ ဆရာကြီးမိသားစုများသည် ကျွန်တော်တို့၏ မင်္ဂလာပွဲနှင့် လူမှုရေး



www.burmeseclassic.com

www.burmeseclassic.com



များကို အားပေးချီးမြှောက်ခဲ့သူများဖြစ်သည်။ လွန်ခဲ့သော ငါးနှစ်ခန့်က ကွယ်လွန်ခဲ့သော ကျွန်တော်၏ဇနီးသည်အား နောက်ဆုံးခရီးအထိ ကြည့်ရှုခဲ့သူများဖြစ်သည်။ [ဆရာတက်တိုးသည် ၉၁ နှစ်အရွယ် ၇-၁၂-၂၀၀၃ တွင် ကွယ်လွန်ခဲ့ပြီး ဆရာဦးထင်ကြီးမှာ ၈၈ နှစ်ပြည့်ပြီး ၁၁-၁-၂၀၀၄ တွင် ကွယ်လွန်ခဲ့ကြပါသည်။]

ကျွန်တော်နှင့်ရင်းနှီးသည့် အခြားအခြားသော ဆရာသမားများ၊ မိတ်ဆွေများနှင့် သူငယ်ချင်းများသည် သူတို့၏ နှစ်ပတ်လည်မင်္ဂလာပွဲများကို ကျင်းပကြရာ အချို့က ဆွမ်းကျွေးပွဲများ ပြုလုပ်ကြပြီး အပေါင်းအသင်းများကိုပါ ဖိတ်ကြားကြသည်။ အချို့က မိသားစုအတွင်းသာ ဘုရားသွားကျောင်းတက် ကောင်းမှုပြုလုပ်ခြင်းဖြင့်သာ ပြုလုပ်ကြသည်။

ကျွန်တော်၏ ဆရာသမားများ၊ မိတ်ဆွေများ၊ သူငယ်ချင်းများနှင့် ရင်းနှီးသော ငယ်ရွယ်သူမောင်နှံစုံများ အားလုံးတို့ကို ငွေရတု၊ ရွှေရတု၊ ပတ္တမြားရတုသာမက စိန်ရတု မင်္ဂလာပွဲများပါ ချမ်းမြေ့ပျော်ရွှင်စွာ ဆင်နွှဲနိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းပါသည်။

*[စာကြွင်း။ ။ ဤဆောင်းပါး ပါပြီးနောက် မကြာမီရက်ပိုင်းတွင်ပင် မိတ်ဆွေကြီး ကွယ်လွန်သွားရှာသည်။ သို့သော် သူသည် အသက်တမ်းစေ့ ၇၀ ကျော်နေခဲ့ပြီး နှစ် ၄၀ မင်္ဂလာရတု ကျင်းပနိုင်ခဲ့ခြင်းအတွက် ကျေနပ်ဖွယ်တော့ ဖြစ်ပါသည်။]*

အမျိုးစင် 2005: Aug



# ရှင်ဘုရင်နှင့်ညားလျှင် မိဖုရား ဆိုသော်လည်း

ရုပ်မြင်သံကြားလိုင်း တစ်လိုင်းက မေလဒုတိယပတ် အတွင်းက 'ဝေလ်မင်းသမီး ဒိုင်ယာနာမှတ်တမ်း' ကို လွှင့်ထုတ်ပေးသည်ကို ကြည့်ရသည်။

အသက် ၂၀ မပြည့်မီ ငယ်ရွယ်နုပျိုသော၊ ပွင့်လင်းသည့် အလှပန်းကလေးတစ်ပွင့်လို ပြုံးချိုနေသော အလှမျက်နှာများစွာကို ရိုက်ကူးထားခဲ့သည်။ မြို့စားကြီးတစ်ဦး၏ သမီးကလေး၊ မူကြို ဆရာမလေးတစ်ယောက်၏ ဖြူစင်သောအလှများစွာကို တွေ့ရသည်။ ချားလ်စ်မင်းသားနှင့် လက်ထပ်သောအခါ နုပျိုတက်ကြွနေသော မောင်နှံ နှစ်ဦးသားပျော်ရွှင်ကြည်နူးနေကြသည်။ ခမ်းနားကြီးကျယ်လှသော ထိမ်းမြားမင်္ဂလာပွဲကြီးမှာ 'ဆင်စီးမြင်းရံ'ဆိုသော



www.burmeseclassic.com

www.burmeseclassic.com



မြန်မာစကားပုံမှာ မှန်လှပါပေ၏။ ရှေးမူ နန်းဟန်မပျက် မြင်းများ ကသော ရထားနှင့် မြင်းများရုံသော၊ ထည်ဝါလှသော လက်ထပ်ပွဲကြီးမှာ မြင်ရသူတို့ အံ့သြအားကျ လောက်ပါပေသည်။

ပျော်ရွှင်ဖွယ်ကောင်းသော ဟွားရည်ဆမ်းခရီးတွင်လည်း နိုင်ငံများစွာသို့ လှည့်လည်ကြသည်မှာ ကြည်နူးဖွယ်ပင်။ အိမ်ထောင်သည်ဘဝ၏ နံနက်ခင်းနေ့များသည် အေးမြလှပါသည်။

အိမ်ထောင်သည်ဘဝ၊ သားသည်မိခင်ဘဝ၊ ထိုမှ အဆင်မပြေဖြစ်လာသော အိမ်ထောင်သည်ဘဝတို့ကို ဖြတ်သန်းလာရသောအခါ ... ပြုံးရွှင်နေသော ဒိုင်ယာနာ၏မျက်နှာတွင် တင်းမာသော နှုတ်ခမ်းထောင့်စွန်းများနှင့် တောက်ပြောင်သော မျက်ဝန်းများက အလိုမကျမှုကို တွေ့လာရသည်။ ချားလ်စ်မင်းသား၏ အိမ်ထောင်ရေး ဂယက်၊ ဒိုင်ယာနာ၏ အိမ်ထောင်ရေး လှုပ်ခတ်မှုတို့သည် မှုန်တေတေနှင့် ဒိုင်ယာနာအသွင်သို့ ပြောင်းလဲလာစေသည်။

နောက်ဆုံးတွင် သတင်းသမားတို့၏ ဓာတ်ပုံရိုက် ခံရမှုမှ ပြေးရှောင်ရင်း ကားတိုက်ပြီး ကွယ်လွန်သွားရှာသော ဒိုင်ယာနာ၊ 'တော်ဝင်နှင်းဆီ' ဒိုင်ယာနာ၊ အင်္ဂလန်ပြည်သူတို့က ပန်းမွေ့ရာကြီးဖြစ်သည်အထိ အလွမ်းပန်းများ လာရောက်ချထားပေးခဲ့သော ဒိုင်ယာနာအဖြစ် လွမ်းမောဖွယ် ကြည့်ရှုခဲ့ရလေသည်။

ရက်ပိုင်းအတွင်းမှာပင် ချားလ်စ် မင်းသားနှင့် ကမလာ ပါကာဘိုးတို့၏ မင်္ဂလာပွဲကို ကြည့်ခဲ့ရသည်ဖြစ်၍ သွားလေသူက သွားခဲ့လေ၍ ကျန်ရစ်ခဲ့သူက အချစ်သစ် ပွင့်ခဲ့သည်ဟု ဆိုလောက်ပေသည်။ ကမလာပါကာဘိုးသည် အလှချင်းယှဉ်လျှင် ဒိုင်ယာနာ





ကို မီနိုင်ဖွယ်မရှိပါ။ နုပျိုလန်းဆန်းသည်ခြင်း နှိုင်းပါက ဒိုင်ယာနာကို တုပနိုင်မည်မဟုတ်ပါ။ သို့သော် ချားလ်စ်မင်းသားသည် သူ၏အချစ်ကို အိမ်ထောင်သည်ဘဝ၌ပင် ရယူလိုခဲ့ပြီး အခက်အခဲ များစွာကြားမှ ကျော်လွှန်ကာ ယခုအခါ တရားဝင် လက်ထပ်ခဲ့လေပြီ။

'ရှင်ဘုရင်နှင့်ညားလျှင် မိဖုရား'ဟု ဆိုခဲ့သည်။ အိမ်ရှေ့စံနှင့် လက်ဆက်ခဲ့၍ မဟေသီ ဖြစ်ခဲ့ရသော်လည်း စိတ်ချမ်းမြေ့ဖွယ်ကောင်းသော အိမ်ထောင်တစ်ခု မဖြစ်ရှာခဲ့သော ဒိုင်ယာနာကို ကြည့်ရင်း 'အိမ်ထောင်ရေးကံဇာတာ'ကို စဉ်းစားကြည့်မိသည်။

- ငွေကြေးအလျှံပယ် လိုတရနေသောဘဝဖြစ်ရုံဖြင့် အိမ်ထောင်ရေး ချမ်းမြေ့နိုင်ပါ၏လော
- အိမ်ထောင်သည်ဘဝတွင် တစ်ဦးနှင့်တစ်ဦး သစ္စာစောင့်သိမှုသည် အဓိကလော
- အိမ်ထောင်ရေးသာယာမှုအတွက် အဓိကလိုအပ်ချက်သည် အချစ်လား၊ ငွေလား၊ သစ္စာလား ... စသော အတွေးများပင်ဖြစ်ပေသည်။

'အိမ်ထောင်ရေးကံဇာတာ'သည် တကယ်တော့ ရှေးဘဝက ပြုခဲ့ဖူးသော ကုသိုလ်ကောင်းမှု အရေးပါသည်ကို မငြင်းနိုင်ပေ။ အမျိုးသမီးတစ်ယောက်အတွက် အိမ်ထောင်ရေးကံ ကောင်းဖို့လောက် အရေးကြီးသောအရာ မရှိနိုင်တော့ပေ။ အိမ်ထောင်ပြုသည့် အသက် ၂၀ ဝန်းကျင်မှ သေဆုံးသည့်အချိန်တိုင် ကာလရှည်ကြီး ဖြစ်၍တည်း။



www.burmeseclassic.com

www.burmeseclassic.com



ရွှေဘုံပေါ်စံပြီး လိုတရနေသော်လည်း စိတ်သဘောထားချင်း မတိုက်ဆိုင်သော၊ မိမိအပေါ် ကြင်နာမှုယိုယွင်းလာသော၊ မိမိအတွက် စိတ်ချမ်းမြေ့မှုကို မပေးနိုင်သော အိမ်ထောင်ဘဝကို စွန့်ပစ်ခဲ့ကြသည်မှာ ဒိုင်ယာနာသာ မဟုတ်၊ များစွာသော အမျိုးသမီးတို့ ရှိခဲ့ကြသည်။ မြန်မာ့လူနေမှုတွင် 'တစ်လင်တစ်မယား စနစ်'ကို အလေးထားသောကြောင့် သည်းခံ တည်ဆောက်ခဲ့ကြရသော်လည်း နောက်ဆုံးတွင် လမ်းခွဲခဲ့ကြသော အိမ်ထောင်များ ကျွန်တော့်ပတ်ဝန်းကျင်တွင် များစွာရှိကြသည်။ (ကျွန်တော်နှင့် လွန်စွာ အကျွမ်းဝင်သော မိတ်ဆွေ အမျိုးသမီးတစ်ဦးမှာ သူ၏ ခင်ပွန်းနှင့် ကလေးသုံးယောက်ရခဲ့၍ အိမ်ထောင်သက် အနှစ် ၂၀ ခန့်ရှိပြီး ခင်ပွန်းသည်မှာ ရာထူးကြီးကြီးပင် ဖြစ်သော်လည်း ဂုဏ်နှင့် မွှမ်းသော အိမ်ထောင်သည်ဘဝတွင် အတူမနေကြတော့ဘဲ သီးခြားစီ နေခဲ့ကြသည်မှာ ကြာပါပြီ။)

ထို့ကြောင့် အိမ်ထောင်သည်ဘဝတွင် ပျော်ရွှင်နိုင်ခြင်းမှာ ငွေထက် ရာထူးထက် မိမိအပေါ် ကြင်နာမြတ်နိုးမှုသည် အရေးကြီးကြောင်း သက်သေခံသလိုပင် ဖြစ်၏။ မှန်ပါသည်။ ငွေကြေးမချမ်းသာဘဲ အိမ်ကလေး သေးသေးကလေးတွင် ကလေးများစွာဖြင့် လင်မယားနှစ်ယောက် တစ်ဝမ်းတစ်ခါး ရုန်းကန်ရှာဖွေ စားသောက်ကြရင်း ပျော်ရွှင်လှသော မိသားစုကလေးများမှာ အများအပြားပင် ရှိနေလေသည်။ တစ်ယောက်အပေါ်တစ်ယောက် နားလည်ပြီး ချစ်ကြင်နာမှုသည် အခြားသောအရာတို့ထက် တန်ဖိုးကြီးကြောင်း





ဆင်းရဲသော်လည်း ပျော်ရွှင်နေသော မိသားစုများက သက်သေခံနေကြပြန်သည်။

အိမ်ထောင်သည်ဘဝ၌ သစ္စာရှိမှု အဓိကဖြစ်သည်။ တစ်ဖက်ဖက်က သစ္စာဖျက်ပါက အိမ်ထောင်မှု အဆင်မပြေနိုင်တော့ပေ။ တစ်လင်တစ်မယားတန်ဖိုးကို မထားဘဲ မိမိတို့စိတ်ချမ်းသာမှုကို ရှာဖွေကြသော အိမ်ထောင်များသည် အတူနေကြသော်လည်း မည်သို့မျှ မေတ္တာချင်း ဆက်နိုင်မည်မဟုတ်။ ထိုအခါ (ဒိုင်ယာနာတို့ကဲ့သို့ပဲ ဆိုပါရစေ) အိုးရွဲ့ကို စလောင်းနှင့် ဖုံးလေလျှင် နှစ်ဖက်စလုံးက အသစ်အသစ်ရှာရင်း နောက်ဆုံးတွင် အိမ်ထောင်ပြိုလဲကာ ပျက်စီးခြင်းသာ နိဂုံးရှိရပေတော့သည်။

'ရှင်ဘုရင်နှင့် ညားလျှင် မိဖုရား'ဟု ဆိုစကားဆိုခဲ့ပါသည်။ ရှင်ဘုရင်နှင့်ညားဖို့မှာ ဘဝရေစက် (မြန်မာလို ရေးဆုတောင်း) ဟု ဆိုကြပါစို့။ ရှင်ဘုရင်နှင့်ညား၍ ပျော်ရွှင်စွာ ချမ်းမြေ့ကြရသော မိဖုရား မည်မျှရှိခဲ့ကြသနည်း။ ဘုရင့်သဘာဝ အခြွေအရံ အပျော်အပါး များလှသဖြင့် အသုံးတော်ခံဘဝတွင် နေရရှာသော မိန်းမဘဝသည် မိဖုရားဟု ဆိုရစေကာမူ သာမန်အရပ်သူဘဝ အမျိုးသမီး တစ်ယောက်လောက်မျှ လင်သားအပေါ် မိမိက ပိုင်စိုးမှုနှင့် လင်သားက မိမိအပေါ် အရေးထားမှုမရကြရှာ။ သမိုင်းတစ်လျှောက် မိဖုရားတို့ရေးဖွဲ့ခဲ့သော အမျှော်စိုက် အချစ်ကဗျာ၊ တေးသီချင်းများစွာက သက်သေခံခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ရေးတွင် အဓိကမှာ အချစ်နှင့်သစ္စာ ဆိုသည်ကိုလည်း တွေ့လာရသော အိမ်ထောင်ရေးဇာတ်လမ်းတို့က မှန်ကန်လှကြောင်း ညွှန်းဆိုနေသည်။

ငွေမရှိလျှင် ရှာ၍ ရနိုင်သည်။ အချစ်နှင့် သစ္စာ မရှိလျှင် အဘယ်မှာ ပြန်ရှာမည်နည်း။

ဤသဘောကို ဆင်ခြင်ကြည့်မိသောအခါ 'မိဖုရား' ထက် 'ချစ်မယား' က ပို၍များ မိန်းမသားတို့အတွက် တန်ဖိုးရှိနေသည် မဟုတ်ပါလား။

တပျိုင် 2005; Sep



# မစားကောင်းတဲ့ အသီး

အသီးအနှံများသည် လူတို့အတွက် နှုတ်မြိန်စေ၍ အာဟာရ ဖြစ်စေသော်လည်း မစားကောင်းသော အသီးကိုစားမိပါက အာဟာရမဖြစ်ရုံသာမက အသက်အန္တရာယ်ကိုပါ ဖြစ်စေတတ်သောကြောင့် ထိုအသီးမျိုးသည် အမြင်လှလှ၊ အဆင်းတင့်တင့်တယ်တယ်ရှိစေကာမူ ရှောင်ရမည်သာ ဖြစ်သည်။

မကြာမီက မြဝတီရုပ်သံတွင် ပြသွားသော 'ကျောက်ဖြစ်မသွားတဲ့ ရုပ်ကြွင်း' ဇာတ်ကားမှာ မြန်မာပရိသတ်ကြိုက် ရုပ်ရည်ချောမောလှပသော မင်းသား၊ မင်းသမီးကလေးများ ပါဝင်သရုပ်ဆောင်ထားသဖြင့် အကြိုက်များကြသည်။ ဤဇာတ်ကားကို မြဝတီက အချစ်ဇာတ်လမ်းကြိုက် တီဗီပရိသတ်များအတွက်



www.burmeseclassic.com

www.burmeseclassic.com



တင်ဆက်ခဲ့ခြင်း ဖြစ်ပေမည်။ သို့သော် အချစ်ဇာတ်လမ်းနှင့် မင်းသား၊ မင်းသမီးက နှစ်သက်စရာဖြစ်ပါသော်လည်း ဇာတ်၏ အနှစ်သာရမှာ နှစ်သက်စရာ၊ အတုယူစရာ တစ်ကွက်မျှ မရှိဘဲ 'သကာရည်လူးထားသော အဆိပ်သီးကို ကျွေးနေသည်'နှင့် တူသည် ဟု ခံစားမိသည်။

ဇာတ်လိုက်မင်းသားလုပ်သူက မိမိ၏အလုပ်ရှင်နှင့် လက်ထပ်မည့် မင်းသမီးကို စေ့စပ်ပွဲ၊ လက်ထပ်ပွဲများအထိ လိုက်လံတွေ့ဆုံကာ အချစ်သက်သေထူ၏။ မင်းသမီးကလည်း နှစ်ပေါင်းများစွာက အတူနေခဲ့၊ ပြုစုစောင့်ရှောက်ခဲ့၊ အမိအဖတို့က မကွယ်လွန်မီကပင် သဘောတူထားသော ကျေးဇူးရှိခဲ့သည့် ခင်ပွန်းလောင်းနှင့် မိသားစုတို့၏ ကျေးဇူးမေတ္တာကို မထောက်ထားဘဲ အချစ်အတွက် အသက်ပင်သေသေဟုဆို၏။ မင်းသား၊ မင်းသမီးတို့၏ သူငယ်ချင်းတို့ကလည်း အလုပ်ရှင်၏ စေတနာ၊ ကျေးဇူးတရားကိုမျှ မထောက်ထားဘဲ အချစ်အတွက် အမှားကျူးလွန်ကြသည့် မင်းသားနှင့် မင်းသမီးတို့အား ချောက်ထဲသို့ တွန်းချပေးကြသည်။ အချစ်ဝတ္ထု တစ်ပုဒ်အတွက် ရသကောင်းလှသော်လည်း အပြင်တွင်သာ တကယ့်အဖြစ်အပျက် ဆိုပါက ဆိုခဲ့သည့်အားလုံးသော ဇာတ်ဆောင်တို့သည် ငရဲက ပြန်တက်စရာ (အကယ်၍ ငရဲမရှိဘဲ ပစ္စုပ္ပန်သာ ယုံကြည်သူ ဥစ္ဆေဒဒိဋ္ဌိဖြစ်ပါကလည်း လူအများ၏ ကဲ့ရဲ့ပြစ်တင်ခံရခြင်း တံတွေးခွက်တွင်သာ မျောကြရမည့်သူများ ပေတည်း) မရှိပါချေ။





ကျွန်တော်သည် အပျိုစင် မဂ္ဂဇင်းတွင် ကျွန်တော်၏သမီး မင်္ဂလာပွဲအကြောင်းကို အစပြု၍ စတင်ရေးသားခဲ့သည်မှ ယခုအထိ ရေးသမျှသော စာတို့သည် 'စေတနာ'ကို အရင်းခံထားပါသည်။

'ငါ့စာဖတ်၍၊ မဖြတ်တိုင်စေ၊ မရှုံးစေသား' ဟူသော မေတ္တာထားပါသည်။ အထူးသဖြင့် အပျိုစင် သမီးငယ်တို့၏ ဘဝ တစ်သက်တာအရေး အချွေးမမှားရန် အလေးထားခဲ့ပါသည်။ အိမ်ထောင်ရှင်ဖြစ်ကာစ သမီးငယ်များ ကျင့်သုံးနိုင်စေရန် ဖတ်သမျှ၊ မှတ်သမျှ၊ ကြုံသမျှ၊ ကြားသမျှကို ဖြန့်ဝေပေးပါသည်။ ထို့ကြောင့် အရေးမှား၊ အပြောမှား မဖြစ်ရန် အကြောင်းခံဖြစ်သော စေတနာ မှန်ဖို့ကို အဓိကထားပါသည်။

ဤနေရာတွင် ကြုံကြိုက်သဖြင့် စာရေးဆရာ အမှားနှင့် စာမှားအကြောင်း ပြောပြလိုပါသည်။

ကျွန်တော် ငယ်စဉ်က ထင်ရှားသော တက်ကျမ်းများ ပြုစုသည့် စာရေးဆရာကြီးမှာ အရက်ကြိုက်တတ်ပါသည်။ သို့သော် သူ့စာတွင် အရက်ကောင်းကြောင်း မရေးရှာပါ။ လူငယ်များ ဖွံ့ဖြိုးတိုးတက်ကြီးပွားကြောင်းသာ လမ်းစပေးပါသည်။ ရေးပါသည်။ ကျွန်တော်တို့ လူလားမြောက်စတွင် အချို့သော အချစ်ဝတ္ထုရေးဆရာတို့က အသည်းကွဲဇာတ်လမ်းတွင် မင်းသားက ဘဝကို အရက်နှင့် စုန်မျောကာ မင်းသမီး၏အိမ်ရှေ့သို့သွား၍ 'အရက်လောက် သစ္စာမရှိတဲ့အချစ်' ဟု ဟစ်အော်ငိုကြွေးပြခဲ့ပါသည်။

ဤတွင် ပထမဆရာကြီးမှာ လူမှားသော်လည်း စာမမှားရှာပါ။ ဒုတိယအရွယ် ဆရာတို့ကား သိရသလောက် လူလည်းမှား (အရက်



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် အရိုးထုတ်သွားခြင်းကို ဆိုပါသည်) စာလည်းမှားကြသဖြင့် ထိုစာများကို ကိုးကွယ်ခဲ့ကြသော လူငယ်အချို့မှာ စာမှား (ဆရာအမှားကို ကိုးကွယ်မိသော အဇာတသတ်ကဲ့သို့)ကြောင့် ဘဝနစ်မွန်းခဲ့ကြရဖူးသည်ကို အမှတ်ရမိပါသည်။

အစကို ပြန်ကောက်ပါရစေ။

မစားကောင်းသောအသီး။

လူလောကတွင် လူ့ကျင့်ဝတ်များကို ဖောက်ဖျက်၍ မိမိစိတ်ကို အလိုမလိုက်သင့်သော ကိစ္စများစွာရှိ၏။ ယခု အပျိုစင်တွင် သမီးငယ် (ရွယ်တူ သားငယ်များလည်း အကျုံးဝင်စေပါသည်) တို့အတွက် ဆိုခဲ့သော စကားမှာ မစားကောင်းသောအသီးဖြစ်ပါက ဘယ်လောက် အဆင်းလှလှ၊ အမြင်တင့်တယ် တင့်တယ် မှားယွင်းမစားမိစေချင်ပါ။ အန္တရာယ်သာ ဖြစ်စေပါလိမ့်မည်။

နားလည်အောင် ဆိုချင်ပါသည်။

'သူများအိမ်ရာကို မဖျက်ဆီးပါနှင့်' ဟု ဆိုလျှင် ရှင်းပါမည်။ အိမ်ထောင်ရှိသော၊ အသိုက်အမြုံရှိသော ယောကျ်ား၊ မိန်းမ၏ ဒုတိယမြောက်ခင်ပွန်း၊ ဇနီး မဖြစ်စေချင်ပါ။ တိတ်တိတ်ပုန်းရောပြောင်ပြောင်တင်းတင်းပါ မဖြစ်စေချင်။

ယခုအခါ စီးပွားရေးအရလည်းကောင်း၊ ကမ္ဘာ့ရေစီးကြောင်းအရ လည်းကောင်း၊ Globalization အရလည်းကောင်း၊ နိုင်ငံတကာမှာကဲ့သို့ မြန်မာမိန်းကလေးများသည် စီးပွားရှာနေကြသည်။ အလုပ်ရုံများ၊ ဌာနများ၊ ကုမ္ပဏီများ စသည်တို့၌ အလုပ်ဝင်နေကြရာ ရွယ်တူ အမျိုးသားကလေးများ(လူလွတ်များ)သာမက သက်ကြီး





လူလွတ်များအပါအဝင် အိမ်ထောင်ရှိ တစ်ဌာနတည်း လုပ်နေရသူများ၊ မိမိ၏ အထက်အကြီးအကဲများ (ခေတ်သုံးစကားနှင့်နားလည်အောင်ဆိုရပါက Boss) နှင့် ဆက်ဆံလာကြရပါသည်။ ထိုအခါ မလွှဲမရှောင်သာ သွားကြ၊ လာကြ အချိန်ပိုဆင်းကြနှင့် မိမိအိမ်မှာထက် ရုံးဌာနမှာ အချိန်ပိုပေးလာကြရပါသည်။ (တကယ်တော့ အိမ်မှာ အိပ်ချိန်ပဲရှိပြီး နံနက်ရှစ်နာရီမှ ညရှစ်နာရီဆိုသလို အလုပ်ခွင်ထဲမှာ ရှိနေကြရပါသည်)။

မလွှဲမရှောင်နိုင်သော ဆက်ဆံရေးအရ မလွှဲရှောင်နိုင်သော ကိစ္စများ ဖြစ်လာကြရသည်ကို ကြားရဖူး၊ ကြုံရဖူးပါသည်။ ရွယ်တူချင်း၊ လွတ်လပ်သူချင်း ကြုံကြိုက်ရပါက အကြောင်းမရှိပါ။ အသက်ကြီးသူ၊ ထို့ထက်ကား အသိုက်အမြုံရှိသူနှင့် မလွှဲရှောင်နိုင်ပါက ပြဿနာအကြီးကြီး ဖြစ်လာပါသည်။ အနောက်နိုင်ငံအပါအဝင် ယခုအခါ ရေပန်းစားနေသော ကိုရီးယားရုပ်ရှင်တို့၌ အမျိုးသမီး P.A တို့၏ဘဝ သို့မဟုတ် Boss အမျိုးသမီးကြီးအပါးက ပညာတတ်၊ ရုပ်ချော ကောင်ကလေး၏ဘဝသည် ရုပ်ရှင်ထဲမှာကလွဲပြီး ပြင်ပတွင် အားကျစရာမရှိပါ။

မြဝတီမှ လွှင့်ခဲ့သော ကိုရီးယား ရုပ်ရှင်တစ်ကားတွင် အိမ်ထောင်ရှိ သူဌေးကတော်က သူကြိုက်နေသော မင်းသားကလေးကို လူလွတ်ဖြစ်နေသည့် အိမ်ခန်းသော့ပေးပြီး လွတ်လွတ်လပ်လပ်တွေ့ရအောင်၊ သူ့ယောကျ်ားကို စကားထဲထည့်မပြောပါနှင့် ဟူသော စကားမျိုး ပြောသည့်အခန်းမှာ ကျောချမ်းစရာ ကောင်းလှပါသည်။ အာဂ မိန်းမများပေတည်း။

www.burmeseclassic.com



မြန်မာတို့သည် ကျေးဇူးတရား၊ ကိုယ်ကျင့်တရား၊ သစ္စာတရားတို့ကို အလေးထားသော အစဉ်အလာရှိသူများဖြစ်သည်။ ကျေးဇူးပျက်မည့်၊ ကိုယ်ကျင့်ပျက်မည့်၊ သစ္စာပျက်မည့် အပျက်ပျက်သော မျက်နှာပျက်စရာများကို စိတ်အလိုမလိုက်ဘဲ ထိန်းသိမ်းကြရန် အစဉ်အလာကောင်း ရှိခဲ့ကြပါသည်။

ယခုအခါ အထက်ကရေးခဲ့သော 'ကျောက်မဖြစ်တဲ့ ရုပ်ကြွင်း' ကဲ့သို့ သူတစ်ပါး မင်္ဂလာပွဲအထိ ဖျက်ရဲသော၊ မင်္ဂလာဆောင်တော့မည့်ဆဲဆဲအထိ ခင်ပွန်းလောင်းကို သစ္စာမထိန်းသော အဖျက်မင်းသား၊ မင်းသမီးတို့ကိုကား အတုယူစရာမရှိပါ။ အတုယူမိပါက ဘဝတွင် မျက်နှာပြဝံ့စရာ ရှိတော့မည်မဟုတ်ပါ။ 'ကျောင်းကြီးဖျက်မ' ဟူသောအသုံး တွင်စရာသာ ဖြစ်ပါ၏။ အထူးသဖြင့် လင်ကြီးရှိပြီးသော မိန်းမ၊ မယားကြီးရှိပြီးသော ယောကျ်ားတို့ကို မင်းသား၊ မင်းသမီးတွေကို အားကျပြီး 'ချစ်တာတွေ၊ မေတ္တာတွေ၊ သစ္စာတွေ၊ ရင်ကိုခွဲ၍ပြမည်ဆိုပါက' ငရဲမှ တက်လာတော့မည်မဟုတ်ပါ။

'ဖြစ်တိုင်းဖြစ်တိုင်း ဘဝတို့၌ အဖန်တလဲလဲ ယောကျ်ားအဖြစ်ကို အလိုရှိသောသူသည် ခြေဆေးပြီးသောသူက ရွံ့ညွံကို ရှောင်ကြဉ်သကဲ့သို့ သူတစ်ပါးမယား(ခင်ပွန်း)ကို ရှောင်ကြဉ်ရာ၏'

ဗုဒ္ဓ

ဗုဒ္ဓ၏တရားတော်တွင် သူတစ်ပါး၏ အိမ်ရာကို ကျူးလွန်သူသည် ဘဝတိုင်း(ငရဲမှ လွတ်စေကာမူ)မိန်းမသို့မဟုတ် မိန်းမလျာဘဝသာ ဖြစ်ရသည်ဟု ဟောတော်မူ၏။ လောကတွင် လည်း





ကောင်း၊ သံသရာတွင်လည်းကောင်း အကျိုးမရှိသော အမှုကို နှလုံးသား ပြဿနာထက် ဦးနှောက်အလေးထား ဆုံးဖြတ်ကြရန် လိုပေတော့သည်။ မင်းသား၊ မင်းသမီးက ရုပ်ရှင်ထဲတွင် အချစ်ကို သစ္စာရှိပြတိုင်း မိမိက အပြင်တွင် အပြစ်ကြီးပြုပြီး သစ္စာရှိပြနေပါက ကိုယ်ကျိုးနည်း ကုန်ကြပေလိမ့်မည်။

ယဉ်ယဉ်ကလေး အဆိပ်သီးကို သကာလူးပြီး ကျွေးနေသည်မှာ ဆင်ခြင်စရာဖြစ်ပါသည်။ ကျွေးသူကကျွေးလည်း စား၊ မစားက မိမိအဆုံးအဖြတ်သာ ဖြစ်ပါသည်။ အပျိုစင် (လူပျိုများပါ) မစားကောင်းတဲ့ အသီးကို မစားမိကြပါစေနှင့်ဟု ထပ်၍ဆိုရပါကြောင်း။

တပျိုစင် 2004; Cct



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## ဝမ်းနည်းပါတယ် အချစ်ရယ်

အိမ်ထောင်သက် ၈၀ ပြည့်ပြီးသော ဗြိတိသျှ ဇနီးမောင်နှံတို့နှင့် သတင်းဌာနတစ်ခုက တွေ့ဆုံရာတွင် ပါစီ နှင့် ဖလောရင့် မောင်နှံတို့က 'သူတို့သည် ၁၉၂၅ ခုနှစ်ကပင် လက်ထပ်ခဲ့ကြောင်း၊ ၎င်းတို့ လက်တွဲမဖြုတ်နေနိုင်ခြင်းမှာ ဝမ်းနည်းပါတယ်ကွယ်ဟူသော စကား တို့ကို ပြောရန် ဝန်မလေးခြင်းကြောင့်ဖြစ်သည်' ဟု ပြောကြား ခဲ့သည်ဟု ဖတ်ရသည်။ သူတို့အိမ်ထောင်သက်မှာ ကမ္ဘာ့စံချိန် World Record စာရင်းဝင်ဖြစ်သည်။ အသက်အားဖြင့် ၁၀၀ ကျော် ရှိနေပြီ ဖြစ်သည်။

အနောက်နိုင်ငံများတွင် Sorry ဟူသော စကားသည် လူမှု ဆက်ဆံရေးတွင် အသုံးအများဆုံး စကားလုံး ဖြစ်သည်။ သူတို့ ယဉ်ကျေးမှုအရ Thank ဟူသော စကားနှင့် Sorry ဟူသော စကား



www.burmeseclassic.com

www.burmeseclassic.com



သည် တစ်ဖက်သားအပေါ် ကျေနပ်စေသော၊ ခွင့်လွှတ်စေသော စကားအဖြစ် လက်ခံထားကြသည်။ ကျေနပ်ခြင်းကို ဖော်ပြသော စကားလုံးနှင့် စိတ်မကောင်းဖြစ်ရသည်ကို ဖော်ပြသော စကားလုံးများ ဖြစ်သည်။

အိမ်ထောင်ရှင် မောင်နှံတို့ကပင် မိမိတို့ ဇနီးမောင်နှံအကြား 'ဝမ်းနည်းပါတယ်ကွယ် အချစ်ရယ်' ဟု ဆိုလိုက်ခြင်းကြောင့် မကျေနပ်မှုများ၊ တင်းမာမှုများ လျော့ကျသွားရသည်ဟု သိရလေသည်။ မှန်ပါသည်။ မိမိဘက်က မလိုက်လျောနိုင်မှု၊ မှားယွင်းမှု၊ ချွတ်ယွင်းမှုတို့နှင့် ကြုံလာသောအခါ တစ်ဖက်က မိမိအဖော်အပေါ် တောင်းပန်စကားပြောကြားလိုက်ခြင်းသည် အကောင်းဆုံး အပြုအမူ နှင့် ပေးဆပ်ခြင်းဖြစ်သည်မှာ သေချာပေသည်။ သို့သော် ပေါ့ပေါ့ဆိုခြင်းမဟုတ်ဘဲ စိတ်ထဲကလာကြောင်း ဖော်ပြကာ အမူအရာကပါ စိတ်မကောင်းကြောင်း ဖော်ပြဖို့လိုသည်။

ယခုအခါ လူငယ်များစွာသည် ပညာအခြေခံ မြင့်မားကြသည်။ (အနည်းဆုံး ကျေးလက်လူငယ် များစွာသည်ပင် လူမှုဆက်သွယ်ရေး ရုပ်သံ၊ ရေဒီယို၊ စာနယ်ဇင်းတို့ကြောင့် နိုင်ငံခြားယဉ်ကျေးမှုတွင် Sorry နှင့် Thank ကို သုံးကာ တောင်းပန်ခြင်းနှင့် ကျေးဇူးတင်စကား ဆိုခြင်းကို နားလည် လက်ခံလာကြသဖြင့် တောရွာများ၌ပင် လူငယ်များကြား Thank သို့မဟုတ် 'ကျေးဇူးပါပဲဗျာ' ဟူသော အသုံးအနှုန်းကို ကြားနေကြရသည်ပင်။)

ဆယ်ကျော်သက်ရွယ်တို့၏ကြားတွင် ခေတ်အလိုက် ပြောင်းလဲလာသော အသုံးအနှုန်းများ ရှိလာခဲ့သည်။





လွန်ခဲ့သော နှစ် ၄၀ ခန့်က အချစ်သီချင်းများတွင် 'အသည်းရယ်၊ အသက်ရယ်'ဟု တင်စားကြသည်။ နောင်အနည်းငယ် ကြာလာသောအခါ 'ကိုယ်ရယ်၊ အချစ်ရယ်'ဟု ဖွဲ့ဆိုခဲ့ကြသည်။ ယခုအခါတွင်တော့ ရိုးရှင်းစွာပဲ 'မင်းကို ငါချစ်တယ်၊ ငါ့ကို နင်ချစ်မလား' ဟု ဆိုလာသည်။ သူ့ခေတ်နှင့်သူမို့ နားယဉ်ကာ၊ နားလည်ကာ လက်ခံကြသည်။ အသည်းလောက် ချစ်သည်၊ အသက်လောက် ချစ်သည် ဟု တင်စားချက်မှ ပြောင်းလဲလာခြင်းဖြစ်၏။ သို့သော် အခြေခံမှာ ယောက်ျားလေးများက မိန်းကလေးများကို 'ချစ်ပါသည်' ဟု ပြောခြင်းသာဖြစ်သည်။

အချစ်ကို အခြေခံ၍ အိမ်ထောင်ရေးကို တည်ဆောက်ရခြင်းဖြစ်သည်။ ထိုအချစ်မှ ရင့်ကျက်လာသောအခါ မြတ်နိုးတွယ်တာလာခြင်းဖြစ်၏။ သုတေသီတို့က အချစ်၊ အိမ်ထောင်ရေးအကြောင်း လေ့လာ ရေးသားကြသည်။ ပညာပေးကြသည်။ အခြေခံမှာ အိမ်ထောင်တစ်ခု တည်ဆောက်ရန်အကြောင်းသည် အပြန်အလှန် ချစ်ခင်ရန် လိုအပ်ခြင်းပင် အကြောင်းဖြစ်သည်။

ထိုအခါ မိမိ ချစ်ခင်သူအတွက် လုပ်ဆောင်ပေးရသည်။ ဖြည့်ဆည်းပေးရသည်။ အပြန်အလှန် ဖြည့်ဆည်းပေးရခြင်းဖြစ်၏။ ဤသို့ဖြည့်ဆည်းဆောင်ရွက်ပေးရာတွင် အပြည့်အဝ အမြဲတမ်း မဖြစ်နိုင်။ လိုအပ်ချက်အားလုံး အမြဲတမ်း မရနိုင်။ စိတ်ကျေနပ်လောက်အောင် အမြဲတမ်း မစွမ်းနိုင်။ ထိုအချိန်တွင် မိမိက မပြည့်ဝသေးသော၊ မအောင်မြင်သေးသော၊ မပေးနိုင်သေးသော၊ မဖြစ်လိုက်နိုင်သော အချစ်အတွက် 'ဝမ်းနည်းပါတယ် အချစ်ရယ်' ဟူသော



www.burmeseclassic.com

www.burmeseclassic.com



စကားသည် အထိရောက်ဆုံးဖြစ်မည်မှာ သေချာပါသည်။ ဤသို့မှ မဟုတ်လျှင် ခေတ်လူငယ်တို့ စကားမျိုးနှင့်ဆိုသော် ‘စိတ်မကောင်းဘူးကွာ’ဟု ပြောရမည်ထင်သည်။ သို့မဟုတ် တိုက်ရိုက်ပင် Sorry ဟု ဆိုရလေမည်လား မသိ။

ယနေ့ လူငယ်တို့သည် အနောက်ယဉ်ကျေးမှုကို ကျွမ်းကျင်သည်။ အနေအထိုင်၊ အစားအသောက်၊ လူမှုဆက်ဆံရေးတို့ကို အတုယူကြသည်။ သို့သော် အပြောအဆိုတွင်မူ အတုယူမှု နည်းသည်ဟု ထင်ရသည်။ ဘာသာစကားနှင့် ပတ်သက်၍လည်း ဖြစ်နိုင်၏။ ထို့ကြောင့် သူတို့သည် တစ်ယောက်နှင့် တစ်ယောက် တောင်းပန်ခြင်း၊ ကျေးဇူးတင်စကား ဖော်ပြခြင်း၊ ခွင့်တောင်းခြင်းတို့ကို အလေးထား သုံးစွဲဖို့လိုသည်။ အထူးသဖြင့် အချို့ကိစ္စမှာ မိမိတစ်ယောက်တည်းနေစဉ် မသိသာသော်လည်း နှစ်ဦးတွဲ တည်ဆောက်ရသော၊ နေထိုင်ရသော၊ သုံးစွဲရသောအခါ ခွင့်တောင်းဖို့ လိုသည်။ ခွင့်တောင်းခြင်းသည် အောက်ကျခံခြင်းမဟုတ်၊ တစ်ဖက်သူအား အလေးထားကြောင်း ဖော်ပြခြင်းသာဖြစ်သည်။ [ ဥပမာ-ရထားတွဲအတွင်း ဆေးလိပ်သောက်ခွင့်၊ တစ်ဖက်သား အသုံးအဆောင် ယူသုံးခွင့် စသည် ... ]

အိမ်ထောင်သက် ၈၀ ပြည့် ဇနီးမောင်နှံတို့က ပေးသော စကားလက်ဆောင်သည် သူတို့သုံးစွဲနေသော ဆေးနည်းကောင်းပင်ဖြစ်သည်။ ထိုဆေးနည်းကို မိမိတို့နှင့် လိုက်လျောညီထွေဖြစ်အောင် ရေလဲပြောင်း၍ သုံးစွဲကြည့်နိုင်သည်။ အချည်းအနှီးသော စကားတော့ ဖြစ်မည်မထင်။ သို့သော် စတင်သုံးစွဲစတွင်မူ တစ်မျိုး





ဖြစ်ကောင်းဖြစ်မည်။ အတန်ငယ်ကြာသောအခါ နည်းကောင်းတစ်ခုကြောင့် မိမိတို့အတွက် ပို၍ အဆင်ပြေလာမည်မှာ သေချာသည်။

မြန်မာ့လူနေမှုစနစ်သည် အနောက်တိုင်းထက် သာသော အချက်အချို့ ရှိသည်။ ဇနီးသည်က ခင်ပွန်းအား အလေးထားခြင်း ဖြစ်သည်။ ‘အိမ်ဦးနတ်’ ဟုပင် ဆိုစကားရှိသည်အထိ အလေးထားသည်။ ထိုအခါ အိမ်ဦးနတ်ကလည်း မိမိ၏ ဘဝလက်တွဲဖော်အပေါ် အကြင်နာကိုပြသော အပြုအမူနှင့် စကားများသုံးခြင်းသည် အကောင်းဆုံး တုန့်ပြန်မှုပင်ဖြစ်သည်။ ထိုသို့ပြုမူလိုက်၊ ပြောဆိုလိုက်ခြင်းဖြင့် စိတ်ကျေနပ်မှုရကာ အိမ်ထောင်ရေး၌ အဖုအထစ်များ ပြေပျောက်လာခြင်း ရလဒ်ကောင်းဖြစ်လာစေသည်။ ရလဒ်ကောင်းများ ပြည့်နေသော အိမ်ထောင်သည် ကြာလေလေ ခိုင်မြဲလေလေ ဖြစ်မည်ပင်။

လွန်ခဲ့သော သုံးလေးလက ရွှေရတုသဘင်ပွဲများ ကျင်းပရသည့် ကျွန်တော့်မိတ်ဆွေ ဇနီးမောင်နှံအကြောင်း ရေးသားခဲ့ရာ မကြာမီကပင် ထိုမိတ်ဆွေကြီး ကွယ်လွန်သွားခဲ့သည်။ အသက်ရှည်စွာ ပေါင်းသင်းရသည်။ ကုသိုလ်တစ်ရပ် ဖြစ်ပါသည်။ ယခု ‘ပါစီနှင့် ဖလောရင့်မောင်နှံ’ မှာ အသက်တစ်ရာနှင့် တစ်ရာကျော် ဖြစ်သဖြင့် ရှားပါးလေစွဟု ဆိုရပေမည်။ အထူးသဖြင့် အနောက်နိုင်ငံ အိမ်ထောင်ရေးတွင် အနှစ် ၈၀ မျှ တစ်အိုးတစ်အိမ်တစ်ယောက်တည်း လက်တွဲခြင်းမှာ အလွန်ထူးခြားသော ဂုဏ်ရည်ဖြစ်ရုံမျှမက အသက်ထက်ဆုံး ကြင်နာကြသည်မှာ ကြည်နူးဖွယ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ 'ကမ္ဘာ့စံချိန်ဝင်' စာအုပ်၌ ဆက်လက်ဖော်ပြနိုင်ပါစေဟု ကြားရသူတိုင်းက ဆုတောင်းပေးမည်မှာ သေချာလှပါသည်။

အဘိုးပါစီနှင့် အဘွားဖလောရင့်တို့ ပေးခဲ့သော 'ဝမ်းနည်းပါတယ် အချစ်ရယ်' ဟူသော စကားကလေးကို မြေးမြစ်အရွယ်ဖြစ်သော ဇနီးမောင်နှံလေးများက သုံးစွဲကြည့်လျှင်မူ အကျိုး ခံစားရမည်မှာ သေချာသည်ဟု ဆိုရပါသတည်း။

တမျိုးဝင် 2005: Nov



# ငွေနှင့်အတူ အရေးပါသော ...

'အချစ်ရယ် ဘာကြောင့်များ ငွေစကားကို မရပ်မနား ပြောနေချင်ရတာလဲ။ ကျွန်မတို့က ဟိုတုန်းက ပျော်ခဲ့ကြသားပဲ မဟုတ်လား။ ငွေကြေး မချမ်းသာပေမယ့် စိတ်ချမ်းသာ ကိုယ်ချမ်းသာနှင့် ပျော်ခဲ့ကြသားပဲ။ အဲဒီတုန်းက ကျွန်မတို့ ဒီလောက် ငွေစကား မပြောခဲ့ကြပါဘူး။ ... အချိန်ရှိသရွေ့ ငွေစကားပဲ ပြောနေရတာ မငြီးငွေ့သေးဘူးလား'

'မင်းပတ်ဝန်းကျင်မှာ ရှိနေတဲ့လူတွေအားလုံးဟာ ငွေတစ်ခုရဖို့ပဲ အလုပ်လုပ်နေကြတာကွ၊ ငွေကိုရနိုင်သလောက် မရ ရအောင်ယူပြီး ကိုယ့်အိတ်ထဲ ထည့်နေကြတဲ့ အကောင်တွေချည်းပါပဲ။ လောကမှာ ငွေရအောင် လုပ်ဖို့ကလွဲပြီး ဘာမှ လုပ်စရာမရှိဘူး'



www.burmeseclassic.com

www.burmeseclassic.com



'အချစ်ရယ် ... လောကမှာ ငွေတစ်ခုတည်း အရေးကြီးတာ မဟုတ်ပါဘူး။ ... အလေးအနက် စဉ်းစားလိုက်ရင် ရှင့်ဘဝဟာ ပျက်စီးနေပြီ။ ရှင်ဟာ တစ်နေ့ထက်တစ်နေ့ အပေါ်စား နိုင်လာနေတယ်၊ လောဘကြီးနေတယ်။ လုံ့ဝရီးသားမှု မရှိတော့ဘူး။ ကိုယ်ကျင့်တရားလည်း ပျက်စပြုနေပြီ'

'ငါ ငွေလိုချင်ရင် ဘယ်နည်းနှင့်ပဲရရ ရအောင်လုပ်ယူမှာပဲ။ ရဖို့အရေးကြီးတယ်။ လူတွေက မင်းဘာလဲ၊ မင်းမှာ ဘာရှိသလဲ ဆိုတာကြည့်ပြီး ဆုံးဖြတ်တာကွ၊ မင်းမှာ ဘာမှမရှိရင် မင်းကို ဘယ်သူကမှ ဂရုစိုက်မှာ မဟုတ်ဘူး'

ဤစကားများမှာ ဝတ္ထုတစ်အုပ်ထဲမှ ဖြစ်ပါသည်။

အခြားမဟုတ်ပါ။ မောင်ထွန်းသူ ဘာသာပြန်သော 'ရဲတိုက်' The Citadel — A.J.Cronin ဝတ္ထုထဲမှ ဖြစ်၏။ ဇာတ်ဆောင် ဆရာဝန် အင်ဒရူးအား သူ၏ချစ်စွာသော ဇနီး ခရစ္စတီးက ပြောခဲ့သော စကားများဖြစ်၏။

ဆရာဝန်ကလေးဘဝက လူနာများအတွက် အဓိကဟု ခံယူချက်ထားခဲ့သော ဆရာဝန် အင်ဒရူးသည် ဆင်းရဲသော်လည်း စိတ်သဘောထား ပြည့်ဝသူဖြစ်၏။ သူနှင့် ခံယူချက်ချင်းတူသော ကျောင်းဆရာမလေး ခရစ္စတီကို အင်ဒရူးလက်ထပ်ပြီး ကြင်စဦး ဘဝတွင် ဆေးကုသခြင်းမှရသော ငွေဖြင့်သာ စိတ်ချမ်းသာအောင် နေကြသည်။ မကြာမီ အင်ဒရူးသည် ဆေးခန်းဖွင့်ပြီး ကုသရင်း နေ့စဉ်ငွေရလာရာမှ ငွေကိုသာ မက်မောပြီး ငွေသာ ပဓာနဟု ခံယူချက်ပြောင်းသွားသည်။ ဇနီးနှင့် တကျက်ကျက်ဖြစ်လာသည်။

ပထမအကြိမ်



ငွေကို တစိုက်မတ်မတ်ရအောင်ယူဖို့ အမြဲတမ်းကြိုးစားလာသော အခါ စိတ်ဓာတ်ပျက်ပြားသွားသည်။ အသွင်မတူသော အိမ်ထောင် ဖြစ်ရသည်။ ဇနီးက သူ့အား လောကတွင် ငွေသာပဓာနမဟုတ်၊ စိတ်ချမ်းသာ ကိုယ်ချမ်းသာ အေးချမ်းစွာနေနိုင်ဖို့ အဓိကဟု ဝေဖန် ဟောကြောပြသည်။ အင်ဒရူး လက်မခံ။ အင်ဒရူး၏ စကားတွင် 'လူတွေကို အဆုံးအဖြတ်ပေးနေတာ ငွေပါပဲ' ဟု ဆိုလေသည်။

ဤအကြောင်းကိုဖတ်ရင်း ကျွန်တော်သည် ကွယ်လွန်သူ ဇနီးသည်အား သတိရမိသည်။

သူသည်လည်း ခရစ္စတီးလို စကားမျိုး ပြောခဲ့သည်။

ကျွန်တော်တို့ လက်ထပ်စက အိမ်ထောင်ဦးတို့ သဘာဝ လက်ထဲ ဘာမျှ မရှိကြသေး။ ဓာတ်ခဲရေဒီယိုကလေးတစ်လုံးကိုပင် လေးငါးခြောက်လ ငွေစုပြီးမှ ဝယ်ခဲ့ရသည်။

ညအခါ တိတ်ဆိတ်နေသော အိမ်ကလေးထဲတွင် ထိုရေဒီယိုမှ သီချင်းသံကလေးသာ ညင်သာစွာထွက်ပေါ်နေသည်။ ကျွန်တော်က သတင်းစာတိုက်အလုပ်မှ ည ခုနစ်နာရီ ရှစ်နာရီ မှ ပြန်လာရသည်။ ညစာ စားသောက်ပြီးနောက် ညဥ့်နက်ပေပြီ။ အိမ်ရှေ့ခန်းတွင် ဖျာကလေးခင်း၍ လှဲလျောင်းရင်း သီချင်း နားထောင်ကြရသော စည်းစိမ်ကလေးကို သူ သဘောကျလှ၏။ ညဦးပိုင်းတွင် သာယာ သော တေးသံနှင့် အိမ်တံခါးမှ မြင်နေရသော ကောင်းကင်ပြာကြီးကို စိုက်ကြည့်နေသည်။ ရေဒီယိုမှလာနေသော သီချင်းများထဲမှ သူရ သော သီချင်းဖြစ်ပါက တိုးတိုးကလေး လိုက်၍ဆိုနေရသည်ကို နှစ်သက် ပျော်ရွှင်နေသည်။

ယောမင်းကြီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဝန်ထမ်းဘဝမှ ရရှိသော လစာကို လုံလောက် မျှတရုံဖြင့် သုံးစွဲ နေထိုင်ရသော်လည်း ကိုယ်ပိုင်အချိန်တွေ များသဖြင့် နှစ်ယောက်သား နားနားနေနေ ပျော်ပျော်ရွှင်ရွှင် ရှိလှသည်။ စိတ်ချမ်းသာကိုယ်ချမ်းသာဆိုသော ခရစ္စတီး၏ စကားမျိုးပါပဲ။

နောင် ၁၄-၅ နှစ်တွင် သူက ပင်စင်ယူသည်။ မိသားစုက တိုးလာသည်။ ကလေး၄ယ်နှစ်ဦးဖြင့် မိသားစုလေးဦး ဖြစ်လာ၏။ ထိုအခါ သူသည် အိမ်တွင်း၌ ကလေးတွေတာဝန် များလာသလို ကျွန်တော်က နံနက်ပိုင်းတွင် မဂ္ဂဇင်းတစ်စောင်၌ လည်းကောင်း၊ မွန်းလွဲနှင့်ညပိုင်းတွင် သတင်းစာတိုက်၌လည်းကောင်း၊ ညနက်သည် အထိ အခြား မဂ္ဂဇင်းတစ်စောင်၌လည်းကောင်း အလုပ်မပြတ် လုပ်ရသည်။ ဝင်ငွေက လုံလောက်လာပါ၏။ သို့သော် ဇနီးမောင်နှံ အေးအေးလူလူတွေ့ဖို့၊ စကားပြောဖို့၊ နားရက်တွေမှာ လည်ပတ်ဖို့ အချိန်ရှားပါးသွားသည်။ အလုပ်ပြီးရင်း အလုပ်သာ ဖြစ်တော့သည်။

ထိုအခါ သူက ...

'အလုပ်တွေကို ဘာကြောင့် ဒီလောက် လုပ်နေရတာလဲ၊ ဟိုတုန်းကလို အေးအေးလူလူ နားနားနေနေ မနေနိုင်ကြတော့ဘူးလား၊ ဒီလောက် မလုပ်လည်း လုံလောက်မှာပါပဲ၊ အလုပ် သိပ်လုပ်လွန်းတော့ စိတ်မပင်ပန်းဘူးလား'

အလုပ်ချိန် လျှော့ပြီးလုပ်ဖို့နှင့် အိမ်ထောင်ဦးဘဝကမျိုး နားနားနေနေ အချိန်ကလေးတွေ မျှော်လင့်လာသည်။

အိမ်ထောင်ဦးဘဝက အချိန်ကလေးများကို ပြန်ပြီး သတိရရင်း ပြောတတ်သည်။





ခရစ္စတီးနှင့်သူသည် စိတ်ချမ်းသာစွာ နေလိုသော ဆန္ဒကို ဖော်ပြခဲ့ကြသည်။

ယေဘုယျအားဖြင့် အမျိုးသမီးများသည် အိမ်ထောင်သည် ဘဝတွင် စိတ်ချမ်းသာ ကိုယ်ချမ်းသာ အေးဆေးတည်ငြိမ်စွာ နေလိုကြသည်ချည်းဖြစ်မည်ဟု ထင်ပါသည်။ ထို့ပြင် မိမိ၏ ခင်ပွန်းဖြစ်သူသည် အကျင့်စာရိတ္တကောင်းမွန်သော၊ တည်ကြည်ရိုးသားသော၊ ကိုယ်ကျင့်တရား မြင့်မြတ်သောသူများအဖြစ် ဂုဏ်ယူချင်ကြမည်ဟုလည်း ထင်ပါသည်။ သူတို့သည် လောကကြီးတွင် ငွေရှိဖို့မှာ လိုအပ်ချက်တစ်ရပ် ဖြစ်သည်ဟု ယူဆကြမည် ဖြစ်သော်လည်း ချစ်ခင်မြတ်နိုးမှု၊ ကြင်နာမှုတို့သည် ငွေထက်ပို၍ တန်ဖိုးရှိသည်ဟု (အမျိုးသမီးအများစုက ယောကျ်ားများထက်) ခံယူထားကြမည်လည်း ဖြစ်ပါသည်။

လောကမှာ ငွေ တစ်ခုတည်းသာ အရေးကြီးတာ မဟုတ်ကြောင်း သူတို့သိကြသည်။

ဖို့ရွှယ်စဉ်ဘဝ ကျောင်းသား၊ ကျောင်းသူဘဝ တက္ကသိုလ်မှာ တွေ့ကြစဉ်က ချစ်ကြိုက်ခဲ့ခြင်းသည် ငွေရှိသောကြောင့် တစ်ခုတည်း မဟုတ်သည်မှာ သေချာပါသည်။ တချို့က အထင်ကြီးသောကြောင့်၊ တချို့က ပညာတော်သောကြောင့်၊ အချို့က အားကစား၊ အနုပညာ စသဖြင့် ထူးချွန်သောကြောင့်၊ အချို့က ချစ်ခင်မြတ်နိုးဖွယ်ကောင်းသောကြောင့် စသည် စသည်ဖြင့်သာ ဖြစ်ပါမည်။ ငွေ တစ်ခုတည်းသာရှိသော (မိဘချမ်းသာသော အကြောင်းတစ်ခုတည်းဖြင့်တော့) မကြိုက်ကြသည်မှာ သေချာလှပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် ယောကျ်ားလေးဘက်မှ တုံ့ပြန်မှုကို မျှော်လင့်ရာတွင်လည်း မိန်းကလေးများသည် သူတို့ကို အလေးထားမှု၊ သည်းခံမှု၊ မြတ်နိုးချစ်ခင်မှုတို့ကို ပစ္စည်းဝယ်ပေးတာထက် ပိုပြီးအရေးထားကြမည်မှာ သေချာပါသည်။

ထို့ကြောင့် ခရစ္စတီက အင်ဒရူးအား ...

'ခရစ္စတီ မကြာ မကြာတွေးတယ်၊ ခရစ္စတီတို့ စီဖန်ရိုးမှာသာနေကြမယ်ဆိုရင် မီးဖိုချောင်တစ်ခုနှင့် အိပ်ခန်းတစ်ခုပဲရှိမယ်။ ဒါဆိုရင် ခရစ္စတီတို့နှစ်ယောက်အတွက် ပြည့်စုံလုံလောက် သွားတာပဲ၊ ခရစ္စတီတော့ သည်ဘဝကို ဘယ်တော့မှ မမေ့ဘူး၊ အသည်းနှလုံးထဲမှာ အမြဲရှင်သန်လျက်ပဲ၊ သီလား၊ အင်မတန် ခက်ခဲကြမ်းတမ်းတဲ့ဘဝခရီးကို အတူတူလက်တွဲပြီး လျှောက်ခဲ့ကြရတဲ့ အဖြစ်တွေဟာ မေ့စရာကောင်းတာမှမဟုတ်တဲ' ဟု ဆိုခဲ့၏။

ဘဝကိုရင်ဆိုင် ကြုံကြခဲ့ရာတွင် အမျိုးသမီးတို့က ပိုပြီး ခံနိုင်ရည်ရှိသော သဘောပင်ဖြစ်၏။ အမျိုးသားဖြစ်သူကသာ ကြင်နာမြတ်နိုးမှုဖြင့် ရှေ့က မားမားမတ်မတ် ရင်ဆိုင်ပါက နောက်ပါးကတစ်ဖဝါးမကွာ လိုက်ပါတတ်ကြသည်။ သမာသမတ်ဖြင့် ရလာသောငွေကို ကြည်နူးစွာ လက်ခံတတ်ကြသည်။

အမျိုးသမီးများကို (အချို့သော ဝတ္ထုများတွင်) ငွေမက်သူ၊ ဂုဏ်မက်သူ စသော စကားလုံးများဖြင့် ဖာတ်အိမ်ဖွဲ့ကြသည်။

လူ့လောကတွင် ငွေနှင့်ဂုဏ်သည် လိုအပ်ချက်တစ်ခုအဖြစ် နားလည်ထားဖို့လိုသည်။ သို့သော် ငွေနှင့်ဂုဏ်အတွက် ကိုယ်ကျင့်တရားဖြင့် မလဲလှယ်မိဖို့ လိုသည်။ အမျိုးသမီးများသည် ငွေနှင့်





ဂုဏ်ကို လိုချင်သော်လည်း ထိုငွေနှင့်ဂုဏ်သည် ကိုယ်ကျင့်တရားကောင်းဖြင့် ရှာဖွေရရှိဖို့လိုသည်ကို ခရစ္စတီ၏စကားက သက်သေခံနေပေသည်။ ငွေရဖို့ ဘယ်နည်းနှင့်မဆို လုပ်ယူမှာပဲ ဆိုသောအင်ဒရူး၏စကားမှာ ယောကျ်ားအချို့၏စရိုက်ကို ဖော်ပြနေသည်။ ထို့ကြောင့် အိမ်ထောင်တစ်ခုတွင် ငွေနှင့်ဂုဏ်သည် သင့်တင့်လျောက်ပတ်စွာ လိုသည် မှန်၏။ ထိုထက်ကား ကိုယ်ကျင့်တရားမပျက်ဘဲ ရဖို့လိုသည်ကား ပို၍အရေးကြီး၏။

မိမိ၏ပတ်ဝန်းကျင်တွင် ငွေရဖို့တစ်ခုတည်းအတွက် အာရုံထားသူတို့ များလာပြီဆိုလျှင် ထိုနေရာသည် စိတ်ချမ်းသာဖွယ် နည်းသွားလေပြီ။ လောကမှာ ငွေရဖို့ကလွဲပြီး ဘာမှ လုပ်စရာ မရှိဘူးဆိုသောသူတို့ များလာပြီဆိုလျှင် ထိုနေရာသည် စိတ်ချမ်းသာမှုလုံးဝ မရနိုင်တော့ပြီ။

ငွေနှင့်အတူ အခြားအရေးပါသော ကိုယ်ကျင့်တရား၊ စာနာမှု၊ မေတ္တာထားမှု၊ ခွင့်လွှတ်သည်းခံမှုတို့ ရှိအပ်သည်ဟု နားလည်သောအိမ်ထောင်စုသည် စိတ်ချမ်းသာ ကိုယ်ချမ်းသာရှိမည်ကား မုချပေတည်း။

ခရစ္စတီကဲ့သို့ အမျိုးသမီးများသည် မိမိကိုယ်သာမက မိမိ၏အိမ်ထောင်ရှင်ဦးစီးကို ထိန်းပေးနိုင်ကြ၏။ သူတို့သည် အိမ်ရှင်မကောင်း ဖြစ်လိုသည်။ ထိုသဘောကို မြန်မာအမျိုးသမီး အိမ်ထောင်ရှင်တို့နှင့် အပျိုစင်တို့သည် ယုံကြည်လက်ခံထားကြပြီး ဖြစ်ပေလိမ့်မည်။

အပျိုစင် 2005.Dec



www.burmeseclassic.com

www.burmeseclassic.com

## နားလည်သူကို သတိရခြင်း

'သူ' မရှိတော့သည်မှာ ခြောက်နှစ် ပြည့်တော့မည်။ တစ်ယောက်တည်း စတင်နေထိုင်ခဲ့ရသော နှစ်များသည် အမှတ်ရစရာ များလှသည်။

လွန်ခဲ့သော တစ်နှစ်ကျော်က သူကိုယ်ပွား သမီးကြီးကို သမီးနှစ်သက်သောသူနှင့် လက်ထပ်ပေးခဲ့သည်။ မင်္ဂလာပွဲတွင် ကျွန်တော်ပဲ အဖေ၊ ကျွန်တော်ပဲ အမေ ဖြစ်ခဲ့ရသဖြင့် သူ့ကို သတိရသော သမီးကြီးသည် ဖြိုးလိမ်းခြယ်သနေစဉ် မျက်ရည်ဝေ့ဝဲနေသည်။ ကျွန်တော်သည် စိတ်မကောင်းကြီးစွာဖြင့် သမီးကြီးကို ကြည့်နေခဲ့သည်။ ကျွန်တော့် မျက်လုံးများသည်လည်း စိုစွတ်စပြုနေပြီ ဖြစ်သည်ကို သတိပြုမိသည်။

ယောမင်းကြီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



သူ ကွယ်လွန်ပြီးစတွင် 'တစ်ယောက်လမ်းကို လျှောက်သွားခြင်း'၊ 'အားလုံးကို ခွဲခွာသွားလေပြီ'၊ 'အားလုံးကို စွန့်ထားခဲ့လေပြီ' နှင့် 'တစ်နှစ်တာ ကြာခဲ့သော်လည်း' စသော သတိရဖွယ်တို့ကို ကျွန်တော်ရေးခဲ့သည်။ ('အချစ်၏ အထိမ်းအမှတ်'ဝတ္ထုတိုများဟု အခြားဝတ္ထုတိုများနှင့် စုစည်းထုတ်ဝေခဲ့သည်)။

သူ့အား အမှတ်ရခြင်းများစွာဖြင့် နှစ်စဉ် ကောင်းမှုကုသိုလ် ပြုတိုင်း သူ၏ ဇနီးကောင်း၊ မိခင်ကောင်းတစ်ယောက်၏ ချစ်ခင်မှု၊ အနစ်နာခံမှု၊ တာဝန်ကျေမှုတို့ကို မိသားစုနှင့် သူ့အားချစ်ခင်သူများ နှင့်အတူ သတိတရပြောဖြစ်ခဲ့ကြသည်။ တကယ်တော့ အလွမ်း စကား ဆိုခြင်းကို အသက်အရွယ်က ခွင့်မပြုတော့သဖြင့် အမှတ် တရ စကားဖြင့်သာ တင်းတိမ်ရခြင်းဖြစ်သည်ဟု ခံစားမိ၏။

ဤစာပိုဒ်အရောက်တွင် မြန်မာ့ရုပ်သံမှ 'သက်ဝေ'သီချင်းကို ကြားလိုက်ရသည်။ "×××ကမ္ဘာမြေ အသေချိလဲတောင် ×× မခွဲပေါင် တောင်းဆုကိုရွယ် ×××" သော သက်ဝေသည် ကျွန်တော့်အား ဆုတောင်းမပြည့်သူအဖြစ် ဆိုနေလေသည်လား။ ကျွန်တော်တို့သည် သက်ဆုံးတိုင် ပေါင်းရသော်လည်း သူသည် သက်တမ်းစေ့ မနေရ သောကြောင့် ကျွန်တော့်အတွက် အထီးကျန်နှစ်များသည် သူ့အား အမှတ်ရစရာဖြစ်နေခဲ့ရပြန်သည်။

အိမ်ထောင်ဦးကာလတွင် မပြည့်စုံသော်လည်း မညည်းမညူ ပျော်ရွှင်စွာနေခဲ့သော သူ၏ခံနိုင်ရည်ကို အမှတ်ရပြန်သည်။ အိမ်ငှား ဘဝတွင် ကျဉ်းကျပ်စွာ နေခဲ့ရသော်လည်း သူ ပျော်သည်။ အိမ် ကလေး ငယ်ငယ်တွင် ခတ်ခဲရေဒီယို သေးသေးကလေးဖြင့် အပျင်း





ဖြေရင်း ညအလုပ်ပြန် နောက်ကျသော ကျွန်တော့်အား မျှော်နေသော သူ့ပုံရိပ်ကို မြင်လာသည်။ ယခုလို ရုပ်မြင်သံကြားတွေ၊ ပြဇာတ်တွေ မပေါ်သေး၍ ရေဒီယိုက လွှင့်ထုတ်သော သီချင်းသာ နားထောင်အပန်းဖြေရသည်။ ကျွန်တော်သည် မကြာခဏ ခရီးထွက်ရ၏။ တစ်ယောက်တည်း အထီးကျန်၍ ဘယ်မှမသွား မလည်တတ်သော သူသည် အိမ်တွင်သာ အထီးတည်းကျန်နေသော အချိန် များလှသည်။ 'မောင့်ကိုလွမ်းလည်း သောက်တော်ရေချမ်း စားတော်ကွမ်းနှင့်' ဆုတောင်းခြင်းဖြင့်သာ အလွမ်းဖြေခဲ့ရသော သူ၏ နှစ်များသည် ရှည်ကြာလှခဲ့၏။

အစားအသောက်တွင် သူသည် တင်းတိမ်၍ အိမ်ဦးနတ်ကို ဦးစားပေးခဲ့၏။ ရသမျှဖြင့် ဖွယ်ရာအောင်ချက်၍ မိမိအတွက် ဦးစားပေးခဲ့သော သူ၏ ဇနီးတစ်ယောက်၏ အနစ်နာခံမှုကို သတိရမိ ပြန်သည်။ ထမင်းဝိုင်းတွင် ဘာကိုပဲ နှိုက်နှိုက် မိမိပန်းကန်ထဲသို့ ထည့်ပြီးမှ သူစားလေ့ရှိသည်။ ကလေးများ ရလာသောအခါတွင် လည်း ကလေးများသည် ပထမဖြစ်လာသည်။ အကောင်းဆုံးသည် ကလေးများအတွက်ဟု ဆိုရပေတော့မည်။ သူ၏ မိခင်တစ်ယောက် ၏ မေတ္တာကို သမီးများသည် မွေးစမှ သူ ကွယ်လွန်ခဲ့သည့်အချိန် အထိ ခံစားခဲ့ကြရသည်။ သူသည် ပေးဆပ်ခဲ့သူ တစ်ယောက်သာ ဖြစ်ခဲ့သည်။

သူ့ကို သတိအရဆုံးတစ်ခုမှာ ကျွန်တော်၏ဖခင်ကြီး လေဖြတ် ရောဂါ ဝေဒနာသည်ဘဝဖြင့် ရှိနေစဉ် သုံးနှစ်ကျော်ကာလအတွင်း ဖခင်ရင်းတစ်ယောက်ပမာ ကရိကထခံကာ ပင်ပန်းကြီးစွာ ပြုစု



www.burmeseclassic.com

www.burmeseclassic.com



ပေးခဲ့ခြင်းပင်ဖြစ်သည်။ ယောက္ခသူ တစ်ယောက်မျှသာ ဝတ်ကျေ တမ်းကုန်သာ ပြုစုပေးခဲ့မည်ဆိုလျှင်လည်း သူ့တာဝန်ကျေပြီ ဖြစ်ပါသည်။ တကယ်တော့ သူသည် ဖခင်မေတ္တာငတ်ခဲ့သော မိန်းကလေး ဖြစ်သောကြောင့်ပေတည်း။

ကျွန်တော် အလုပ်သွားခါနီး အင်္ကျီ၊ ပုဆိုးမှအစ ပြင်ဆင်ပေးထား၍ စီးမည့်ဖိနပ်ကို ဘရပ်ရှ်ဖြင့် ပွတ်ပေးပြီး အသင့်ချပေးထားသည်မှာ သူ၏ နေ့စဉ်အလုပ် ဖြစ်ခဲ့သည်။ ကျွန်တော်က ရေသောက်လျှင် ဖလား သို့မဟုတ် ဖန်ခွက်ကို အောက်မှ ကြွေပန်းကန်ပြားအသေးလေး ခံထားပေးမှ ကြိုက်သည်ကို သူသည် အမှတ်တရဖြင့် ကျွန်တော်စိတ်ကြိုက်ဖြစ်အောင် ပြင်ဆင်ပေးထားသည်။ တကယ်တော့ သူသည် ကျွန်တော့်အတွက် အစစအရာရာ အဆင်သင့်ဖြစ်အောင် အားထုတ်ထားသည်။ ဇနီးတစ်ယောက် အဖြစ်သာမက မောင်ငယ်ကို ဂရုစိုက်သော အစ်မတစ်ယောက်၏ အယုအယအတိုင်းပင် ဖြစ်နေလေတော့သည်။ သူ၏ ပေးဆပ်ခြင်းမှာ လှပနေလေသည်။

ယခုတော့ ကျွန်တော့်အဖို့ သူ ကွယ်လွန်ချိန်မှစပြီး ဘာမျှ အဆင်သင့် မဖြစ်ခဲ့တော့ပေ။ သူ ကွယ်လွန်စဉ်က စကောစက အရွယ် သမီးငယ်တို့၏ တာဝန်သည်ပင် ကျွန်တော့်ထံ ရောက်လာသည်။

ငါးနှစ်ဆိုသောအချိန်ကို ကျွန်တော် ကြိုးစား ဖြတ်သန်းခဲ့ပြီးပြီ။





ကျွန်တော်သည် ထိုနှစ်များအတွင်း စကားပြောဖော်မရှိတော့ပေ။ အိမ်တွင် စာဖတ်၊ စာရေးခြင်း မရှိခဲ့လျှင် ကျွန်တော့်အဖို့ စကားပြောရန်အတွက် အချိန်နည်းလာသည်။ ကျွန်တော့်ရင်ထဲက စကားတွေကို နားထောင်ပေးမည့်သူ မရှိတော့ပြီကို ကျွန်တော် သိလာရ၏။ ကျွန်တော် ဘာတွေလိုချင်သည်ကို ကြားပေးမည့်သူ မရှိတော့ပြီကို ကျွန်တော် ခံစားနားလည်လာရသည်။ လူသည် သူ၏ အပူတွေ၊ သောကတွေ၊ ဝမ်းသာမှုတွေ၊ ပျော်ရွှင်မှုတွေကို ခွဲဝေပေးဖို့ သည်လို ခွဲဝေတာများကို မျှယူပေးဖို့ အဖော်လိုကြသည်ပင်။ အဖော်ဆိုတာ တကယ်တော့ 'ဘက်' ပင် ဖြစ်သည်။

ငယ်ငယ်တုန်းကတော့ တက္ကသိုလ်ဘုန်းနိုင်၏ 'သူငယ်ချင်းလိုပဲ ဆက်၍ခေါ်မည် . . . နိုင်' ဝတ္ထုထဲက နှစ်လွှာပေါင်းမှ တစ်ရွက်ဖြစ်သော စွယ်တော်ရွက်ကလေးတွေပေးတာကို အချစ်ဟု ထင်မိခဲ့၏။ 'ဘက်' ဆိုသောအဖြစ်ကို နားလည်လာသောအခါ အချစ်ထက် အရေးကြီးသောအရာသည် 'အဖော်' ဖြစ်သည်ဟု ခံစားရတော့၏။ အဖော်မဲ့ကင်းသောဘဝသည် မပြည့်စုံမှန်း နှစ်များ ကြာလာသည်နှင့်အမျှ ပို၍နားလည်လာရလေသည်။

'ကျွန်တော် ပင်ပန်းနွမ်းနယ်လာတဲ့အခါ ကျွန်တော့်ဘေးမှာ . . . . ရှိနေဖို့လိုပါတယ်'ဟူသော ရုပ်ရှင်ထဲမှာပြောသော စကားကို နားလည်နိုင်သော အဖော်သည် အချစ်ထက် ပိုအရေးကြီးသည်ကို ခံစားရလေသည်။ ၁၉၈၈ ခုနှစ် ကျွန်တော် ပြန်းခနဲ ပင်စင်ရလိုက်သောအခါ သူ၏ မငြိုငြင်သောစိတ်ကို အမှတ်ရမိလေသည်။ သူသည် အပြုံးမပျက်ခဲ့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ဘဝအဖော်၊ လက်တွဲဖော်ဟူသော စကားတို့သည် ဘဝနှင့် အဖော်ကို တွဲဖက်ထားသောကြောင့် တစ်ဘဝလုံးအတွက် အဖော်ဖြစ်လာဖို့ အရေးကြီးလှသည်။ နှစ်ဖက်သောလက်တို့ကို ခိုင်မြဲစွာ တွဲထားသူဖြစ်လာဖို့၊ စိတ်တူသဘောတူ ကြည်ဖြူဖို့လိုအပ်လှသည်။ ထိုလိုအပ်ချက်သည် ကံတရားက မျက်နှာသာပေးမှ ရသည်။ ကံအကြောင်းကြောင့် တစ်ယောက်သောသူသည် စွန့်ခွာထွက်ပြေးသွားသောအခါ ကျန်ရစ်သော တစ်ဖက်တည်းသော သူသည် အဖော်မဲ့ကင်းရခြင်း၏ ဝေဒနာခံစားရလေသည်။

မျက်ရည်သည် ဝမ်းနည်းပူဆွေးခြင်း၏ အထိမ်းအမှတ်ဖြစ်၏။ မျက်ရည်သကော်တမပြဘဲ ပူဆွေးခြင်းကြောင့် အပူဒီဂရီ သက်သာမည်ဟု ထင်နိုင်စရာရှိသော်လည်း ခံစားရသူတို့သာ သိနိုင်သော စိတ်ဝေဒနာများတည်း။

သူသည် ကျွန်တော့်အား အမြဲတစေနားလည်၍ ဆန္ဒများစွာကို ဖြည့်ဆည်းပေးသော်လည်း ကျွန်တော် အမှားကျူးလွန်မည်ကို သိသောအခါ ရအောင် တားဆီးနိုင်ခဲ့လေသည်။ ကျွန်တော်သည် ပုထုဇဉ်ဖြစ်၍ အမှားမကင်းပါ။ ထိုအမှားသည် ကာယကံမြောက် မဖြစ်အောင် သူသည် ကာကွယ်နိုင်ခဲ့သည်။ ကျွန်တော့်အပေါ် နားလည်ခွင့်လွှတ်ခြင်းသည် ထိုအမှားမှ လွတ်မြောက်နိုင်ခဲ့ခြင်း ဖြစ်လေသည်။ အိမ်ထောင်ရှင်မတစ်ယောက်၏ ဆန္ဒကို ကျွန်တော် နားလည်နိုင်ခဲ့ပါသည်။ သူတို့သည် အားလုံးကို ခွင့်လွှတ်နိုင်သော်လည်း သူတို့ ခွင့်မလွှတ်နိုင်သောကိစ္စတွင် မိန်းမတို့၏သဘာဝသည် ပေါ်လွင်လာလေသည်။ သို့သော် ပြီးခဲ့သမျှကို ဘာမျှ မသိသလို





ဆက်၍ နေခဲ့ခြင်းသည်လည်း နားလည်ခြင်းတစ်မျိုးပင် ဖြစ်သည် မဟုတ်ပါလား။

သူသည် ကျွန်တော့်အား နားလည်ခဲ့သည်အတွက် ကျွန်တော်တို့ မိသားစုသည် သူ မရှိတော့သည့်အချိန်အထိ မိသားစုအဖြစ် နေနိုင်ခဲ့ပေသည်။ ယခုအခါ ကျွန်တော်၏ သမီးကြီးသည် အိမ်ရာသီးခြားပြုခဲ့ပြီးဖြစ်သည်။ ကျွန်တော့်အတွက် အချိန်များစွာသည် ထီးတည်းပို၍ဖြစ်လာ၏။ စကားပြောဖော်ကို ကျွန်တော် ရှာလိုသော်လည်း သူ၏အရိပ်သည် ကျွန်တော့်အပေါ်သာမက ထိုတစ်ယောက် အပေါ်တွင်ပါ ထိုးကျမည်လေလား။ အဘယ်ကြောင့်ဆိုသော် ...

သူနှင့်ကျွန်တော်သည် အနှစ် ၃၀ နီးပါးဘဝတွင် အတူယှဉ်တွဲ ရုန်းကန်ခဲ့ကြသောကြောင့် 'နားလည်ခြင်း' တွင် အစားရနိုင်ပါမည်လော ?

ကျွန်တော့်အဖို့ အခြားတစ်ယောက်သည် သူနှင့် တူသော နားလည်ခြင်းကို ရနိုင်ပါမည်လော ?

ကျွန်တော်၏အတွေးသည် ဝေဝါးလျက်နှင့် မြူနှင်းများကဲ့သို့ ပါးလွှင့် ပျောက်ကွယ်သွားရပြန်တော့သည်။

'သူ' မရှိတော့သည်မှာ ခြောက်နှစ်ပြည့်တော့မည်။

'သူ'ကို နားလည်သတိရခြင်းသည် ကျွန်တော့်အတွေးတွင် လွှမ်းမိုးလျက် ရှိစေခြင်းဖြစ်သည်ဟုဆိုလျှင် စာနာနိုင်ပေလိမ့်မည်။

အပျိုစင် 2006, Jan



www.burmeseclassic.com

www.burmeseclassic.com

# မိန်းမနှင့် မိန်းမ ခြားနားခြင်း

'သည်မှာ ဆရာကြီးရဲ့ အပျိုစင်ထဲက ဆောင်းပါးတွေက ဇနီးမောင်နှံအကြောင်းတွေချည်းပဲ ဖတ်နေရတယ်။ လင်ရုံ မယားဖက်ကြားမှာ မပါမပြီးတဲ့ ယောက္ခမအကြောင်း ရေးစမ်းပါဦး။ ကျွန်မကလည်း အခု မြေးရနေတဲ့ ယောက္ခမအဖြစ်ရယ်၊ မကြာမီ ထပ်ဖြစ်ရဦးမယ့် ယောက္ခမအသစ်ရယ်ဖြစ်လို့ သမက်နှင့် ယောက္ခမ၊ ချွေးမနှင့် ယောက္ခမတွေအကြောင်း ရေးစေချင်တယ်။ ရေးဖို့လည်း အတွေ့အကြုံတွေ ပြောရဦးမယ် ဆရာကြီးရဲ့'

ဤကဲ့သို့ ဆိုလာသူမှာ အခြားသူမဟုတ်ပါ။ ကျွန်တော့်စာများတွင် ဖော်ပြဖူးသော မိတ်ဆွေအမျိုးသမီးကြီး ဖြစ်ပါသည်။ သူသည် ဇနီးဘဝ၊ ချွေးမဘဝ၊ ယောက္ခမဘဝ အတော်စုံနေပြီ ဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သူပြောမည်ဆိုပါက ပြောစရာအတော်ရှိနေမည်မှာ သေချာပါသည်။ သို့နှင့် သူ၏ဟောတရားကို အတန်ငယ် နားထောင်ပြီးနောက် ကျွန်တော်သည် အခြားသော မိတ်ဆွေ လင်မယားတစ်စုံတွဲနှင့်လည်း စကားပြောဖြစ်ပြန်ပါ၏။ ဤသို့ပြောသမျှ နားထောင်သမျှသည် ကျွန်တော့်နားသာမက ဇနီးမောင်နှံအများနားသို့ ကြားစေချင်သောကြောင့် ဤစာကို ရေးလိုက်ပါသည်။

ယောက္ခမဆိုသည်မှာ အများသိပြီး ဖြစ်ကြသည့်အတိုင်း 'ယောက္ခမ ဆိုတာလည်း အရင်တုန်းက သမက်(ချွေးမ) ပါပဲ' ဟု ဆိုကြရမည့်သူများပင်။ သူတို့သည် သမက်(ချွေးမ)ဘဝတွင် အနှစ် ၂၀ ကျော် နေခဲ့ပြီးပါမှ ရာထူးတိုးကာ ယောက္ခမ(ယောက္ခသူ) များဘဝ ရောက်လာခဲ့ကြရသူများပင်။ ထို့ကြောင့် သမက်(ချွေးမ)ဘဝတွင် ကြုံခဲ့ရသော အဖြစ်သနစ်ကို မိမိတို့အလှည့် ကျလာသောအခါ ပြန်ပြီး အသာစီးယူချင်တတ်ကြသူများ ဖြစ်လေမလားဟု ရှေးဦးစွာ စဉ်းစားမိပါသည်။ အကြောင်းမှာ 'မျှမျှတတ ယောက္ခမ' ဟူသော ဟာသပုံပြင်ကလေးများက ယောက္ခမများ မမျှတပုံကို သရော်ထားကြသောကြောင့် ဖြစ်ပါသည်။

ယောက္ခမ(သူ)အကြောင်း စဉ်းစားလိုက်သောအခါ မိန်းမတို့သဘာဝအရပဲ ဆိုကြပါစို့။ မိန်းမ ယောက္ခမနှင့် ချွေးမတို့သည် ထိပ်တိုက်တိုးမှု ရာခိုင်နှုန်း မြင့်တက်နေသည်ကို ပထမဦးဆုံး သတိပြုမိပြန်၏။

မိန်းမ ယောက္ခမ အတော်များများ၏ အခြေခံမှာ သမီးဖြစ်ပါက လင်တော်မောင်ထံမှ ဝင်ငွေထိန်းချုပ်ရေးနှင့် မိမိဘက်သို့ အသာ





ပေးရေးကို သင်ပေးတတ်သလို သားဖြစ်ပါက မယားနေစ ကြောင်သေမှနှင့် ဝင်ငွေကို မယားလက်မအပ်ဘဲ အမေ့လက်အပ်ရေး သင်ခန်းစာကို ဟောပြောတတ်သည်ဟု ဆိုပါ၏။ (အဆို စကားသာဖြစ်၍ ဤသို့ ရေးရခြင်းပါ။)

ချွေးမ တော်တော်များများ၏ အခြေခံမှာ လင့်လုပ်စာကို အားလုံးကိုင်ပြီး လိုအပ်သည်ကို ခွဲတမ်းချပေးရေး၊ မိမိအိမ်ထောင်ကို မိမိလက် မိမိခြေ လုံးဝဥဿုံ စီမံခန့်ခွဲရမည်ဟူသော ပိုင်စိုးရေးမှုကို ကိုင်စွဲတတ်ကြပါသည်။ ထိုသို့ အခြေခံမှုချင်း သဟဇာတမဖြစ်သော မိန်းမနှစ်ယောက် တစ်မိုးအောက်တည်းတွင် အတူနေကြပြီဆိုသော အခါ တကျက်ကျက်ဖြစ်သည်မှာ ဆန်းပါ၏လော။

ယောက္ခမကလည်း သုံးပေပတ်လည်ခန့်သာကျယ်သော မီးဖိုချောင်တွင် သူနိုင်းတာကိုပဲ ချွေးမက လုပ်စေချင်၏။ အကြောင်းမှာ သားဖြစ်သူကို အနှစ် ၂၀ အစိတ် ချက်ပြုတ်ကျွေးမွေးလာသော အမေက သားအကြိုက်သိနေသောကြောင့် သူချက်မှ သား စားကောင်းမည်(ဟုထင်၏)။ ချွေးမကလည်း လင့်အကြိုက်သူသာသိ၍ သူချက်ကျွေးပါက သေဆေးတောင်(ကြမ်းပေါက်ကချ ... မဟုတ်ပါခင်ဗျာ) စားလိမ့်မည်ဟု ခံယူထားသောကြောင့် ထိုအမျိုးသမီးနှစ်ဦးသည် ထိုအခန်းကျဉ်းကလေးထဲတွင် ဖင်ချင်းပေါက် ရန်ဖြစ်နေတတ်သည်ဟု ဆို၏။

ထမင်းဝိုင်း၌တွင် အမေက သားပန်းကန်ထဲသို့ ကြက်အသည်းအမြစ်ကို ခပ်ထည့်ပေး၏။ သားဖြစ်သူက ထိုအမေ ခပ်ထည့်ပေးသော ကြက်အသည်းအမြစ်ကို သူ့ဇနီးမယား ပန်းကန်ထဲသို့



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြောင်းထည့်ပေးတတ်၏။ ထိုအဖြစ်ကိုမြင်သော ယောက္ခမသည် ချွေးမအား မေတ္တာပွားနိုင်ပါတော့မည်လော။

လခထုတ်လာသောအခါ သို့မဟုတ် ခရီးဝေးမှ ပြန်လာသော အခါ ဇနီးမယားအတွက် လက်ဆောင်ပစ္စည်းလေးငါးခု ပါလာတတ် သော်လည်း အမေ့အတွက် မုန့်ကလေးတစ်ခု ပါလာဖို့ပင် မေ့နေ တတ်သော(မေ့ချင်ဟန်ဆောင်သော)သားကို အကြောင်းပြု၍ ချွေးမကို မေတ္တာတုံး ကြီးကြီးမားမားထားဖို့ ခက်ပေလိမ့်မည်။ ထိုအဖြစ်မျိုးက အတူနေဖို့ အဆင်မပြေချင်စရာဖြစ်၏။

တစ်အိမ်စီနေပါကလည်း ယောက္ခမက သားအိမ်သို့သွား၍ ဟိုဟာဒီဟာ ဟိုလိုဒီလို စီမံချပေးချင်၏။ ချွေးမက ဧည့်သည်လို အိမ်ဦးခန်းမှာပဲ ထိုင်နေပြီး စားချိန်တန်မှ အမေ စားပွဲလာပါဟု ဆိုသောအခါ ထိုစကားကို သိပ် မှိုမကျချင်။ ငါ့သားအိမ်ပဲ ငါ့အိမ် ပေါ့ဟု ဆိုကာ တွေ့ကရာဝင်လုပ်သော် ချွေးမနှင့် ထိပ်တိုက် တိုးတော့၏။

ယောက္ခမ အတော်များများသည် မိမိအိမ်တွင် သမီးနှင့်အတူ သမက်ကို အိမ်ရှေ့ခန်းတင်ထားပြီး သမီးကမွေးသော မြေးကို ချေးသေးမကျန် ကျုံးလုပ်ပေးလိုသော်လည်း သားနှင့်အတူ လာနေ မည်ဆိုသော ချွေးမကိုမူ သဘောမကျချင်တတ်ဟု ဆိုကြပါ၏။ လာနေပါကလည်း မီးဖိုချောင်တွင် ခိုင်းတာ အဆင်မပြေ၍၊ ထဘီ၊ အင်္ကျီလှန်းတာ၊ မီးပူတိုက်တာ အချိုးမကျ၍ တစ်နေ့တစ်နေ့ မှန် လေးငါးကြိမ် ကြည့်နေပြီး ယောက်ျားရပါမှ အလှပြင်လွန်းနေ၍၊ မိမိလင်ယောက်ျားကို မထေမဲ့မြင် ပြောတတ်၍၊ မိမိအား ညအိပ်ရာ





ဝင်ခါနီးတွင် ရှိမခိုး၍ ... စသော စသော ရှေ့ပေါင်းများစွာဖြင့် တစ်နေ့မဟုတ်တစ်နေ့ တကျက်ကျက် ဖြစ်နေတတ်သည်။

ဤအဆိုများမှာ ယောက္ခမနှင့်ချွေးမ အကြောင်းထဲမှ အနည်း ငယ် ဖြစ်ပါသည်။ အသေးစိတ် ရေးပြပါက အများကြီးရှိပါသေး သည်။ ထားပါတော့။

ယောက္ခသူနှင့်သမက်တို့မှာ ယောက်ျားများဖြစ်၍ စကား ပြောကြည့်ပြီး လိုင်းမတည့်ဟုထင်ပါက မေးထူးခေါ်ပြော ဆက်ဆံ တတ်ကြသည်။ မလွှဲသာမှသာ မျက်နှာချင်းဆိုင်သည်။ တော်တန်ရုံ အကောင်းအဆိုးကို ဘာမှ ဝင်မပြောတတ်။ ထင်မြင်ချက်လည်း မပေးတတ်။ တစ်မိုးတည်းအောက်မှ လူစိမ်းများကဲ့သို့ နေတတ်ကြ သည်။ ဤတစ်ချက်တည်းဖြင့်ပင် ယောက္ခသူနှင့်သမက် ဆက်ဆံရေး သည် စကားစပြီး ပြောစရာမရှိပြီ။ တဖန် ယောက္ခသူနှင့် ချွေးမ ဆက်ဆံရေးမှာ ယောက်ျားကြီးက နေရာတကာ ဝင်ပါနေလျှင် ဟန်မကျသောကြောင့် မျက်နှာလွှဲနေတတ်ကြသည်။ အတော် အတန်ကိစ္စ နားမပါသလို၊ မျက်စိမမြင်သလို နေတတ်သည်။ ထို့ကြောင့် များသောအားဖြင့် ယောက္ခသူနှင့်သမက် ချွေးမ ဆက်ဆံ ရေးမှာ ထိပ်တိုက်တိုးစရာ အတော်နည်းသွားပေပြီ။

(သို့သော် အချို့သော သမက်တို့မှာ ယောက္ခသူကို အကောင်း မထင်တတ်ဘဲ ရှိတတ်ကြသည်။ ဦးရေ နည်းပါ၏။ လူငယ်တို့၏ အားနည်းချက်ဖြစ်သော စီးကရက်၊ အရက် အလွန်သောက်စားခြင်း၊ အပျော်အပါး မကင်းခြင်း၊ ဇနီးမယားအပေါ် နိုင်လိုမင်းထက် စီးပိုးဆက်ဆံခြင်း၊ အဖြုန်းအတီးများခြင်း၊ ယောက်ျားတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ရှိသင့်သော စာနာစိတ်၊ ရင့်ကျက်စိတ်၊ အတွေးအခေါ် စသော IQ နိမ့်ခြင်းကို ပြောပြသော ယောက္ခသူမျိုးကို သူတို့၏အပြစ်ကို ရှာဖွေဖော်ထုတ်သည် ထင်တတ်ကြသည်။ သို့အတွက် စကားမပြောဘဲ နေကြခြင်းလည်း ရှိပါသည်။)

ဤမျှဆိုလျှင် ယောက္ခမနှင့်ချွေးမ(သမက်)တို့၏ ဖြစ်တတ်သော ဝိရောဓိကို မြင်နိုင်ကြပြီထင်ပါသည်။ ထိုဝိရောဓိသည် ပဋိပက္ခအသွင် ဆောင်မသွားဖို့ လိုပါသည်။ ပဋိပက္ခဖြစ်လာပါက ဖြေရှင်းရခက်တတ်ပါသည်။ ဝိရောဓိကို နားလည်သော (နားလည်သွားသော) တစ်ဖက်ဖက်က လိုက်လျောတတ်လာပါက အဆင်ပြေသွားနိုင်ပါသည်။ ပဋိပက္ခသည် တင်းမာတတ်၍ နာကျည်းစရာ ဖြစ်တတ်ပါ၏။ ခွင့်လွှတ်နိုင်သော အဆင့်မှာပင် ပြေပြစ်ကြပြီး အဆင်ပြေသော မိသားစုများ ဖြစ်စေချင်ပါသည်။ တစ်ယောက် တစ်ယောက် ခွင့်လွှတ်နားလည်ခြင်းသည် ကောင်းပါသည်။ လူဟူသည် အစွဲရှိပါသည်။ လူ့သဘာဝအရ ငါသာမှန်သည်ဟု ထင်တတ်ပါသည်။ ထိုအထင်ကြောင့် သူ မှားသည်ဟု လောဂျစ်နည်းအရ ဖြစ်သွားပါသည်။ အမှန် တစ်ခုသည် အမှန်နှစ်ခုလောက် အရာမရောက်ဟု သိထားခံယူထားလျှင် အကောင်းဘက် ရှေးရှုလေပြီ။

ကျွန်တော်၏ဆောင်းပါးတွင် ခေါင်းစီးအမည်ကို 'ယောက္ခမနှင့် ချွေးမ' ဟု ပေးလိုပါသည်။ တကယ့် အပြည့်အစုံမှာ 'ယောက္ခမနှင့် ချွေးမ သို့မဟုတ် ယောက္ခသူနှင့် သမက်' ဟုဆိုလျှင် ပိုပြီး ထင်သာမြင်သာပါမည်။ သို့သော် ရှည်လွန်းလှ၍ ပယ်လိုက်ပါ၏။





ဤအကြောင်းကို ဖတ်ကြရသော ကျွန်တော်၏စာဖတ်သူတစ်ဦး ဖြစ်သော ကျွန်တော့်မိတ်ဆွေကြီးသည် လည်းကောင်း၊ အခြားသော ကျွန်တော့် မိတ်ဆွေများနှင့် သူတို့၏ ဥပဒေအရ တော်စပ်ခွင့်ရကုန်သော in - law များသည်လည်းကောင်း အခြေခံကွာခြားမှုကို ပထမကတည်းက သိပြီးဖြစ်နေသော် (မနေခဲ့သော် မြိန်ပြီး သတိရလျှင်) ကျေနပ်ဖွယ်များ ဖြစ်ပေါ်လာပါလိမ့်မည်။ (ကျွန်တော်သည် အပျိုစင်မဂ္ဂဇင်းတွင် လွန်ခဲ့သော လအတန်ငယ်က ယောကျ်ားနှင့်မိန်းမ အခြေခံ ခြားနားမှုများကို ဆောင်းပါး နှစ်ပုဒ်လောက် ရေးခဲ့ပြီးဖြစ်၍) ယခုဆောင်းပါးသည် 'မိန်းမနှင့် မိန်းမ ခြားနားခြင်း' ဟုပဲ ဆိုချင်ပါတော့သည်။

တပျိုစင် 2006: Feb



www.burmeseclassic.com

www.burmeseclassic.com

# အချစ်နှင့်အတူ အရေးပါသော

အာဒံနှင့်ဧဝက စခဲ့သော အချစ်သည် ယနေ့အထိ ရှင်သန်နေဆဲဖြစ်၏။ အချစ်အကြောင်း ပြောကြရာတွင် ရာစုနှစ်များစွာကြာခဲ့ပြီးသော ရိုမီယိုနှင့် ဂျူလီးယက် အကြောင်း၊ ဝေလ မင်းသားနှင့် မစွက်ဆင်ပဆင် အကြောင်း၊ တာဂျ်မဟာ၏ အရှင်သခင်ရှားဂျဟန် နှင့် မမ်တာဂျ်မဟာ မိဖုရားတို့အကြောင်းတို့မှအစ မြန်မာရာဇဝင်ထဲက ရှင်မွေ့နွန်း မင်းနန္ဒာ အံ့ပါအဝင် အချစ်နှင့် ပတ်သက်၍ အသက်ပေးကြ၊ ရာထူးစွန့်ကြ၊ စွန့်စားကြ၊ အမှတ်အသားပြုကြသူတိုင်းကို သက်သေတည်ကြသည်။

'နှစ်ယောက်တည်းနေချင်တယ်' 'သက်ဝေ' စသော အသက်ကိုပေး၍ ချစ်ချင်ကြသောသူတို့အကြောင်း တေးများသည် ယနေ့တိုင် ထင်ရှားနေဆဲဖြစ်သည်။

ယောမင်းကြီးတာပေ

www.burmeseclassic.com

www.burmeseclassic.com



အချစ်အတွက် အသက်ပင်သေသေ ဆိုသောစကားမှာ အချစ်ခံရသူအတွက် နားဝင်ချိုသော ပျားရည်ဖြစ်သည်။ သို့သော်

ဤ သို့သော်မှာ ...

မကြာသေးမီက လူငယ်တစ်ယောက် မိမိကိုယ်ကို ကြိုးဆွဲချ၍ အသက်ဆုံးရှုံးသွားရသော သတင်းတစ်ခု ကြားရသည်။ အချစ်အတွက်ဟု ဆိုကြသည်။ လူငယ်လေးတစ်ယောက်ဖြစ်၍ သူ့ကို မျှော်လင့်ချက်ထားသော မိဘတို့သည် စိတ်မကောင်းကြီးစွာ ဖြစ်ရတော့၏။ သူသည် အချစ်အတွက် အသက်ပင်သေသေ ဆိုသော စွန့်လွှတ်ခြင်းလား၊ အဆင်မပြေ၍ စွန့်လွှတ်ခြင်းလား သေချာစွာ ထပ်ပြီး မစေ့ငုတော့ပါ။ သို့သော် လူငယ်တို့၏ အချစ်အတွက် အသက်နှင့်လဲခြင်းကား အတုယူစရာ မဟုတ်တော့သည်ကတော့ သေချာပါသည်။

ကျွန်တော်သည် 'ငွေနှင့်အတူ အရေးပါသော' ဟူသည့် အိမ်ထောင်ရေးတွင် ငွေသာမက အခြားအရေးကြီးသောအရာများ ရှိနေသေးကြောင်း ဆင်ခြင်နိုင်ရန် အတွေးများပေး၍ ရေးသားခဲ့ဖူးသည်။ [အမျိုးစင် ၂၀၀၅ ဒီဇင်ဘာ]

ယခုလည်း 'အချစ်နှင့်အတူ ...' အကြောင်းကို ပြောပြလိုသည်။ အချစ်သည် စိတ်ကို ကြည်နူးစေသည်။ လွမ်းမောစေသည်။ ပျော်ရွှင်စေသည်။ တက်ကြွစေသည်။ မျှော်လင့်စေသည်။ အားထုတ်စေသည်။ ဤသို့ ကောင်းကွက်များနှင့်အတူ ဆန့်ကျင်ဘက်အားလုံးကို ဖြစ်ပေါ်စေသည်။ စိတ်ကို ညည်းညူစေသည်။ ဒေါသကိုဖြစ်စေ





သည်။ ငိုကြွေးစေသည်။ ပန်းလျစေသည်။ ဆုံးရှုံးစေသည်။ အားလုံးကို စွန့်လွှတ်စေသည်။

ဤသို့ အဆိုးနှင့်အကောင်း နှစ်ခုစလုံးကို ဖြစ်စေသည်မှာ အချစ်က ပြုလုပ်ခြင်း မဟုတ်ပေ။

အချစ်သည် အချစ်သာဖြစ်၏။ အချစ်ကို လက်ခံသူက ထိုနှစ်ခုထဲမှ တစ်ခုကို ရွေးချယ်လိုက်ခြင်းသာဖြစ်သည်။

'ညီမလေးက အချစ်ကို ကိုးကွယ်သတဲ့လား' ဆိုသော မိုးမိုး (အင်းလျား)၏ ဝတ္ထုတစ်ပုဒ်တွင် အချစ်ကို အလေးထားလွန်းသော မိန်းကလေးတစ်ယောက်၏ လွမ်းမောဘွယ်ဘဝကို ရေးခဲ့ဖူးသည်။ အချစ်သည် ကိုးကွယ်စရာ ဟုတ်ပါ၏လားတဲ့။

အချစ်ကို မရှာပါနှင့်ဆို၍ မရနိုင်။ အချစ်သည် ငယ်ရွယ်သူတို့အတွက် တပ်မက်ဖွယ်သော အရာဖြစ်၏။ လူ၏ ရုပ်ခန္ဓာအရ၊ စိတ်သန္တာန်အရ အရွယ်ရောက်လာလျှင် အချစ်သစ်ပင်အတွက် မျိုးစေ့သည် ဝင်ရောက်လာမည်သာ ဖြစ်၏။ ထိုအချစ်ကို ရေခံမြေခံကောင်းတွင် ကောင်းစွာ ပြုစုစောင့်ရှောက်ဖို့လိုသည်။

အချစ်ဝတ္ထု၊ အချစ်ကဗျာ၊ အချစ်ရုပ်ရှင်၊ အချစ်ဂီတ အားလုံးသည် လူငယ်တို့အဖို့ နှစ်သက်ဖွယ်ပင်။ ထို အချစ်အကြောင်းတို့သည် ကြည်နူးဖွယ် ဖြစ်စေသော်လည်း မှန်ကန်စွာ အသုံးချဖို့လိုသည်။ ထို့အတူ အချစ်အကြောင်းရေးဖွဲ့ကြသော 'ရသ'အားလုံးတို့ကလည်း မှန်ကန်သောအသိနှင့် ဦးတည်ချက်ပေးဖို့လိုသည်။ အချစ်အတွက် အသက်ပေးခြင်းသည် ဘယ်အခါတွင် လိုအပ်သနည်း။ မိမိချစ်သူအား သက်သေပြရုံဖြင့်တော့ အသက်ပေးရန် မလိုပေ။



www.burmeseclassic.com

www.burmeseclassic.com



အချစ်သည် ငယ်ရွယ်သူတို့အား မှန်ကန်စွာကြည်နူးစေသောအရာ ဖြစ်ဖို့ အရေးကြီးလှသည်။

ဤတွင် မကြာသေးမီက ဂျာနယ်တစ်စောင်တွင် ဖတ်ရသော အချစ်အကြောင်း ဝတ္ထုလေးကို ပြန်ပြီး ပြောပြလိုသည်။ ဖတ်ကြည့်ပါ။

... ထိုသစ်ပင်ပေါ်မှနေ၍ ချစ်သူ၏ အိမ်အပေါ်ထပ်ကို ကျွန်တော် လှမ်းကြည့်မိပါသည်။ အိမ်အပေါ်ထပ်တွင် ချစ်သူကို မြင်ရ၏။ သူ စာကျက်နေသည်။ သစ်ပင်ပေါ်မှ ကျွန်တော် အလျင်အမြန် ဆင်းသက်လိုက်၏။

'ဟော့ကောင်တွေ ငါတို့ပြန်ကြမယ်၊ ဂစ်တာ မတီးတော့ဘူး'

'ဘာဖြစ်လို့ ပြန်မှာလဲ'

'သူ စာကျက်နေတယ်'

'ဩော် ... စာကျက်တာကို အနှောင့်အယှက် မဖြစ်စေချင်လို့ ပြန်မှာပေါ့ ဟုတ်လား'

'ငါ ဒီလောက် အရမ်းတွေ သတိရနေတဲ့အချိန်၊ အရမ်းအရမ်းကို လွမ်းနေတဲ့အချိန်မှာ သူ စာကျက်မပျက်ဘူး၊ သူ့အလုပ်ကို မပျက်မကွက်လုပ်နိုင်တယ်၊ သူတောင်မှ သူ့အလုပ်သူ မပျက်မကွက် လုပ်နိုင်သေးတာပဲ၊ ငါလည်း ဘယ်လောက်ပဲလွမ်းလွမ်း ဘယ်လောက်ပဲ သတိရရ ငါ့အလုပ်ကို ငါလုပ်နိုင်မှ ဖြစ်မယ်'

ရည်းစားထားသူများ-မောင်လှမျိုး(ချစ်ဆေးငြိမ့်)
အလင်္ကာဝတ်ရည်၊ အမှတ် ၂

ဘယ်လောက် လှပသော အချစ်ဝတ္ထုကလေးဖြစ်ပါသနည်း။





အချစ်ကို ချစ်စေတတ်သော ဝတ္ထုကလေးတစ်ပုဒ်ဖြစ်သည်။ ဖတ်ရသူ လူငယ်တို့အတွက် ဝတ္ထု၏ရည်ရွယ်ချက်သည် အချစ်စစ်တစ်ခုကို တွေ့နိုင်စေမည်ဟု ထင်ပါသည်။

ကျွန်တော်သည် အချစ်အတွက် သက်စွန့်သွားသော လူငယ်အဖို့ စိတ်မကောင်းဖြစ်ပါသည်။ သူ့အား လမ်းမှန်သို့ မပို့ပေးနိုင်ခဲ့သော မိသားစုအား အပြစ်မဆိုလိုသော်လည်း ချွတ်ယွင်းသည်ဟုတော့ ဆိုချင်သည်။

လူငယ်တို့အား အချစ်ဝတ္ထု မဖတ်ရန် ပိတ်ပင်၍ မရနိုင်။ အချစ်ရုပ်ရှင် မကြည့်ရန် တားမြစ်၍ မရနိုင်။ အချစ် ဂီတတွေ နားမထောင်ပါနှင့်ဟု ဆို၍မဖြစ်။ ထို ဝတ္ထု၊ ရုပ်ရှင်၊ ဂီတတို့ကို ရွေးချယ်တတ်ရန် လမ်းကြောင်းပေးဖို့သာလိုသည်။ အချစ်ကို အပြစ်ဆို၍ အရက်ဖြင့် ပျော်စေသည်။ ဟိုတယ်တွေမှာ ပျော်စေသည် ဆိုသော ရသဖုံးထားသည့် ဆေးခါးကြီးမျိုးကို မတိုက်မိဖို့သာလိုသည်။ အချစ်ကြောင့် အရက်သောက်ရပါသည်ဆိုသော အနုပညာ (စာပေ၊ ဂီတ၊ ရုပ်ရှင်) အားလုံးသည် အဆိုးရွားဆုံးဆေးဖြစ်သည်။

လောကတွင် အချစ်ထက် အရေးကြီးသောအရာတွေ ရှိနေသေးသည်ကို သိစေချင်သည်။

ချစ်သူကိုမရ၍ အသက်စွန့်သော ရိုမီယိုတို့၊ နန်းစွန့်သော ဝေလမင်းသားတို့သည် ရသအနေဖြင့် ခံစား၍ ကောင်းသော်လည်း လောကတွင် လိုက်လုပ်ဖို့ 'လမ်းပြ' များ မဟုတ်ပေ။ သစ္စာစောင့်ရန်ကား လိုပါသည်။ ချစ်သူကို သစ္စာမဖောက်ဖျက်ဘဲ စောင့်ထိန်းတတ်



www.burmeseclassic.com

www.burmeseclassic.com



သော အချစ်မျိုးကား ရှိရပါမည်။ ခွဲခွာသွားသော အချစ်အပေါ် သစ္စာစောင့်ခြင်းမျိုးသည် ကောင်းပါ၏။ သတိရခြင်းသည် ကောင်းပါ၏။ လိုက်၍သေပေးသည်အထိ သက်သေပြရန်ကား မလိုပေ။ အချစ်အတွက် အသက်သေပြသော အနုပညာအားလုံးသည် အဆိုးရွားဆုံးဆေး ဖြစ်သည်။

မိမိသည် မိသားစုအတွက်၊ မိမိပတ်ဝန်းကျင်အတွက် လုပ်စရာများ ပြုလုပ်၍ ကောင်းကျိုးများဖြင့် လောကကို အလှဆင်ပြီး ချစ်သူအတွက် မျှဝေပေးရန်ကား လိုသည်။

အချစ်နှင့်အတူ အရေးပါသော အရာများကို ချစ်နေကြသော လူငယ်များ ရှာဖွေတွေ့နိုင်ပါစေဟု ဆန္ဒပြုပါသည်။ ရှာဖွေတွေ့နိုင်သော သိင်္ဂီရ ရသကောင်းများပါသည့် လောကတန်ဆာ ဝတ္ထု၊ ကဗျာ၊ အနုပညာများကို ခံစားနိုင်ကြပါစေဟု ဆန္ဒပြုပါသည်။

တပို့တွဲ 2006; Mar.



## ဖူးစာ

ဖူးစာဟုဆိုသော ရှေးက စပ်ခဲ့သောကံဖြင့် ယခုဘဝတွင် တူနှစ်ကိုယ် အကြောင်းဆက်ပေါင်းဖက်ရခြင်းသည် ကြည်နူးစရာဖြစ်သည်။ ကံအကြောင်းကိုပြု၍ 'ရှေးရေစက်'ဟု ဆိုကြပြန်သည်။ ဖူးစာကို Past deed of merit done together resulting in the present for future encounter ဟု ဖွင့်ဆိုသည်။

ဖူးစာရေးနတ်(သဏ္ဍာဘာဂ)ရှိသည်ဟု အချစ်ကဗျာ၊ အချစ်စာ(ဝတ္ထု)တို့တွင် နိုင်ငံများစွာ၌ ဖွဲ့ကြသည်။ မြန်မာကပဲ စောသလား၊ ဂရိနတ် သမိုင်းကပဲ စောသလော သေသေချာချာ သုတေသန မပြုရသေးသော်လည်း ဝတ္ထုကဗျာတို့တွင် မျက်နှာဖုံးမှာ ပုဝါစည်းထားသော မြားကလေးနှင့် လေးကလေးကို ကိုင်ထားသည့် ကလေးအရွယ် ပုံကလေးကို မြန်မာရော ကမ္ဘာကပါ အသုံးပြုကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



'လေးကလေး ပစ်မယ်ရွယ် ×××× တကဲကဲပစ်မယ်ကွယ် ×××× ချစ်မြားရှင်ရဲ့ မကျီစားပါနှင့်ကွယ်' ဆိုသော ချစ်မြားရှင် အချစ်သီချင်း ကလေးကလည်း မြားနတ်မောင်ကို အသနားခံထားသည်။

ဖူးစာနှင့်ပတ်သက်သော ဝတ္ထုသာမက ရုပ်ရှင်တို့ကလည်း အမှတ်ရစရာဖြစ်၏။ 'ဖူးစာနှစ်ခိုင်'၊ 'မေ့ဖူးစာ'၊ 'နဖူးစာရွာလည်' ရုပ်ရှင်တို့သည် အချစ်နတ်၏ လှောင်ပြောင် ကျီစားပုံကို အချစ်၊ အလွမ်းဖြင့် ဖော်ပြကြသည်။

ဂရိနတ်သမိုင်းကို 'ကမ္ဘာ့စွယ်စုံကျမ်း' တွင် ဤသို့ ဖွင့်၏။

Cupid — in roman mythology, son of Venus, goddess of Love. His counterpart in Greek mythology was Eros, god of Love. He is best known as the handsome young god who falls in love with the beautiful Psyche......He appears as a mischievous boy who indiscriminately wounds both gods and humans with his arrows, thereby causing them to full deeply in love. Cupid is commonly represented in art as a naked, winged infant, often blindfolded. carrying a bow and a quiver of arrows.

ဖူးစာကံအကြောင်းကို ပြောသောအခါ ကံနှင့်တွဲထားသဖြင့် ကံတရားပါလာသည်။ destiny ဟုဆိုသောကြောင့် 'ကံစီမံရာပါပဲ' ဟု ဆိုကြပြန်သည်။ အချစ်မှာ ကံ၏ဆန်းကြယ်ပုံကို မြန်မာရော အရှေ့အနောက်ပါ ကမ္ဘာက လက်ခံပုံ အတူတူလိုပင် ဖြစ်ကြပြန်သည်။ ကံဆုံမှ ကြုံကြရသည် မဟုတ်ပါလော။





တစ်ယောက်နှင့်တစ်ယောက် တစ်မိသားဆီက မွေးဖွားလာလျက် တစ်မြို့တစ်ရွာ တစ်နေရာဆီမှာ နေထိုင်ကြီးပြင်းခဲ့ကြရာမှ အရွယ်ရောက်လာသော် တွေ့ဆုံကြရပြီး အိုးအိမ်ထူထောင် ပေါင်းဖက်ရခြင်းမှာ ရှေးက ပြုခဲ့ဖူးသော ကံတရားအတိုင်းပင် ဖြစ်သည်မှာ ငြင်းနိုင်ဖွယ် မမြင်ပေ။

အချစ် Love သည် ဖူးစာအတွက်ဖြစ်သော်လည်း ဖူးစာသည် အချစ်အတွက် သက်သက်မဟုတ်ပေ။

ဖူးစာရေစက်ကံ ပါလာလျှင် အချစ်က ဒုတိယ ဖြစ်သည်။ ရှေးက ရေစက်ကံ မပါလာလျှင် အချစ်သည် အချစ်သာဖြစ်တော့၏။ ထို့ကြောင့် ချစ်တိုင်းမညား၊ ညားတိုင်းမချစ်ဟူသော ဆိုစကားရှိလာသည်။ ညားခြင်းသည် အိမ်ထောင်ဖက်ဖြစ်ခြင်းပင်။ အိမ်ထောင်ဘက် ဆိုသည်မှာ တစ်မိုးအောက်တွင် ဘဝအတွက် ယှဉ်တွဲနေထိုင်ခြင်းဖြစ်၏။

အိမ်ထောင်ဖက်၌ အချက်ထက် သံယောဇဉ်နှင့် တာဝန်က ပိုသည်။ ထို့ကြောင့် အိမ်ထောင်ရှင်ဖြစ်လာလျှင် အချစ်ထက် သံယောဇဉ်နှင့်တာဝန်က ပြဋ္ဌာန်းသည်။ ထိုပြဋ္ဌာန်းချက်ကြောင့် အချစ်သည် ဝေဝါး မှုန်ဝါးသွားရလေတော့၏။

ငယ်စဉ်ကချစ်ခဲ့သော အချစ်၊ ချစ်သူတို့သည် အိပ်မက်ပမာ ရှိတော့၏။ အချစ်ကို တမ်းတခြင်း၊ ချစ်သူကို သတိရခြင်းသည် ပဓာနမဟုတ်တော့။

ချစ်ကြသူတိုင်းသည် ချစ်သူနှင့် ဇနီး / ခင်ပွန်းသည် တစ်ယောက်တည်းဖြစ်ဖို့ ဆုတောင်းကြသည်ချည်းဖြစ်၏။ အဆုံး



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် မိန်းကလေးတစ်ယောက်အဖို့ ချစ်သူသည် ခင်ပွန်းသည်ပဲ ဖြစ်ချင်ကြ၏။ အချစ်ကို တန်ဖိုးကြသည်။ ဤသည်မှာ မြန်မာတို့၏ အိမ်ထောင်ရေး တန်ဖိုးထားမှု ဖြစ်သည်။ လက်ထပ်မည့်သူကိုသာ ချစ်လိုကြသည်။

ယနေ့ခေတ် လူငယ်တို့ကြားတွင် အနောက်တိုင်းနှင့် အချို့သော မယဉ်ကျေးသည့် ယဉ်ကျေးမှုကို အတုယူ၍ မဆိုသင့်သော စကားကို ဆိုကြသည်။ ထိုအချို့သောသူတို့က မပြုသင့်သောအမှုကို ပြုကြသည်။ လူငယ်တို့၏ အယူများ၊ ထွက်ရပ်များပေတည်း။

'ဖူးစာဆိုတာ ဦးရာပါပဲ'

'ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက်'

အချို့သောဝတ္ထုများတွင် ထင်ထင်ရှားရှား ရေးသားကြသော living together ဟူသော လက်မထပ်ဘဲ အတူနေခြင်းကို မသိမသာ လက်ခံသလို လုပ်ကြသည်။ အနောက်၊ အရှေ့ (အချို့)ရုပ်ရှင်တို့တွင် ယောကျ်ားကလေးနှင့် မိန်းကလေးတို့ အတူနေကြသည်။ ထို့နောက် တစ်ယောက် တစ်အိမ်ဆီ ပြန်ကြသည်ကို ပြသနေကြသည်။

နိုင်ငံအချို့တွင် ပညာသင် အနေကြာခဲ့သော၊ အလုပ် သွားလုပ်တာ အနေကြာခဲ့သော အချို့သော သားသမီးတို့သည် မြန်မာပြည်သို့ ခေတ္တပြန်လာသောအခါ မိဘအိမ်တွင် မနေကြဘဲ ဟိုတယ်၌ သို့မဟုတ် အိမ်ခန်းငှား၍ နေထိုင်ကြသည်။ လွတ်လွတ်လပ်လပ် နေရတာပေါ့ပဲဟု အကြောင်းပြကြသည်။ မွေးကတည်းက မိသားစုနှင့်နေလာပါလျက် အခြားနိုင်ငံသို့ လေးငါးနှစ် သွားနေပြီးမှ လွတ်လပ်





မှု အကြောင်းပြခြင်းကား မြန်မာ့ဓလေ့ကို မေ့သွားခြင်းပေလော၊ လွတ်လပ်စွာ ပျော်မွေ့ရခြင်း အရသာကို ဆက်လက်ခံစားလို၍လော။

သူတို့သည် ဖူးစာထက်၊ အချစ်ထက် လက်တွေ့ဘဝတွင် အရောင်းအဝယ်ဆန်နေကြသည်ကို ကြုံနေ ကြားနေကြရသည်။ အိမ်ထောင်ဖက်တွင် ကွန်ပျူတာထဲသို့ data ထည့်သလို အချက်အလက် ရှာကာထည့်ပြီး တွက်ကြသည်။ အချစ်တန်ဖိုး၊ ဖူးစာတန်ဖိုးထက် အသာစီးတန်ဖိုး တွက်နေကြသည်။ ထို့ကြောင့်လည်း အချစ်ဘက်လည်း မသာ၊ ရေစက်ဘက်လည်း မသာ၊ ငွေကြေးဘက်သာ အလေးသာနေကြသည်။ အချို့က computer brain နှင့် တွက်ကြတာပါဟု ဆိုကြ၏။

ကံအကြောင်းတရားကို အလုပ်ဟူသော တိုးတက်သောအမြင်ဟူသည့် နိုင်ငံရေးဝါဒစွဲဖြင့် အလုပ်သည် ကံဟူ၍ဆိုကြ၏။ အလုပ်လုပ်ခြင်း (ဝါ) မိမိ၏ ပြုခြင်း/အားထုတ်ခြင်းကသာ ဖန်တီးသည်ဟု ဆိုကြ၏။ ကံအကြောင်းလေးပါးကို မေ့ထားကြ၏။ [ကံလေးပါးနှင့်ပတ်သက်၍ ကျွန်တော် ရေးခဲ့ဖူးပါပြီ။]

အထူးသဖြင့် ဖူးစာကံသည် လူဖန်ခြင်းမဟုတ်ပါ။ လူဖန်နိုင်သော အချစ်သည် ဖူးစာကို အရှုံးပေးရပါလိမ့်မည်။ ဖူးစာဆိုတာ ဦးရာလူပါပဲဟုဆိုပါက ဘဝမှာ နောင်တသာရပါလိမ့်မည်။ အမည်းစက်သာ ထင်ပါလိမ့်မည်။ ထိုအယူအဆများကို မကျယ်ပြန့်မိပပျောက်စေချင်ပါသည်။ ထို့ကြောင့် ဖူးစာဖက်အပေါ် သစ္စာစောင့်ဖို့



www.burmeseclassic.com

www.burmeseclassic.com



လိုပါသည်။ သစ္စာစောင့်ခြင်းသည် တန်ဖိုးဖြစ်ပါသည်။ သစ္စာတရားသည် တန်ဖိုးအကြီးဆုံးဖြစ်သည်။

ရေစက်ဆုံသည် ဟူသော စကားရှိ၏။ အကြောင်းဆက်ဖို့ ဆုံရခြင်းဖြစ်၏။ ဤသို့ ဆုံရခြင်းမှာ မြန်မာတို့၏ ဘာသာရေးယုံကြည်မှု၌ ရေစက်ချသောဓလေ့ ရှိ၏။ ထိုဓလေ့အရ မိမိတို့ကောင်းမှုပြုပြီးတိုင်း ဝသုန္ဓရေ မြေစောင့်နတ်ကို သက်သေပြု၍ ရေစက်ချခြင်းဖြစ်၏။ ဤသို့ပြုရာတွင် အတူပြုခဲ့ဖူးသော ဆုံစည်းမှုသည် အရေးပါသည်။ ဆုတောင်းဖက် အတူပြုခဲ့ဖူးခြင်းပင်ဖြစ်၏။ ဗုဒ္ဓဝင်၌ ရှိလာပုံကို ပြန်လည် သတိပြုစေချင်ပါသည်။

ဒီပင်္ကရာ မြတ်စွာဘုရားလက်ထက်တော်တွင် သုမေဓာ ရှင်ရသေ့သည် ရမ္မာဝတီပြည်၌ လူအပေါင်းတို့နှင့်အတူ ဘုရားကြွလှမ်းမည့်လမ်းကိုခင်း၏။ လမ်းခင်းသောနေရာမှာ မပြီးသေးမီ ဘုရားသခင် ကြွလာတော်မူ၏။ ရသေ့လည်း လမ်းညွှဲပျောင်း၌ ကိုယ်ကိုမှောက်လျက် နင်းကြမ်းပမာ ဝပ်ပေးလေသည်။ ထိုစဉ်တွင်ပင် သုမိတ္တာမည်သော ပုဏ္ဏားမျိုးမလေးသည် ရသေ့အပါးသို့ ရောက်ရှိလာပြီး သူ၌ပါလာသော ကြာရှစ်လက်အနက်မှ ငါးလက်သော ကြာတို့ကို ရသေ့အားပေး၏။ ကျန်သော ကြာသုံးလက်ကို ဒီပင်္ကရာ ဘုရားထံ ဤသို့ ဆုပန်ခဲ့၏။

'အရှင်သည် ဘုရားဖြစ်ဖို့ရန် ပါရမီတော်တို့ကို ဖြည့်ကျင့်နေသမျှ ကာလအတောအတွင်း အကျွန်ုပ်သည် အရှင်နှင့်အတူတကွ ညီမျှသော သူတို့ ဖြစ်ကြရပါစေကုန်သတည်း' [ဗုဒ္ဓဝင် ပ-တွဲ၊ ပ-ပိုင်း၊ စာ ၆၇၊ ဦးဝိစိတ္တသာရာဘိဝံသ ဆရာတော်ပြုစုသည်။]





ထို့ကြောင့်လည်း ဒီပင်္ကရာ မြတ်စွာဘုရားက ပရိသတ်အလယ်တွင် ဤသုမိတ္တာအမျိုးသမီးသည် သင်(သုမေဓာ)၏ ဘုရားဖြစ်ရန် အကျိုးငှာ စိတ်တူကံတူ အညီအမျှပြုလုပ်သူ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးသောအမှုဖြင့် ချစ်ခင်နှစ်သက်အပ်သူ ဖြစ်ပေလိမ့်မည်' ဟု ဗျာဒိတ်စကားကြားခဲ့လေသည်။ ဘုရားထံ၌ပန်သော ရေစက်ဆုပေတည်း။

ဖူးစာ - ရေစက်သည် တောင်းဆုပြုခဲ့သော ကောင်းမှု၌တည်ကြောင်း သိသာလေသည်။ တန်ခိုးကြီးသော၊ သီလ၊ ပညာ၊ သမာဓိပြည့်စုံသော ပုဂ္ဂိုလ်တစ်ဦးဦးထံ တောင်းဆုပြုခဲ့ခြင်းသည် ရေစက်ဆုံဖို့ အကြောင်းပင်ဖြစ်သည်။ ထို့ကြောင့်လည်း ချစ်သူ၊ ခင်သူ တို့သည် ဘုရားသွား၊ ကျောင်းတက်ပြုရင်း နောင်ဘဝအတွက် ဆုတောင်းဖက် ပြုခဲ့ကြသည်။ "မခွဲအတူ တောင်းဆုယူသည်" ဟူသော လင်္ကာအဖွဲ့သည် ဤဆုတောင်းဖက်ကို ဖော်ပြသည်။

ဖူးစာအကြောင်း နားလည်လျှင် ဖူးစာဆုံလာသော မိမိ၏ ကြင်ဖက်အပေါ်၌ ပို၍မြတ်နိုးနားလည်လာလိမ့်မည်။ ပို၍မြတ်နိုးနားလည်လာခြင်းသည် တစ်မိုးအောက်၌ နှစ်ယောက်အတူနေကြသော ဇနီးမောင်နှံတို့အတွက် မြတ်နိုးတွယ်တာမှု ပိုလာစရာပင်ဖြစ်ပေသည်။

ချစ်သူတိုင်း ညားကြ၍ ညားသူတိုင်း ချစ်မြတ်နိုးနိုင်ကြပါစေဟု မေတ္တာဝေပါ၏။

ဘဝို့ဝင် 2006; April



www.burmeseclassic.com

www.burmeseclassic.com

# ကာမေသုမိစ္ဆာစာရ

ဤအကြောင်းအရာကို မရေးမိ မြန်မာ့ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းအရ ရေးသင့်ရေးထိုက်သောကြောင့် ရေးခြင်းဖြစ်ပါသည်ဟု ဆိုပါရစေ။ အချို့သော အသုံးအနှုန်းများသည် တားမြစ်ထားသော ပြဋ္ဌာန်းချက်များကို တိုက်ပြန် ပြန်ဆိုထားသောကြောင့် ဆေးစာအဖြစ် ဖတ်ရှုနားလည်ကြစေ လိုပါသည်။

ဗုဒ္ဓ၏ သီလတွင် ငါးပါးသီလသည် အခြေခံဖြစ်သည်။ ငါးပါးသီလပါ 'ကာမေသုမိစ္ဆာစာရ' ကံအကြောင်းဖြစ်ပါသည်။ ကာမေသုမိစ္ဆာစာရကို မြန်မာစာအဖွဲ့က ထုတ်ဝေသော 'မြတ်ဗုဒ္ဓ ပါဝစနအဘိဓာန်'တွင် ဤသို့ဖွင့်ပါသည်။

ယောမင်းကြီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကာမေသုမိစ္ဆာစာရ -

(၁) ကာမဂုဏ်တို့၌ ကဲ့ရဲ့ထိုက်စွာ ယုတ်ယုတ်မာမာ ပြုကျင့်မှု

(၂) မိမိ၏ဇနီးမှတစ်ပါး တခြားသူနှင့် ဖောက်ပြားမှု

(၃) မိမိ၏ခင်ပွန်းသည်မှတစ်ပါး အခြားသောယောကျ်ားနှင့် ဖောက်ပြားမှု

ဤအနက် (၂) နှင့် (၃)ကြောင့် လောကသဘာဝ တရားဝင် လင်နှင့်မယား၊ ပေါင်းသင်းဆက်ဆံမှုသည် အပြစ်မရောက်ပါ။ အခြားသူနှင့် လွဲများဖောက်ပြန်ခြင်းသည်သာ အပြစ်ရောက်ပါသည်။ ဤအပြစ်ကို ကျူးလွန်သူမှာ ယောကျ်ား သို့မဟုတ် မိန်းမ နှစ်ဦးအနက် မည်သူမဆို ကျူးလွန်သူသည် အပြစ်ရောက်ပါသည်။ 'ငါက ယောကျ်ားမို့ အပြစ်မရှိ' ဟု မဆိုပါ။ ဘာသာရေးဆောင်းပါး မဟုတ်သဖြင့် အကျယ်မရေးတော့ပါ။ ဤအပြစ်ထိုက်မှုကို ဇာတ်တော် များစွာတွင် ဟောကြားထားသော်လည်း မဖော်ပြတော့ပါ။ လူမှုရေးအရပင် နာမည်ဆိုးဖြစ်သောကြောင့် ရှောင်ကြဉ်သင့်သည်မှာ သေချာပါသည်။ ဒု-သ-န-သော ဆိုလျှင် အားလုံးသိကြပါသည်။

တိုးတက်လာသော လူမှုဆက်ဆံရေး၊ စီးပွားရေးလုပ်ငန်းများနှင့် ကူးစက်လာသော ယဉ်ကျေးမှုတို့ကြောင့် ကျားနှင့်မ ဆက်ဆံရေးသည် ပိုမိုထိစပ်လာပါသည်။ ပိုမိုနီးကပ်လာပါသည်။ ထိုအခါ စိတ်သာယာမှုကြောင့် ပေါင်းသင်းဆက်ဆံမှုနယ်စည်းကို ဖြတ်ကျော်မိသူ





များ ရှိလာပါသည်။ လွတ်လပ်သူချင်းအတွက် နာမည်ဆိုး မထွက်သော်လည်း မလွတ်လပ်သူများက စည်းကျော်မိသောအခါ နှာခေါင်းရှုံ့ ခံရမည်မှာ သေချာပါသည်။

မြန်မာ့ယဉ်ကျေးမှုနှင့် အနောက်တိုင်းနှင့်မတူပါ။ အိမ်ထောင်သည် ယောကျ်ား၊ မိန်းမတို့သည် ကာမေသုမိစ္ဆာစာရပုဒ်ကို အလွန်တန်ဖိုးထားပါသည်။ ယောကျ်ား၊ မိန်းမရှိလျက် ဖောက်ပြန်မှုကို ဥပဒေက တိုင်ကြားသူမရှိပါက အရေးမယူသော်လည်း (မယားခိုးမှု ဥပဒေရှိပါသည်) လူမှုပြစ်ဒဏ်က 'ကြဉ်'ပါသည်။ ထို မိဘအတွက် သူ့သာမက သားသမီးများပါ မျက်နှာပြမလှဖြစ်တတ်ပါသည်။ (နိုင်ငံခြား ရုပ်ရှင်များတွင် သူများအိမ်ရာ ကျူးလွန်သော ဇာတ်လမ်းများ၊ ပြကွက်များမှာ ဂြိုဟ်တုရုပ်သံများမှ ထုတ်လွှင့်သော ဥရောပ ရုပ်ရှင်များတွင် မကြာခဏပါရှိနေပါသည်။ အထူးသဖြင့် ပြင်သစ်၊ အီတလီ၊ စပိန်နှင့်အမေရိကန်နှင့် အချို့သော ကိုရီးယားရုပ်ရှင်ကားတို့တွင် ဖြစ်ပါသည်)။

ထို့ကြောင့် သူတို့နိုင်ငံ ယဉ်ကျေးမှုတွင် 'ထမင်းစား ရေသောက်' မျှသာ ဖြစ်သော်လည်း မိမိတို့ယဉ်ကျေးမှုတွင် မဖြစ်နိုင်ပါ။ တစ်ဖက်ဖက်က အိမ်ထောင်ရှိပါက ကာမေသုမိစ္ဆာစာရကံ ထိုက်ပါသည်။ အိမ်ထောင်ရှိ ယောကျ်ား၊ မိန်းမနှင့် လွတ်လပ်သူ အပျိုလူပျို မှားယွင်းမှုကိုပင် အများက ခွင့်မပြုပါ။ မလွတ်လပ်သူချင်း ဆိုပါက ဆိုဖွယ်မရှိတော့ပါ။ အိမ်ထောင်သည် ယောကျ်ား တစ်ယောက်သည် မိမိက ကျွေးနိုင်မွေးနိုင်သောကြောင့်၊ ငွေပေါများသောကြောင့် အပျော်အပါး လိုက်စားလာမှုသည် ပြောင်းလဲလာ



www.burmeseclassic.com

www.burmeseclassic.com



သော လူနေမှုအရ အားကျစဖွယ်ဖြစ်လာနေပါသည်။ စီးပွားရေးကို အကြောင်းပြု၍ လွတ်လပ်သော မိန်းကလေးများကလည်း ထို အိမ်ထောင်သည် ယောကျ်ားနှင့် တွဲဖက်ခြင်း၊ အတူနေထိုင်ခြင်းများ ရှိလာပါသည်။ ယခုအခါ ဖက်ရှင်တစ်မျိုးပင် ဖြစ်လာသည်ဟု ဆိုနိုင် ပါသည်။ [မယားငယ် မဟုတ်ဘဲ မယားပြိုင်ဟူသော အသုံးကပင် မိန်းကလေးများကို အတင့်ရဲစေသည်လား မသိပါ။]

AIDS ရောဂါ ကြိုတင်တားမြစ် ကာကွယ်မှုတွင် 'တစ်လင် တစ်မယားစနစ်ကို လေးစား လိုက်နာပါ' ဟု ဆိုထားပါသည်။ တစ်လင် တစ်မယားစနစ်သည် မြန်မာ့ယဉ်ကျေးမှု၏ ချစ်ဖွယ် ကောင်းသော အလေးထားအပ်သော ဓလေ့ ဖြစ်ပါသည်။

ဤစာ၏အစတွင်ပါသော (၁) ကာမဂုဏ်တို့၌ ကဲ့ရဲ့ထိုက်စွာ ယုတ်ယုတ်မာမာ ပြုကျင့်မှု ဟူသောပုဒ်ကို ဖော်ပြလိုပါသည်။ အဆိုပါ 'မြတ်ဗုဒ္ဓ ပါဠိစနစ် အဘိဓာန်' ၌ပင် အင်္ဂလိပ်ဘာသာဖြင့် sexual misconduct ဟု ဖွင့်ပါသည်။ ထို့ကြောင့် 'လွဲမှားစွာ ကျင့်သော လိင်မှု' ဟူ၍ သာမန်နားလည်ပြီး ဖြစ်ပါလိမ့်မည်။ ဤအဖွင့်၌ပါသော 'ကဲ့ရဲ့ထိုက်စွာ ယုတ်ယုတ်မာမာ ပြုကျင့်မှု' ဟူသော ဝိသေသနပုဒ်ကို ရှင်းပြရန် လိုလာပါသည်။ ဗုဒ္ဓဘာသာ ဓလေ့တွင် ကာမေသုထိုက်ခြင်းလေးပါးကို အောက်ပါအတိုင်း ဖွင့်ဆို ပါသည်။

၁။ အကာလေ - ရောဂါကြီးချိန်၊ ကိုယ်ဝန်ရင့်လွန်းချိန်တွင် ကျူးလွန်ခြင်း





၂။ အဒေသ - မိဘ ဆရာ၊ သူတကာ မမြင်သော နေရာတွင် ကျူးလွန်ခြင်း

၃။ အဓမ္မေန - ကျင့်ရိုးမဟုတ်သောနည်းဖြင့် ပြုကျင့်မှု ကျူးလွန်ခြင်း၊

၄။ အနင်္ဂေန- ဆေးဝါးမှီဝဲ၍ မှိုမြအင်္ဂါထက် လွန်အောင် ပြု၍ ကျူးလွန်ခြင်း

အထက်ပါ ကာမေသုထိုက်ခြင်း လေးပါးသည် မည်သူနှင့် သွားလာသည်ဖြစ်စေ ပြစ်မှုဖြစ်ကြောင်း ဖော်ပြထားပါသည်။ ထို လေးပါးစလုံးမှာ နားလည်လွယ်ပြီးဖြစ်၍ အကျယ်မရှင်းလိုတော့ပါ။

[အနောက်တိုင်းဆန်လိုသူများအတွက် အဆိုပါ ပြစ်မှုများကို နားလည်လွယ်အောင် ပြန်ဆို ဖော်ပြထားပြီးဖြစ်၍ မြန်မာ့ဓလေ့ ထုံးတမ်းတွင် လိုက်နာအပ်သော၊ ကျင့်အပ်သော အမှုဖြစ်ကြောင်း သတိမူစေရန်သာ ဖော်ပြခြင်းဖြစ်ပါသည်။]

ကူးလူးဆက်ဆံလာရသော လူမှုရေး၊ စီးပွားရေးတို့ကြောင့် မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများသည် အထိအခိုက် အပွန်းအရှ ရှိပါသည်။ ထိုအထိအခိုက် အနာကလေးမှတဆင့် ရောဂါကြီးများ မဝင်နိုင်အောင် တားဆီးနိုင်ရန်မှာ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ ဘာသာရေး ပြဋ္ဌာန်းချက်များကို နားလည်ဖို့လိုပါသည်။ ဘာသာရေး ဆိုသော်လည်း လူမှုကျင့်ဝတ် အခြေခံကို လိုက်နာစေခြင်းသာ ဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘာသာရေးနှင့် ကင်းကွာသော လူငယ်လူရွယ်များသည် လူမှုကျင့်ဝတ်အချို့ကို (မသိသောကြောင့်) အလွယ်တကူ ဖောက်ဖျက်မိတတ်ပါသည်။ စာရိတ္တနှင့် ဝါရိတ္တကိုတော့ သိဖို့လိုပါမည်။

စာရိတ္တ = လိုက်နာရသောအကျင့်၊ ကိုယ်ကျင့်တရား = conduct (ဥပမာ ငါးပါးသီလ စသည်)

ဝါရိတ္တ = ရှောင်ကြဉ်အပ်သောအကျင့် = abstinence observed (ဥပမာ - ရှစ်ပါးကိုးပါးသီလ စသည်)။

ဤတွင် အကျဉ်းအားဖြင့် နားလည်အောင် ဆိုရလျှင် စာရိတ္တသီလမှာ အကျီ၊ ပုဆိုးကဲ့သို့ အမြဲတစေ မြဲမြံစွာ စောင့်ထိန်းအပ်သော အကျင့်သီလဖြစ်ပြီး ဝါရိတ္တသီလမှာ အခါအားလျော်စွာ ဝတ်အပ်သော တိုက်ပုံအကျီ၊ ပဝါ စသော အဆင်တန်ဆာများဖြစ်သည်။ ထို့ကြောင့် အမြဲကျင့်အပ်သော စာရိတ္တတွင် ငါးပါးသီလပါဝင်၍ ထိုငါးပါးသီလတွင် ကာမေသုမိစ္ဆာစာရလည်း ပါဝင်နေကြောင်း သတိရနေမည်ဆိုပါက မိမိဘဝတွင် များစွာ အထောက်အပံ့ ဖြစ်စေပေလိမ့်မည်။

အမျိုးဝင် 2006; May



# တစ်ဦးကစေတနာ
# တစ်ဦးက မျှဝေယူဖို့

မိမိ ရေးသားခဲ့သမျှသော စာတို့သည် စိတ်ကူးသက်သက် မဟုတ်ဘဲ အိမ်ထောင်မှုဆိုင်ရာ စာအုပ်စာတမ်းများနှင့် မိမိ ကိုယ်တိုင်နှင့် မိမိ ပတ်ဝန်းကျင်ရှိ အိမ်ထောင်များမှ ၎င်းတို့ကိုယ်တိုင် တွေ့ကြုံကြရသမျှ ပြန်ပြောင်း ပြောဆိုခဲ့သမျှတို့ကို အဆင်ပြေအောင် ရေးသားခဲ့ပါသည်။

မိမိဖတ်ခဲ့ရသော စာအုပ်များထဲမှ အမှတ်မထင် တွေ့လိုက်ရသော အချက်ကလေး နှစ်ခုကို သတိတရ မှတ်မိလိုက်သည်။ ဖတ်ကြည့်ပါ။

'အချစ်နှင့် ပတ်သက်လို့ကတော့ လူတိုင်းအမျိုးမျိုး ပြောခဲ့ကြတာပဲ။ ကိုယ်လည်း ငယ်ငယ်တုန်းက ချစ်ခဲ့တာပါပဲ။

ယောမင်းကြီးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် တကယ်တမ်းကျတော့ အသေအချာသိလာတာ အချစ်ဆိုတာ စေတနာတစ်ခုပဲ။ ကိုယ်ချစ်တဲ့သူက ဘယ်လောက်ထိ စေတနာထားနိုင်မလဲ။ ... ခုအချိန်မှာ အချစ်ဆိုတာ စေတနာတစ်ခုပဲလို့ တွေးမိတာပါပဲ'

စိုးမြတ်သူဇာ
သရဖူ
၂၀၀၅၊ ဇီဇင်ဘာ

'ကျွန်တော်တို့ဆက်ဆံရေးကို နှစ်ပေါင်းများစွာ မရိုးနိုင်ကြဘဲ ရှင်ရှင်လန်းလန်း ကြင်ကြင်နာနာနှင့် တည်မြဲနိုင်အောင် အကျင့်ဓလေ့ တစ်ခုကို ရွေးထားရတယ်။ ဒါက အရေးကြီးဆုံးအချက်အဖြစ် ကျွန်တော်တို့ နှစ်ယောက်က တကယ့် မိတ်ဆွေကောင်းတွေလို့ သဘောထားပြီး ဆက်ဆံကြလို့ပါပဲ။ ... မိတ်ဆွေကောင်းတွေ ဖြစ်ကြပြီဆိုရင် တစ်ယောက်ရဲ့ စိတ်ကူးအိပ်မက်ကို တစ်ယောက်က အနစ်နာခံတယ်လို့ မယူဆဘဲ မျှဝေယူကြဖို့ ဖြစ်ပါတယ်။

ခင်ဇော်တင့်
မိတ်ဆွေလို သဘောထားလိုက်ပါ
အတွေးအမြင်
၁၇၅/၂၀၀၅

ပြောသူနှစ်ဦးစလုံးက မိန်းမသားများပါပဲ။ မိန်းမတို့၏ အမြင်ပါပဲ။ တစ်နည်းပြောရလျှင် သူတို့လိုချင်တာကို ပြောတာပါပဲ။

ဤပြောသူနှစ်ဦးကြားမှာ ခြားနားတာကတော့ အသက်အရွယ်ပါ။ စေတနာလို့ ပြောတဲ့သူက နုပျိုငယ်ရွယ်တဲ့ အရွယ်မှာပဲရှိသေးပြီး 'မျှဝေယူဖို့' ပြောတဲ့သူက အသက်အရွယ်နှင့် ပညာ





ရင့်ကျက်ပြီးဖြစ်တဲ့ တတိယအရွယ်ရောက်နေသူ အမျိုးသမီးကြီး ဖြစ်ပါတယ်။ သူတို့နှစ်ဦးရဲ့အမြင်ဟာ အရွယ်အလိုက် ခြားနားခြင်းရှိပေမယ့် အရွယ်အလိုက်လည်း အမှန်တကယ်လိုအပ်နေတဲ့ အဓိကအချက် ဖြစ်တာမို့ အိမ်ထောင်ဦးအစ လိုအပ်ချက်နှင့် အိမ်ထောင်သက် ရင့်လာသူတို့၏ လိုအပ်ချက်ဟု အစဉ်အလိုက် သတ်မှတ်ရမည် ဖြစ်သည်။

စေတနာ။

အဘိဓာန်တွေမှာ စေတနာကို မြန်မာလို စေ့ဆော်ခြင်းလို့ဆိုသည်။ ကောင်းမှုကို စေ့ဆော်တိုက်တွန်း (လုပ်ခြင်း)ပင်ဖြစ် သည်။ ပေးခြင်းပါပဲ။ အင်္ဂလိပ်လို အဖွင့်တွေမှာတော့ good will = ကောင်းစွာ ဂရုစိုက်ခြင်း၊ ကောင်းစွာအာရုံပြုခြင်း။ good attention= မေတ္တာ၊ စိတ်ကောင်း။ benevolence = ကျေးဇူးပြုတတ်သော၊ စေတနာကောင်းသောလို့ ဖွင့်ဆိုပေးထားလေသည်။

ထို့ကြောင့် စေတနာ၏သဘောမှာ အပေးဟု နားလည်နိုင်လေသည်။ မိမိလိုလားနှစ်သက်သော၊ မြတ်နိုးသော၊ သဒ္ဓါတရားရှိသော သူတစ်ဦးဦးကို ကောင်းစွာပြုစုပေးကမ်း စောင့်ရှောက်ခြင်းလို့ နားလည်နိုင်လေသည်။

ဤသို့ဆိုလျှင် အချစ်ဆိုတာ စေတနာပါပဲ။ ဆိုသူ၏စကားကို လက်ခံနိုင်ဖွယ်ရှိသည်။ အပြန်အလှန် ချစ်ခင်ကြ၍ အပြန်အလှန် စေတနာထားကြပြီး (မိမိက အသာယူဖို့မဟုတ်ဘဲ) အပြန်အလှန် ကောင်းစွာ ပြုစုပေးကမ်းလျှင် ချစ်သူနှစ်ဦးအဖို့ လုံလောက်သည်။ 'အချစ်ဆိုတာ ရယူခြင်းမဟုတ် ပေးဆပ်နေရခြင်းဖြစ်သည်' ဟူသော



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားကို အလေးထားသူတို့၏ မေတ္တာဖွဲ့ စကားနှင့်လည်း တစ်ထပ်တည်း ဖြစ်သည်။

ထို့ကြောင့် တစ်ဦးက စေတနာပါတဲ့။

တစ်ဦးက မျှဝေယူဖို့ကို ဘဝအတွေ့အကြုံနှင့် ဤသို့ဆိုသည်။

'အစဦးကတည်းက မိတ်ဆွေတွေအဖြစ် ခံယူထားလိုက်ရင် အားလုံး အဆင်ပြေနေပါလိမ့်မယ်။ မိတ်ဆွေဆိုတာ တစ်ယောက်နှင့်တစ်ယောက် ကူညီ ရိုင်းပင်းကြတယ်။ သူတို့က စိတ်ရှည်သည်းခံကြတယ်။ ကြင်နာတယ်။ အပြစ်အနာအဆာတွေကိုလည်း လျှော့လျှော့ ပေါ့ပေါ့ စဉ်းစားပေးတယ်။ မိတ်ဆွေတွေက အကောင်းဆုံးဆက်သွယ်ရေးမှူးတွေဖြစ်ပြီး နားထောင်ပေးတတ်သူတွေလည်း ဖြစ်ကြပြန်ပါတယ်'

ဤစကားတို့သည် စာရေးသူကိုယ်တိုင် အရွယ် ကြီးရင့်နေပြီဖြစ်ပေမယ့် သူ့ထက်ပိုပြီး ကြီးရင့်ကြတဲ့ အဘိုးနှင့်အဘွားလို့ခေါ်တဲ့ (စိတ်အထင်) ၉၀ နီးပါးအရွယ် ဖြစ်နိုင်တဲ့ အိမ်ထောင်သည် ဘိုးသက်ရှည် ဘွားသက်ရှည်စုံတွဲကို မြင်ပြီး ရေးခဲ့တဲ့စာထဲက အချို့ဖြစ်သည်။

ဖတ်ကြည့်ပါဦး။

'ငါ့ဘဝအဖော်ဟာ ငါ့ရဲ့အချစ်ဆုံးလို့ပဲ ပြောကြပါတယ်။ ... ဘဝအဖော်တွေကို ဝန်တိုမှုတွေ၊ မျှော်လင့်ချက်တွေ၊ တောင်းဆိုမှုတွေကို တောင်းတပြီး ကျေးဇူးတင်မှု၊ လေးစားမှု၊ စာနာမှုတို့ကို နည်းပါးစွာ ပေးတတ်ပါတယ်။ လူတော်တော်များများက သူတို့ချစ်ခင်သူတွေကို အပိုင်ဝယ်ထားသူတွေလို





ဆက်ဆံကြပြီး ... တစ်ဘက်သားရဲ့ သဘာဝအစစ်အမှန်ကို စိတ်မဝင်စားကြပါဘူး'

အိမ်ထောင်သည်များ သတိပြုကြစရာပါပဲ။ အသက်၊ ပညာနှင့် အတွေ့အကြုံအရ အဘိုးအဘွား နှစ်ဦးထံက ရခဲ့သည့် ဘဝအမြင် တစ်ခုမို့ ယူတတ်လျှင် ရလာဒ်ကောင်းများ ဖြစ်လာမည်ကား သေချာပါသည်။

မိတ်ဆွေဟူသော ဝေါဟာရကို 'သင့်မြတ်သော အဆွေခင်ပွန်း' ဟု ဖွင့်ဆိုပါသည်။ အင်္ဂလိပ်ဘာသာဖြင့် friend, mate, compatable ဟု ဆိုထားပါသည်။ အဖော်သဟဲ ကောင်းကျိုးပေးသော၊ သင့်မြတ်သော ဟူ၍ ဖွင့်ဆိုပါသည်။

'မိတ်ဆွေအဖြစ်သည် စိတ်ကောင်း၊ နှလုံးကောင်းဖြင့် ဆက်ဆံရသောကြောင့် ကြည်နူးဝမ်းသာစရာဖြစ်သည်။ တစ်ယောက်နှင့် တစ်ယောက် အနစ်နာခံခြင်းဟု ဂုဏ်မတင်ဘဲ မျှဝေခြင်းဟုသာ ယူဆကြပါသည်။ ထို့ကြောင့်လည်း အရှည်တည်မြဲခြင်းဖြစ်သည်။ တစ်ယောက်နှင့်တစ်ယောက် သဘောထားချင်း မကိုက်ညီသည်ကို တွေ့ရပါက သူ့သဘောထားပဲလေဟု ယူဆပြီး လွတ်လပ်စွာအလျှော့ ပေးပါသည်။'

ဤသည်တို့မှာ မိတ်ဆွေကောင်းရှိသူတို့၏ ဆက်ဆံမှုကို တွေ့နိုင်သည်။ ထို့ကြောင့် ဤ 'မိတ်ဆွေသဘော မျှဝေယူဖို့' အဆိုမှာ အိမ်ထောင်သက်ရလာသူတို့ စဉ်းစားဖွယ် ဖြစ်ပါ သည်။

ဆင်ခြင်တုံတရားဖြင့် စဉ်းစားလိုသော အိမ်ထောင်ပြုကြမည့် မောင်မယ်များ ဖတ်ကြည့်ထိုက်သောစာများ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘဝအတွေ့အကြုံကို တစ်ယောက်တည်းရှာလျှင် တိုတောင်းသော သက်တမ်း၌ အပြည့်အဝ မတွေ့နိုင်ပါ။ ဘဝများစွာ၊ အတွေ့အကြုံ များစွာကို များစွာသောသူတို့က စာဖြင့် ပြန်လည် ဖြန့်ဝေကြပါသည်။ စာပေသည် ဘဝဖြစ်ပါသည်။

မောင်မယ်များ စာတွေ့မှ ဘဝအတွေ့ ရနိုင်ကြပါစေ။

အမျိုးဝင် 2006; June



# ဘက်စုံညီအောင် စဉ်းစားလာသော အိမ်ထောင်ရေးစံများ

အိမ်ထောင်ရေး ပျော်ရွှင်မှုအတွက် အဓိကကျသည့် အချက်ကို လေ့လာသူ ပညာရှင်များစွာက နည်းပြလမ်းညွှန် စာအုပ်များ၊ စာတမ်းများစွာကို ရေးသားခဲ့ကြသည်။ စိတ်ပညာ၊ ဆေးပညာ၊ လူမှုရေး ရှုထောင့်စုံမှ ရေးသားကြသည်။ ရောဂါတစ်ခုအတွက် ဆေးနည်းမျိုးစုံစွာကို တွေ့ရသကဲ့သို့ အိမ်ထောင်ရေး အခက်အခဲအတွက် ဖြေရှင်းနိုင်သော အကြောင်းရင်းများစွာကို တွေ့ရသည်။ ထို့ကြောင့် 'တစ်ယောက်မှာ ဆေး၊ တစ်ယောက်မှာ ဘေး' ဆိုစကားကဲ့သို့ အခက်အခဲကို ဖြေရှင်းနိုင်သော နည်းလမ်းများမှာလည်း ခြားနားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မကြာမီက 'သာယာချမ်းမြေ့သော အိမ်ထောင်ရေး၏ အနှစ်သာရများကို လေ့လာခြင်း' ဟူသော သုတေသနပြုချက်တစ်ခုကို ဖတ်လိုက်ရသည်။

ရှန်ဟိုင်းရှိ 'စုံတွဲများ အေဂျင်စီ' တစ်ခုက အသက် ၂၇ မှ ၃၇ နှစ်အကြားရှိ စုံတွဲ ၇၀၀ ကျော်ကို လေ့လာသုတေသနပြုထားခြင်းဟု ဆိုသည်။

- အမျိုးသားက အမျိုးသမီးထက် ဘွဲ့ဒီဂရီနည်းမည်၊ နိမ့်မည်ဆိုပါက တန်းတူဘွဲ့ သို့မဟုတ် ပိုမြင့်မားသော ဘွဲ့ရှိသူထက် ပိုပြီးစိတ်ချမ်းသာမှု ရစေသည် ဆို၏။

- စုံတွဲ နှစ်ယောက်စလုံး တူညီသော ဝင်ငွေရှိပါက စိတ်ချမ်းသာမှု အပြည့်အဝဆုံး ဖြစ်စေသည် ဆို၏။

- အလုပ်အကိုင် ဝင်ငွေ ကောင်းမွန်သော အမျိုးသမီးများသည် သင့်လျော်သော အမျိုးသားရရှိဖို့ အခက်အခဲတွေ့ရသည် ဆို၏။

- အမျိုးသမီးက အသက် ၃၀ ခန့်ရှိပြီး ပညာရည်မြင့်မားကာ လူမှုဝန်းကျင် အထက်တန်းအလွှာက ဖြစ်ပါက လိုက်လျောညီထွေသည့် အတွဲ ရဖို့မှာ အခက်အခဲဆုံး ဖြစ်နေသည်ဆို၏။

- အမျိုးသမီးသည် ၎င်းတို့ထက် အသက်ငယ်သော၊ အရပ်အမောင်းနိမ့်သော၊ အောင်မြင်မှု မရှိသေးသော ယောကျာ်း တစ်ယောက်ကို လက်ထပ်ဖို့ စိုးရွံ့နေကြသည်ဟု ဆို၏။

ဤသုတေသနပြုချက်ကို ဖတ်ရသောအခါ အားလုံးကိုခြုံ၍ ကောက်ချက်ပြုရလျှင် အသက်အရွယ်နှင့် ပညာ၊ အဆင့်အတန်း





ရင့်ကျက်ပြည့်ဝလာသော အမျိုးသမီးများသည် အဖက်ဖက်က စဉ်းစားလာသည်ကို တွေ့နိုင်သည်။

ဤအချက်ကို သတိပြုမိသဖြင့် အလေးထား ဖော်ပြလိုသည်။ အသက် ၁၈ နှစ်ဝန်းကျင်တွင် အိမ်ထောင်မပြုဘဲ ပညာရှာ၊ အလုပ်အကိုင်ရှာဖွေ၍ ပြည့်စုံမှုကို ဦးစားပေးသော အမျိုးသမီးများသည် အသက် ၂၅၊ ၃၀ ခန့်မှသာ လက်ထပ်ဖြစ်ကြကြောင်း သုတေသနမဟုတ်သော်လည်း ဖိတ်စာများကို၊ သတင်းစာ မင်္ဂလာကြော်ငြာများကို ဖတ်ရခြင်းဖြင့် သိသာနိုင်သည်။ အမျိုးသမီးက အလုပ်အကိုင်၊ ပညာ ပြည့်စုံပါကလည်း ၎င်းရွေးချယ်သော အမျိုးသားသည် တန်းတူ သို့မဟုတ် ပို၍မြင့်မားသူ ဖြစ်နေကြသည်ကို ယေဘုယျ တွေ့ရသည်။ မိမိပတ်ဝန်းကျင်တွင် အပျိုကြီး ဖြစ်နေသူများကို တွေ့ရသည်။ အသက် ၃၀ ခန့်မှ လက်ထပ်ဖို့ မိမိနှင့်ဘက်ညီသူ မတွေ့၍ (လွဲဖယ်၍) သွားပါက အကြောင်းကြောင်းကြောင့် တစ်ကိုယ်တည်းဖြစ်ရသူ များသည်။

ဤအချက်ကို စဉ်းစားကြည့်သောအခါ လူပျို၊ အပျိုဖော်ဝင်စသည် အချစ်ကိုသာ ဦးစားပေး၍ ရွေးချယ်တတ်သည်။ ပညာ၊ အသက် အတန်ငယ် ပြည့်စုံလာသောအခါ မိမိ၏ ရှေ့ရေးနှင့်တကွ မိမိ အသိုင်းအဝန်းကိုပါ ထည့်သွင်းစဉ်းစားလာသည်။ အိမ်ထောင်မှုသည် အချစ်တစ်ခုတည်းနှင့် မလုံလောက်တော့ချေ။ ငယ်သူတို့၏ အချစ်သည် စဉ်းစားမှု၌ 'ချစ်ခြင်း' ကိုပဲ ဗဟိုပြု၍ စဉ်းစားသောကြောင့် အခြား အချက်အလက်များသည် ပဓာန မကျချေ။



www.burmeseclassic.com

www.burmeseclassic.com



ဤတွင် 'အသက်အရွယ် အရ' ဟူသော စကားကို ပြောလိုသည်။ အနီးကပ်ဆုံး ဥပမာဆိုရသော် စာရေးသူများကို ဖော်ပြလိုသည်။ စာရေးဆရာ ဆိုသူများသည် စာပေနယ်သို့ စတင်ဝင်ရောက်ကြသောအခါ အများဆုံး ကဗျာနှင့် အချစ်ဝတ္ထု စတင် ရေးကြသည်။ နောင်အခါမှ ဆောင်းပါးရေးဖို့ဖြစ်လာသည်။ အချစ်ဝတ္ထုဖြင့် အောင်မြင်မှု ဘယ်လောက်ရရ အသက်ကြီးလာသောအခါ အချစ်ဝတ္ထုသက်သက်ထက် အိမ်ထောင်မှု၊ ဘဝ၊ အတွေးအခေါ်များ ပေါင်းစပ်သော မေတ္တာဘွဲ့ ဝတ္ထုများ၊ ဘဝ ဝတ္ထုများကို ရေးလာကြသည် ဟူလို။

ထို့အတူပင် 'အချစ်'ကို ဦးစားပေးခဲ့ကြသော ငယ်ရွယ်ချိန်တွင် လက်မထပ်ဖြစ်တော့ပါက 'ချစ်တာတစ်ခုတည်းနှင့်တော့ မပြီးသေးပါဘူးရှင်' ဟု ဖြစ်လာကြတော့သည်။ 'တူနှစ်ကိုယ် တဲအိုပျက်မှာ နေရ နေရ' ဟူသောအတွေး၊ 'နှစ်ယောက်တည်းဆိုရင် နေမြင်နေချင်ရင် အခုသွား၊ ရေရှားတဲ့ သဲကန္တာရ မရှောင်တယ်' ဟူသော စိန်ခေါ်မှု၊ 'ရွှေမြင်းမိုရ် တစ်တောင်လုံး တုံးမှတ်လို့ခုန်' ဟူသော ဆင်ကန်းတောတိုး အချစ်မျိုးသည် ငယ်သူမှာသာ တွေ့နိုင်လေသည်။ ပညာတတ်လာသောအခါ၊ အလုပ်နှင့်အကိုင်နှင့် ဖြစ်လာသောအခါ၊ လူနေမှုအဆင့်အတန်း အသိုင်းအဝိုင်း မြင့်လာသောအခါ အချစ်ကို ဗဟိုပြုသော စဉ်းစားနည်းမှ လွှဲဖယ်လာတတ်ကြလေသည်။ ထိုအချိန်၌ အောင်မြင်သော အိမ်ထောင်ရေးဖြစ်ဖို့ စဉ်းစားသောအခါ 'အတူယှဉ်တွဲ နေထိုင်ခြင်း' ကိုသာ အလေးထားလာကြသည်။ ချစ်ခြင်းထက် ဘဝတွင် ယှဉ်တွဲနေထိုင်ခြင်းကို





အလေးထားလာကြသည်။ ဤသို့ စဉ်းစားကြခြင်းကြောင့် သာယာသော အိမ်ထောင်၊ ပျော်ရွှင်သော အိမ်ထောင်ထက် 'လိုက်ဖက်ညီသော' အိမ်ထောင်အဖြစ် တွေ့ကြရလေသည်။

အိမ်ထောင်မှုတွင် ငယ်စဉ်(ကျောင်းသား ကျောင်းသူ ဘဝ) သို့မဟုတ် လွတ်လပ်သော အရွယ်တွင် ရွေးချယ်သော မိမိ၏ လက်တွဲဖော်ချစ်သူသည် အပြစ်အနာအဆာရှိသော်လည်း အချစ်တိမ်သလ္လာဖြင့် ဖုံးထားခြင်းကြောင့် မတွေ့မြင်နိုင်ဘဲ ရှိတတ်သည်။ အချစ်ကို ဦးစားပေး၍ လက်ထပ်ကြသည်။ ထိုအခါ အချစ် တစ်ခုတည်းဖြင့် ဘဝကိုတည်ဆောက်နိုင်ခြင်း မရှိသည်ကို တွေ့လာကြရသည်။ ဆင်းရဲကျပ်တည်းမှု၊ လူမှုရေး အဆင်မပြေမှု စသော အကြောင်းများသည် ပျော်ရွှင်မှုကို ဖျက်ဆီးနိုင်ကြလေသည်။ အနောက်တိုင်း စကားပုံတစ်ခုတွင် 'အိမ်ရှေ့က ဆင်းရဲမှုက တံခါးခေါက်သောအခါ အချစ်က အိမ်နောက်ဘက်မှ ထွက်သွားလေသည်' ဟု ဆိုလေသည်။

ဤအဆိုက အချစ်ကိုမရှာပါနှင့်ဟု မဆိုလိုပါ။ အချစ်တစ်ခုတည်းဖြင့် မလုံလောက် ဟူသော အကြောင်းတရားကို မြင်နိုင်ရန် ဆိုခြင်းသာ ဖြစ်ပါသည်။ အချစ် မပါဘဲ အတူယှဉ်တွဲနေထိုင်ရခြင်းသည်လည်း လုံးဝပြည့်စုံမည် မဟုတ်ပေ။ အရသာ ကောင်းစွာ ချက်ပြုတ်အပ်သော်လည်း ဆား မပါသကဲ့သို့ ဖြစ်တတ်သည်ပင်။

ဘက်စုံ လိုက်ဖက်သော အိမ်ထောင်မှုဖြစ်ရန်ကား ခက်ခဲလှသည်။ သို့သော် အိမ်ထောင်မှု ဆိုသည်မှာ လူ့လောကတွင် သက်တမ်းဆုံး အတူယှဉ်တွဲနေကြရမည့် လူနှစ်ယောက်ဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် စိတ်တူကိုယ်တူ အခက်အခဲများစွာကို ဖြတ်ကျော်ရန်မှာ ဘက်ညီဖို့ အရေးကြီးလှသည်။

သုတေသနပြုချက်များမှာ ရာနှုန်းပြည့် မမှန်သော်လည်း များရာစု အဖြစ်ကား လက်ခံရမည်ဖြစ်သည်။ နိုင်ငံတကာတွင် အမျိုးသမီးများသည် လုံးဝ မှီခိုနေထိုင်သူအဖြစ်မှ ယှဉ်တွဲနေထိုင်သူ အဖြစ်သို့ စီးပွားရေးပုံစံအရ ပြောင်းလဲရောက်ရှိလာကြသည်။ ထို အခါ စဉ်းစားမှုဒ္ဓလည်း ပိုရှုပြည့်စုံလာကြသည်။ ရှုထောင့်စုံဖြင့် သုံးသပ်ပြီးမှ ဆုံးဖြတ်ချက် ချလာသည်။ ဤသည်မှာ အလုပ်ခွင်မှ ရလာသော အတွေ့အကြုံ ဖြစ်ပုံရလေသည်။

အလားတူပင် မြန်မာ အမျိုးသမီးလေးများသည်လည်း နေရာ များစွာတွင် အလုပ်အကိုင် အတွေ့အကြုံအရ ဆင်ခြင်တုံတရားဖြင့် ဆုံးဖြတ်လာကြသည်ဟု ဆိုနိုင်၏။ လောကလူ့ဘောင်ကို ထင်ဟပ် သော စာပေဒ္ဓ ဟိုအရင် လွန်ခဲ့သော အနှစ် ၄၅-၅၀ က ဝတ္ထုများ ထဲတွင် တွေ့ရသည့် ‘မိမိချစ်သော မိန်းကလေးကို မရက အရက်ဖြင့် ဘဝကို နှစ်မြှုပ်သော အချစ်နာကျခြင်း’ ကို လည်းကောင်း၊ မိမိ ချစ်သော ချစ်သူနှင့် ကွဲသွားပြီးနောက် ‘အချစ် မရှိတော့သော ကမ္ဘာတွင် ထီးတည်းကျန် မိန်းကလေး’ အဖြစ် လည်းကောင်း မတွေ့ရတော့ခြင်းသည် အချစ်သာ ပဓာနဟူသော အခြေခံမှုမှ ကင်းလွတ်လာခြင်းပင် ဖြစ်သည်။

ဘက်ညီသော စုံတွဲများအဖြစ် ပညာ၊ စီးပွား၊ လူမှု အဆင့် အတန်းကို ထည့်သွင်းစဉ်းစားလာကြသည်ဟု ဆိုသောအခါ နှစ်ဖက်





စလုံးက ဤသဘောတရားဖြင့် စိစစ်လာလျှင် နှစ်ဖက်စလုံး အပြိုင် ကြိုးစားသည်ဟုလည်း ဆိုနိုင်လေသည်။

ဤကား ကောင်းသော စဉ်းစားခြင်းပင်ဖြစ်သည်။ အလား တူပင် ယင်း သုတေသနပြုချက်ထဲတွင် မဖော်ပြသော ‘နှစ်ဦးနှစ်ဖက် ချစ်ရည်တူမှုခြင်း’ ဆိုသော အချစ်ရှိရန်မှာလည်း အမှန်တကယ်ပင် လိုအပ်နေသည်ကို တွေ့ရ ပေသည်။

ဤသည်တို့ကား ဘက်စုံညီအောင် စဉ်းစားလာသော အိမ်ထောင်ရေး စံများပေတည်း။

ဘဝဖျှဝင် 2006, July



www.burmeseclassic.com

www.burmeseclassic.com

# ကိုယ်စိတ် နှစ်ပါး ကျန်းမာ၍ ချမ်းသာကြစေ

မြန်မာ့ဓလေ့ ယဉ်ကျေးမှု အစဉ်အလာတွင် ဆုယူ ဆုတောင်းရာ၌ 'ကျန်းမာ၍ ချမ်းသာပါစေ' ဟု ဆိုစကား ရှိသည်။ ထိုစကားအရ လူတို့၏ လိုအင်ဆန္ဒတွင် ကျန်းမာခြင်းနှင့် ချမ်းသာခြင်းသည် အရေးအကြီးဆုံး ဖြစ်သည်ဟု သိနိုင်သည်။ ထိုဆန္ဒ နှစ်ခုစလုံးသည် ကျန်းမာခြင်း၌ လည်းကောင်း၊ ချမ်းသာခြင်း၌ လည်းကောင်း ကိုယ်ရော စိတ်ပါ အကျုံးဝင်လေသည်။

ထို့ကြောင့် လူ့လောက မှာတော့ တစ်ကိုယ်တည်း နေရသည် ဖြစ်စေ၊ အိမ်ထောင်ရှင်အဖြစ် နေရသည် ဖြစ်စေ ကိုယ်စိတ် ကျန်းမာ၍ ငွေကြေး ပြည့်စုံသော ဘဝသည် အလိုအပ်ဆုံးဖြစ်သည်။

ထိုပြည့်စုံလိုသော ဆန္ဒ နှစ်ခုသည် ပြီးမြောက်ဖို့မှာ မလွယ်ကူလှပေ။ တစ်ကိုယ်တည်း နေရသူထက် အိမ်ထောင်ရှင်တို့မှာ ပို၍

www.burmeseclassic.com

www.burmeseclassic.com



ခက်လှသည်။ ထို့ကြောင့်လည်း 'အိမ်ထောင်ရေးကံ' ဟူသော အဆို ပေါ်လာရခြင်း ဖြစ်လေသည်။ မကြာမီက ဖတ်လိုက်ရသော ဆောင်းပါးတစ်ပုဒ်တွင် -

'ကျန်းမာခြင်းနှင့် လူမှုဆက်ဆံရေး အပြုအမူများ ဂျာနယ် Journal of Health and Social Behaviour ၌ အမေရိကန် ပြည်ထောင်စု တက္ကဆတ် အော်စတင် တက္ကသိုလ် လူမှုရေး ဌာနမှူး ဒေါက်တာ ဒီဘရာ အမ်ဘာဆင်နှင့် အဖွဲ့က မကြာမီက ပြုလုပ်ခဲ့သော သုတေသနပြုချက်များကို ဤသို့ဖော်ပြခဲ့သည်။

'အိမ်ထောင်ရေး ဒုက္ခနှင့် ကြုံရသော ဇနီးမောင်နှံတို့သည် ကျန်းမာရေးကို ထိခိုက် ကျဆင်းစေကြောင်း၊ မိမိတို့၏ အိမ်ထောင်ဖက်အပေါ် ကျေနပ်ခြင်းမရှိသော သူတို့တွင် နှလုံးရောဂါ ဖြစ်ပွားမှု မြင့်မားနေသည်ကို တွေ့ရကြောင်း၊ အိမ်ထောင်မှု အဆင်မပြေခြင်းသည် အသက်ကြီးရင့်သူတို့၏ ကျန်းမာရေးကို ပျက်စီးစေကြောင်းဖြင့် ဖော်ပြလိုက်သည်။

'အိမ်ထောင်မှု သောက ရောက်ရခြင်းမှာလည်း အကြောင်းများစွာ ရှိကြောင်း၊ ဆေးလိပ်သောက်ခြင်းကဲ့သို့ ကိစ္စမျိုးလည်း ပါဝင်ကြောင်း၊ နာတာရှည် ရောဂါကဲ့သို့ ဖြစ်နေသော စိတ်ဖိစီးမှုသည်လည်း ကျန်းမာရေးကို ထိခိုက်စေကြောင်း ဖော်ပြသည်။

'အမ်ဘာဆင်နှင့် အဖွဲ့သည် ၁၉၈၆ ခုနှစ်မှ စပြီး စုံတွဲတစ်ထောင်ကျော်ကို သုတေသန ပြုခဲ့သည်။ ပါဝင် ဖြေဆိုသူများက အိမ်ထောင်မှု အခြေအနေ အရပ်ရပ်ကို ဖြေကြားခဲ့ရာ အချို့က ၎င်းတို့၏ ခင်ပွန်း/ ဇနီးတို့က ချစ်ခင်မှု ဂရုစိုက် အလေးထားမှုကို



အပြန်အလှန် ပေးခဲ့သကဲ့သို့ အချို့ကလည်း မကြာခဏ သဘောထားချင်း မတိုက်ဆိုင်မှုနှင့် ခိုက်ရန်ဖြစ်ပွားမှုတို့ကိုပါ ပြောကြားခဲ့သည်။'

ဤအဆိုအရ လင်နှင့်မယား ချစ်ခင်ခြင်း၊ နားလည်မှုရှိခြင်းတို့သည် စိတ်ကျန်းမာ ပျော်ရွှင်မှုကို တိုးပွားစေသော်လည်း မကြာခဏ စိတ်အခန့်မသင့်ခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်းတို့သည် စိတ်သောကကို ဖြစ်ပွားစေသည်။ နှလုံးရောဂါ၏အခြေခံမှာ စိတ်ကြောင့် ရရှိလာခြင်းဖြစ်ရာ မိမိ အိမ်ထောင်ဖက်နှင့် အဆင်မပြေသောသူတို့သည် နှလုံးရောဂါဖြစ်ဖို့ ပိုမို အကြောင်းများလှ ပေသည်။

အကြောင်းသင့်သဖြင့် နှလုံးရောဂါအကြောင်း အနည်းငယ် ဆိုပါရစေ။ နှလုံးရောဂါဟု အများသိကြသော ရောဂါသည် လူ့နှလုံးသားကို ထိခိုက်ဒဏ်ရာ ရရှိခြင်းမဟုတ်ဘဲ လူတို့၏ စိတ်ခံစားမှုမှ ပေါက်ဖွားလာသော ရောဂါဖြစ်သည်။ နှလုံးရောဂါ ဖြစ်ပွားနိုင်သော အချက်မှာ ခြောက်ချက်ရှိသည်။ အထူးသဖြင့် ပိမိခြင်း stress ကြောင့် ဖြစ်ပွားရခြင်းမှာ ကိုယ်အား၊ စိတ်အား အကျပ်အတည်း တွေ့ကြုံမှုဒဏ်ကြောင့်ပင် ဖြစ်သည်။ ကြည်နူးခြင်း၊ ဒေါသဖြစ်ခြင်း ဟူသော အာရုံနှင့် အာရမ္မဏ်တို့ တိုက်ဆိုင်ဖြစ်ပွားလာမှုသည် နှလုံး၏ လုပ်ငန်းစဉ် function ကို ပြောင်းလဲစေနိုင်သည်ဟု ဆေးပညာက ဆို၏။ ထို့ကြောင့် လူတို့သည် ခံစားရသော အထိမ်းအမှတ်အဖြစ် ရင်ဘတ်ကို လက်ဖဝါးဖြင့် ဖိကပ်၍ ထားရခြင်း အပြုအမူသည် နှလုံး၏ အလုပ်ပေတည်း။

www.burmeseclassic.com

www.burmeseclassic.com



နှလုံးရောဂါ ဖြစ်ရခြင်းသည် မကျေနပ်ခြင်း၊ ဖိစီးခြင်းစသော ဒဏ်များကြောင့်ဟု အထက်တွင် ဆိုခဲ့ရာ မိမိ၏ အိမ်ထောင်ဖက်အပေါ် မကျေနပ်ခြင်း၊ တစ်ယောက်နှင့်တစ်ယောက် မကြာခဏ အခန့်မသင့် ဖြစ်ခြင်း၊ တင်းကျပ်စွာ ခံစားရခြင်း စသည်တို့ကြောင့် အထိအခိုက် ခံရဖန်များသော ခင်ပွန်း/ ဇနီးတွင် နှလုံးရောဂါ စတင်စွဲကပ်လာရပေသည်။ The Delfland Institute of Mental Health ကလည်း လူ ၅၀၀ ကျော်ကို သုတေသနပြု၍ ဆန်းစစ်ရာ 'အကောင်းမြင်' သူတို့သည် နှလုံးရောဂါ သို့မဟုတ် လေဖြတ်ခြင်း နည်းပါးသည်ဟု ထုတ်ပြန်ခဲ့၏။

အိမ်ထောင်မှုနှင့် ပတ်သက်၍ အပျိုစင် မဂ္ဂဇင်းတွင် အကြောင်းအရာများစွာကို ရှုထောင့်စုံမှ စာတွေ့ ကိုယ်တွေ့များကို ရေးသားခဲ့သည်မှာ အတန်ကြာခဲ့ပါပြီ။

တကယ်တော့မူ ထိုရေးသားချက်များမှာ 'သိ အို ရီ' သဘောမျှသာ ဖြစ်ပါသည်။ လက်တွေ့ထိုးသော ပမာ ဆိုရသော် နည်းစနစ်များ မည်မျှပင် ဖတ်ဖတ်၊ တွဲဖက် လေ့ကျင့်ဖက်များနှင့် မည်မျှပင် လေ့ကျင့် လေ့ကျင့်၊ ကြိုးဝိုင်းထဲသို့ တကယ်ဝင်ရောက်ရသောအခါ မိမိနှင့် ယှဉ်ပြိုင်ဘက်သည် စာထဲက အတိုင်း၊ လေ့ကျင့်ထားသည့်အတိုင်း ဖြစ်မလာဘဲ သူ့မူ သူ့ဟန် သူ့ပညာနှင့် ဆိုရလောက်အောင် မမျှော်မှန်းနိုင်သော အခြေအနေ ဖြစ်ပေါ်နေတတ်ပေသည်။ ထိုအခါ မိမိ၏ ပညာ၊ ပါးရည်နပ်ရည်နှင့် ကုသိုလ်ကံ၊ အခွင့်အခါပေးမှုသာ အဓိက ဖြစ်ကြောင်း၊ ကမ္ဘာကျော် လက်ဝှေ့ပွဲကြီးများက သက်သေခံနေပေသည်။ အိမ်ထောင်ဘဝသည်လည်း လက်ဝှေ့



ကြိုးဝိုင်းပါပေ။

အိမ်ထောင်မှု၌လည်း မိမိ တွက်ဆ မျှော်မှန်းသကဲ့သို့ မိမိအိမ်ထောင်ဖက်ကို မှန်းထားချက် ရာနှုန်းပြည့် မရနိုင်ပေ။ အတူနေထိုင်ကြည့်မှသာ စိတ်သဘောထား၊ စရိုက်၊ အလေ့အကျင့်တို့ကို သိလာနိုင်သည်။ သမီးရည်းစားသဘာဝ ဆက်ဆံမှုအတိုင်း အိမ်ထောင်သည်ဘဝ၌ ဆက်ဆံမှု ဖြစ်လာလိမ့်မည် မဟုတ်ပေ။ ထို့ကြောင့် မျှော်လင့်ထားသလို ဖြစ်မလာသောအခါ 'မှန်းချက်နှင့် နှမ်းထွက်' မကိုက်သောကြောင့် စိတ်ညစ်ရမည်ဆိုပါက အိမ်ထောင်သည် အတော်များများမှာ စိတ်ကျန်းမာရေး ဆေးရုံက ဆင်းရလိမ့်မည် မဟုတ်ချေ။ သင့်တင့် လျောက်ပတ်သော နှလုံးသွင်းမှုနှင့် နားလည် ခွင့်လွှတ်သောစိတ်ကို မွေးမြူထားမှသာ ချောမွေ့သော အိမ်ထောင်မှု ဖြစ်ပေလိမ့်မည်။ အလိုမကျတိုင်း နှလုံးကို အထိအခိုက်ခံမည် ဆိုပါက အထက်တွင်ဆိုခဲ့သော နှလုံးရောဂါသည်များ ဖြစ်လာပေလိမ့်မည်။

မြန်မာ အိမ်ထောင်မှုသည် အနောက်တိုင်းကဲ့သို့ မိမိဆန္ဒကို ရှေ့တန်းမတင်ဘဲ မျှတအောင် ကြည့်တတ်ခြင်း၊ လူမှုအသိုင်းအဝိုင်းကို နားလည်ခြင်းနှင့် မိသားစုအတွက် ပေးဆပ်တတ်ခြင်းတို့ကြောင့် လင်ကွာ မယားကွာ နည်းပြီး နှလုံးရောဂါဖြစ်ပွားမှုလည်း နည်းပေသည်။ (အနောက်တိုင်း အိမ်ထောင်မှုမှာ Time, Newsweek တို့တွင်ပါသော မစ္စက်... သုံးကြိမ်မြောက်၊ မစ္စတာ... သုံးကြိမ်မြောက် လက်ထပ်ခြင်းမျိုး ရှားလှပေသည်။ နာမည်ကျော် ရုပ်ရှင် မင်းသမီးကြီး တစ်ဦးမှာ ရှစ်ကြိမ်အထိပင် လက်ထပ်ခဲ့သည်။)

www.burmeseclassic.com

www.burmeseclassic.com



မြန်မာ အိမ်ထောင်မှုတွင် ကျား မ အိပ်ဆေးသောက်၍ မိမိကိုယ်မိမိ လုပ်ကြံခြင်းမှာလည်းနည်းလှသည်။ မတတ်သာလွန်းမှသာ ကွဲကြရခြင်းဖြစ်သည်။ သည်းခံမှုနှင့် ခလေ့ စရိုက် ယဉ်ကျေးမှုကို ဂရုထားခြင်းကြောင့် အကွဲအကွာ နည်းပါးသည်။ ဤသည်ပင် အရှေ့နှင့်အနောက် ကွာဟချက် ဖြစ်သည်။

ကျန်းမာ၍ ချမ်းသာသော အိမ်ထောင်မှုတစ်ခု ဖြစ်ရန်မှာ မိမိတို့၏ ကြိုးစားတည်ဆောက်မှု လိုအပ်သကဲ့သို့ အထက်တွင် ဆိုခဲ့သော 'ကံ' အကြောင်းမှာလည်း အရေးပါလှ၏။ (ကံနှင့် အိမ်ထောင်အကြောင်း ဆောင်းပါးနှစ်ပုဒ်မျှရေးခဲ့ပြီးဖြစ်၍ ထပ်မဆိုတော့ပါ။)

ကိုယ်စိတ် နှစ်ပါးစလုံး ကျန်းမာခြင်း၊ ကိုယ်စိတ် နှစ်ပါးစလုံး ချမ်းသာခြင်းကို လူတိုင်း တောင့်တသော်လည်း လူတိုင်းမပြည့်နိုင်ကြပါ။ မိမိအတွက် တကယ်ရလာနိုင်သော အတိုင်းအတာကိုသာ နားလည် လက်ခံမည်ဆိုပါက အနည်းဆုံး စိတ်ချမ်းသာမှုရ၍ နှလုံးရောဂါ ဖြစ်ဖွယ် မရှိတော့ပါကြောင်း။

သပြေဝင် 2006, August

BURMESE CLASSIC .com

## အိမ်ထောင့်ဝန်ကို ထမ်းနေရတဲ့သမီး

"အိမ်ထောင်အတွက် ပစ္စည်းတွေကလည်း အမြဲတမ်း လိုနေတာပဲ၊ ဝယ်လို့ဖြင့် မဆုံးနိုင်ဘူး။ ဒီကြားထဲ ကုန်ဈေးနှုန်းကလည်း တစ်ပတ်နဲ့ တစ်ပတ် တက်တက်နေတာမို့ ဈေးသွားရမှာ စိတ်ညစ်လာတယ်" ဟု အိမ်ထောင်သက် နှစ်ပိုင်းပင် မရှိသေးသော သမီးက ဆိုပါသည်။ ကျွန်တော့်သမီးကဲ့သို့ အသက်ကလည်းငယ်သေး၊ အိမ်ထောင်ပြုတာကလည်း မကြာလှသေးသော လက်ထပ်ပြီးစ အိမ်ထောင်သည်ဘဝ အခက်အခဲကို ကျွန်တော် ကောင်းစွာ စာနာမိပါသည်။

၁၉၇၄ ခုနှစ်က အိမ်ထောင်ပြုခဲ့သော ကျွန်တော်တို့ ဇနီးမောင်နှံ၏ ထိုစဉ်က အိမ်ထောင် တည်ဆောက်ခဲ့ရပုံကို သမီးအား ပြောပြခဲ့ရပါသည်။ ကျွန်တော်တို့ မင်္ဂလာဆောင်စဉ်ကာလက သမီးတို့လိုပင် မိမိဘာသာမိမိ အိမ်ထောင်ဦးဘဝ တည်ဆောက်ခဲ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ငှားခမှာ ယနေ့ခေတ်ကဲ့သို့ တိုက်ခန်းများ မရှိလှသေးပါ။ အိမ်ခန်းများသာ ဖြစ်သည်။ ၄ ပင် ၃ခန်း သို့မဟုတ် ၃ ပင် ၂ ခန်း အိမ်များ ဖြစ်ကြသည်။ အိမ်ရှင်နှင့် တွဲဖက်၍ တစ်ခန်းစာ နေရခြင်းပင် ဖြစ်ကြသည်။ စပေါ် ၅,၀၀၀ိ အိမ်လခ ၁၀၀ိ ဆိုလျှင် အတော် ကောင်းလှပါသည်။

ကျွန်တော်၏ ဝင်ငွေမှာ ၃၂၀ိ သာဖြစ်၍ ဇနီးသည်က ၁၈၀ိ ရပါသည်။ ထိုစဉ်က ကုန်ဈေးနှုန်းမှာ ကျွန်တော်၏ စာရင်းဟောင်းများအရ (လမ်းစဉ်ပါတီခေတ်) ဆန်တစ်ပြည် ၇၀ ပြား၊ ဆီတစ်ပိဿာ ၄ ကျပ်၊ ကုလားပဲတစ်ပိဿာ ၄ကျပ်၊ ပဲနီလေးတစ်ပိဿာ ၁၀ ကျပ်၊ ကြက်ဥ ဘဲဥ တစ်လုံး ပြား၂၀၊ ငါးသလောက် တစ်ပိဿာ ၄ ကျပ် ၅ ကျပ်၊ ကြက်သွန်နီတစ်ပိဿာ ၁ ကျပ်ခွဲ၊ ပေါင်မုန့်တစ်လုံး ၅၀ ပြား လောက် ဖြစ်၏။ ဝင်ငွေ ၅၀၀ ကျပ်ဖြင့် ကုန်ကျစရိတ် အားလုံး လောက်အောင် ချွေတာသုံးစွဲရပါသည်။ ဘတ်စကားမှာ ၅ ပြား ၁၀ ပြား၊ ပြား ၂၀ အများဆုံးဖြစ်သည်။ အရေးအကြီးဆုံး ပဲပြုတ်မှာ တစ်ဆယ်သား ၄၀ ပြားခန့်သာ ဖြစ်ပါသည်။ လက်ဖက်ရည်၊ ကော်ဖီတစ်ခွက် ၂၀-၂၅ ပြား၊ စမူဆာ ၁၀ ပြားသာ ဖြစ်ပါသည်။ စာအုပ်ဈေးနှုန်းမှာ မဂ္ဂဇင်း ၂ ကျပ်၊ လုံးချင်းဝတ္ထု ၂ ကျပ် ၃ ကျပ်၊ (ပုဂံအထူးထုတ် စာအုပ်အထူကြီးများသာ ၃ ကျပ် ၄ ကျပ် ဖြစ်၏)

"အိမ်ထောင်ဆိုတာ ရတဲ့ငွေနဲ့လောက်အောင် ချွေတာ သုံးစွဲရတာပဲ။ လိုတာကတော့ ရှိနေမှာပါပဲ။ ဒီ လိုအပ်တဲ့ အထဲကမှ မရှိမဖြစ်အဆင့်နဲ့ ထားလို့ရ နေလို့ရတဲ့အဆင့် ဆိုပြီး ခွဲပြီး ဦးစားပေးအဆင့်လိုက် ဝယ်ရတာပေါ့။ ကုန်ဈေးနှုန်းကတော့ မိမိ တစ်ယောက်တည်းအတွက်မဟုတ်ပဲ တစ်ပြည်လုံး အတိုင်းအတာ



နဲ့မို့ ငြီးငြူနေရုံ သက်သက်ဖြင့်တော့ ကုန်ဈေးနှုန်း ကျသွားမှာ မဟုတ်ပါဘူး။ ဒီရေလှိုင်းကို ခံနိုင်အောင် ဝင်ငွေပိုရအောင်ရှာ၊ စနစ်တကျသုံးမှ နေထိုင်နိုင်ရုံ ဖြစ်ပါလိမ့်မယ် သမီးရေ" ဟု ကျွန်တော်က ဆို၏။ သမီးက-

"အိမ်မှာလိုတာ တန်းစီနေရတာမို့ ၁-၂-၃ က အားလုံး တန်းစီနေတာပဲ။ တစ်ခါမှ ၄-၅-၆ အဆင့် မရှိဘူး"

သမီးက ဆိုလာပါ၏။

"သမီးတို့က မနက်ဆို ပဲပြုတ်ထမင်းပဲစားတာပါ။ မုန့်ဟင်းခါးက အကြော်မပါ တစ်ယောက် ၁၅၀ မှ ၃၀၀ ကုန်မယ့်အစား ၁၅၀ လောက်နဲ့ ပြီးအောင် ချွေတာပါတယ်။ ကော်ဖီကိုတောင် ဆိုင်မှာ သောက်ရင် ၂၀၀-၃၀၀ိ ကျမှာမို့ ၂ ထုပ် ၁၅၀ိ တန်ပဲ သောက်ပါတယ်။ ထမင်းဟင်းလဲ ချွေတာပါပဲ။ ဟင်းကတော့ တွက်ချေကိုက်တဲ့ ဝက်သားက တစ်ပတ်မှာ နှစ်ရက်လောက် ချက်တာ၊ ကျန်တဲ့ရက် ဈေးသက်သာတဲ့ ငါးပဲ ဝယ်ရတယ်။ ငါးဖယ်က ခြစ်ပြီး တစ်ဆယ်သား ၆၀၀ိ မို့ ငါးမြစ်ခြင်းခြစ် ၃၀၀ိ ပဲ ဝယ်ရတယ်။ ကြက်က ၃၅၀-၄၀၀ (တစ်ဆယ်သားဈေး) မို့ တစ်ပတ်တစ်ရက်ပဲ"

သူတို့ စနစ်တကျ သုံးစွဲကြောင်း ရှင်းပြပါသည်။

မိန်းကလေးပီပီ အဝတ်အစား အကြောင်းလည်း ပြောပါသေးသည်။

ပိတ်စဝယ်ချုပ်ရင် ပိတ်စထက် ချုပ်ခကဈေးကြီး ဆိုတာပါပဲ။ တရုတ်ပိတ်က တစ်ကိုက် ၆၀၀ိ-၇၀၀ိရယ်၊ စက်ချုပ်ခက တစ်ထည် ၁၀၀၀-၁၂၀၀ိ။ ထမီတစ်ထည် ၈၀၀-၁၀၀၀။ စက်ချုပ်ခ ပေးနေရတာမို့ ready made ပဲ ဝယ်ဝတ်နေရတယ်။ တရုတ်ကသာတဲ့

www.burmeseclassic.com

www.burmeseclassic.com



ready made ဝတ်နိုင်ရုံ အသင့်စား ၁၅၀၀-၂၀၀၀ဝ။ T. shirt က ၁၅၀၀-၂၀၀၀။ အများဆုံး ၃၀၀၀ဝ ပါပဲ။

သမီးက ပြော၏။

"နေ့ခင်းနေ့လယ် Coffee-mix တစ်ထုပ်၊ ပေါင်မုန့်တစ်ချပ် လောက်ပဲ။ နန်းကြီးသုတ် ၃၀၀-၃၅၀။ ဆီချက် ၃၅၀ မို့ မစားပဲ instant nodle ထုပ် တစ်ထုပ် ၁၅၀ ကိုပဲ ရေနွေးနဲ့ ဖောက်သောက် နေတာပဲလေ။ ဒီ့ထက်တော့ ဘယ်လို ချွေတာမလဲ။ ဆံပင်တောင် ညှပ်ခမကုန်အောင် အရှည်ထားပြီး သွားသွားလာလာ ပွဲနေပွဲထိုင် ရှိမှ ဆိုင်မှာ သ,ရုံသ,ရတာပါ။ ညှပ်ခက ၈၀၀ ကျပ်၊ ဆံပင် ကောက်ခက ဒီခေတ်မှာ ဘယ်ဈေးလဲ ၃၀၀၀ဝ။ ပြန်ပြီး ဆံပင် ဖြောင့်ရင် ကျပ် ၁၅၀၀၀ ယူတယ်"

သမီးပြောသော ဈေးနှုန်းများမှာ ကြားရရုံဖြင့် မသက်မသာ ရှိလှစေပါ၏။ သို့သော် စားဝတ်နေရေးအတွက်မှာ အဖြုန်းမဖြစ်လျှင် အသုံးဖြင့်တော့ သုံးစွဲရပါလိမ့်မည်။ ပေါ်ဦးပေါ်ဖျား တည်င်းသီး တစ်လုံး ၂၀ဝ-၂၅ဝ အစား နောက်ရက် အနည်းငယ်အတွင်း တစ်လုံး ၁၀ဝ ဖြစ်လာလျှင် စားပျော်သည် မဟုတ်ပါလော။

ဥပမာ- ခရမ်းချဉ်သီး ယခင်ရက်များက ပေါလှ၏။ ငွေ ၁၀၀ဝ ဖိုး ၃၀ သား ရ၏။ ယခုရက်မှာ ၁၀၀ ကျပ်ဖိုး ၁၅ ကျပ်သား ရတော့၏။ ထက်ဝက်ကွာသွားလေပြီ။ ငွေ ၁၀၀ဝ ကို ခရမ်းချဉ်သီး ၄ လုံးလောက်သာ ရသဖြင့် ခရမ်းချဉ်သီးပင်လျှင် တစ်လုံး ၂၅ဝ ကျချေပြီ။ ဤဖြင့် ချွေတာပြီး မန်ကျည်းသီးဖြင့် ကူညီရပေလိမ့်မည်။ အိမ်ထောင်ရှင်တို့၏ ချွေတာမှုဖြင့်သာ ဝင်ငွေဖြင့် ရပ်တည်နိုင်ပေလိမ့်မည်။ 'စီးတဲ့ရေ - ဆည်တဲ့ ကန်သင်း' ဟု ဆိုစကားရှိသည်။



သမီးတို့ အိမ်ထောင်တည်စမို့ အမြဲတမ်း ဖြည့်တင်းနေရသည်ကို သိပါ၏။ အိုးခွက်ပန်းကန်က အိမ်မှာ သင့်ရုံ ဝင်ထားရုံဖြင့် ရသေးသည်။ အိမ်သာ၍ ညည့်လာလျှင် အသင့်အတင့် ဝယ်ထားရုံဖြင့် မလောက်ပါ။ တစ်ပတ်စာမှာ နှစ်ရက်ဖြင့် ကုန်သွားတတ်၏။ ထိုအခါ အိမ်ထောင်ရှင်မ မျက်လုံးပြူးရလေပြီ။ အိမ်ထောင်ကိစ္စမှာ အမျိုးသားထက် အမျိုးသမီးက ခေါင်းခံရတယ်။ စာဆိုက ရှိ၏။ 'အိမ်ထောင်ရှင်မ' တဲ့။

"သမီးတို့က အိမ်ထောင်သက်နုသေးတော့ သားသမီး မရှိသေးလို့။ သမီး ၂ ယောက် ၃ ယောက်ရှိတဲ့ အိမ်ထောင်တွေဆို ငြီးငြူနေကြရတယ်။ ကျောင်းလခ၊ စာအုပ်ဖိုး၊ ကားခ ပုံမှန်ပေးဖို့တောင် မနည်းရုန်းကန်နေကြရတာ"

သမီးက နှစ်ယောက် တစ်အိမ်ထောင်ပင် ချွေတာ ရုန်းကန်နေရပုံဖြင့် စာနာစွာ ပြော၏။ သမီးကြီးသည် မူကြို ၁၊ အမက ၃ ဗဟန်းနှင့် ပညာရေး တက္ကသိုလ် လေ့ကျင့်ရေးကျောင်းတို့တွင် နေလာရသဖြင့် ကံကောင်းသူ ဖြစ်သည်ဟု ဆိုနိုင်ပါ၏။ မှတ်မှတ်ရရ ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်းထားစဉ်က ကျောင်းဝင်ခွင့် ပုံစံဖိုးသာ ကုန်ခဲ့ပါသည်။ ကျောင်းအုပ်ကြီးမှာ ဒေါ်တင်တင်အေး (ကွယ်လွန်) ဖြစ်ပါသည်။

အလားတူပင် မူကြို ၁ တွင်လည်း စေတနာရှေ့ထား လက်ခံသော ထိုစဉ်က ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီမြင့်၏ ကျေးဇူးကို သတိရမိပါ၏။ ထို့ကြောင့် သမီးက-

"သမီးတို့တုန်းက ဆရာမကြီးတွေကို အခုထက်ထိ ကျေးဇူးတင်နေရတယ်။ သမီးတို့ရဲ့ သားသမီးတွေကျရင်လဲ ဒီလိုဆရာမကြီး

www.burmeseclassic.com



များနဲ့ပဲ ကြုံရပါစေလို့ ဆုတောင်းနေရတယ်" ဟု ဆိုလေသည်။ ပွဲပန်တတ်လေပြီ။

အိမ်ထောင့်တာဝန်များကို နားလည်စ ပြုလာပြီဖြစ်သော သမီးကြီးသည် သူတို့ငယ်စဉ်က စိတ်လက်ချမ်းသာစွာ ကျောင်းတက်နိုင်ခဲ့သောအချိန်ကို သတိရစွာ ပြန်လည် ပြောဆိုနေလေသည်။ မိဘကျေးဇူးကိုလည်း သတိတရ ဆိုလေသည်။ သားသမီးတို့သည် အိမ်ထောင်ခွဲထွက်မှ မိဘ၏အရိပ် အေးမြသည်ကို နားလည်ကြ၏။ ကိုယ်တိုင် သားသမီးရမှ မိဘ၏ မေတ္တာကို သိတတ်လာကြ၏။ သဘာဝပေကိုး။

ခေတ်ဆိုသည်မှာ စီးဆင်းနေသော ရေအလျဉ်ပင်။ တာဝန်ဆိုသည်မှာလည်း လက်ဆင့်ကမ်းနေကြရသော အလံတစ်ခုပင်။ ကျွန်တော်တို့ခေတ်မှ ခေတ်ပြောင်းသွားသော တာဝန်ကို သမီးတို့က ခံယူပြီး ဆက်လက် သယ်ပိုးနေရသည်။ အိမ်ထောင့် တာဝန်ကို ထမ်းနေရသော သမီးသည် အိမ်ထောင်မှု ဆိုသည်ကို နားလည်စ ပြုလာပေပြီ။

ကျွန်တော်သည် သမီးအား ဆုတောင်းပေးပါ၏။

အိမ်ထောင့်ဝန်ကို ထမ်းနေရသော သမီးသည် ကောင်းစွာ ရွက်ဆောင်နိုင်ပါစေ။

ဝန်နှင့်အား လေးနှင့်မြား မျှတပါစေ။

တာဝန်ကျေနိုင်၍ တာဝန်မပိပါစေနှင့်ဟု ဆုတောင်းမေတ္တာဖြင့် သမီးတို့အား မေတ္တာစိတ်ဖြင့်ရည်၍ ဤစာကို ရေးရပါသည်။

*

မောင်ကောင်းမြင့်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# အပျိုစင် ချစ်သမီး သို့

မောင်ကောင်းမြင့်



BURMESE CLASSIC .com

ပထမအကြိမ်

www.burmeseclassic.com